# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလပြည့် ၊ တနင်္ဂနွေနေ့ ၊ (2-7-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၆၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါကဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရိုးရိုးယဉ်ယဉ် မြန်မာ့အသွင်၊ ရောင်စုံခြယ်သ မြန်မာအမျိုးသမီးများအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲသို့ တက်ရောက်အားပေး

စာမျက်နှာ - ၁၆

## ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါးလျာထားဧက ၁၁၄၅၀၀၀ တွင် မြို့နယ်ပေါင်း ၁၈ မြို့နယ်၌ သုံးခွမြို့နယ်အတွင်း မိုးစပါးအများဆုံးစိုက်ပျိုး



**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါးအထွက်နှုန်းတိုးတက်ရေးကို ရည်မှန်းဆောင်ရွက်လျက်ရှိရာ မိုးစပါးလျာထားဧက ၁၁၄၅၀၀၀ တွင် မြို့နယ်ပေါင်း ၁၈ မြို့နယ်၌ သုံးခွမြို့နယ်အတွင်း မိုးစပါး ၁၅၃၈၂၂ ဧကဖြင့် တိုင်းဒေသကြီးအတွင်း မိုးစပါးဧကအများဆုံးစိုက်ပျိုးသော မြို့နယ်တစ်ခုဖြစ်ကြောင်း သိရသည်။

မိုးစပါးကို တိုက်ကြီးမြို့နယ်၌ ၁၂၅၃၆၇ ဧက၊ခရမ်းမြို့နယ်၌ ၁၁၀၆၄၂ ဧကဖြင့်တိုင်းဒေသကြီးအတွင်း ဒုတိယနှင့် တတိယဧကအများဆုံး မြို့နယ်များအဖြစ် စိုက်ပျိုးထားပြီး ဒဂုံမြို့သစ်မြို့နယ်တွင် ၁၀၄၈၃ ဧက၊ သန်လျင်မြို့နယ်တွင် ၅၉၄၃၁ ဧက၊ ကျောက်တန်းမြို့နယ်တွင် ၁၀၇၉၈၅ ဧကနှင့် ကျောက်တန်းမြို့နယ်ခွဲဖြစ်သည့် တံတားမြို့နယ်ခွဲ၌ ၅၀၀၈၅ ဧက၊ ခရမ်းမြို့နယ်၌ ၁၁၀၆၄၂ ဧက၊ တွံတေးမြို့နယ်၌ ၈၂၂၅၅ ဧက၊ ကော့မှူးမြို့နယ်၌ ၈၈၀၉၉ ဧက၊ကွမ်းခြံကုန်းမြို့နယ်၌ ၁၀၂၃၈၃ ဧက၊ဒလမြို့နယ်၌ ၄၆၈၁၇ ဧက၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ၄၅ ဧက၊ တိုက်ကြီးမြို့နယ်၌ ၁၂၅၃၆၇ ဧက၊မှော်ဘီမြို့နယ်၌ ၃၈၀၈၄ ဧက၊ ထန်းတပင်မြို့နယ် ၌ ၈၅၀၈၂ ဧက၊ **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

## ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

စာမျက်နှာ - ၂၂

## ယခုနှစ်ဇူလိုင်လတွင် အပြည်ပြည်ဆိုင်ရာကုန်သေတ္တာတင်သင်္ဘောလိုင်း ၁၃ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘော ၅၃ စီး ဝင်ရောက်ဆိုက်ကပ်နိုင်ရေးလျာထားဆောင်ရွက်နေ

စာမျက်နှာ - ၅




ရတနာပုံ
၂၀၁၃ ခုနှစ် ဇူလိုင် ၂ ရက်
အယ်ဒီတာ့အာဘော်

# ဝါဆိုရည်မှန်း မြတ်သင်္ကန်း လှူဒါန်းမြဲလျှင်

ဗုဒ္ဓဘုရားရှင် သာသနာတော်ရှိ ရဟန်းအပေါင်းတို့သည် ဝါတွင်းကာလပတ်လုံး မိမိတို့၏ ကျောင်းအာရမ်အတွင်းမှ အရပ်တစ်ပါးသို့ ရွှေ့ပြောင်းသွားလာမှုမပြုခြင်းဟူသော ဘုရားရှင်၏ ဆုံးမဩဝါဒအတိုင်း လိုက်နာကျင့်ကြံကာ ပရိယတ္တိ၊ ပဋိပတ္တိအလုပ်တို့ကို ကြိုးပမ်းအားထုတ်တော်မူကြကာ ဝါဆိုဝါကပ်တော်မူကြသည်။

ထိုသို့ ရဟန်းသံဃာတော်များ ဝါတွင်းကာလ တရားဘာဝနာများ ပွားများအားထုတ်လျက်ရှိစဉ် လူပုဂ္ဂိုလ်များကလည်း တရားနာယူဥပုသ်သီလဆောက်တည်ကြခြင်း၊ လှူဖွယ်အစုစုတို့ဖြင့် ဆက်ကပ်ကုသိုလ်ယူကြခြင်းတို့ကို ကြိုးကုတ်လုပ်ဆောင်ကြလေ့ရှိသည့်အပြင် သီလသမာဓိတို့နှင့် ပြည့်စုံနေသော ရဟန်းတော်တို့ကို ကြည်ညိုသဒ္ဓါမှုများ ဖြစ်ပေါ်ကြသည့်အလျောက် ဝါဆိုပန်း၊ ဝါဆိုဖယောင်းတိုင်၊ ဝါဆိုသင်္ကန်းများကပ်လှူလေ့ရှိကြသည်။ ဝါဆိုလဆန်းမှစ၍ ဝါဆိုလပြည့်ကာလအတွင်း ဝါဆိုသင်္ကန်းပူဇော်လှူဒါန်းမှုအများဆုံးဖြစ်သည်။ အလှူရှင်များက အရက်ဆွမ်း၊ နေ့ဆွမ်းပင့်ကပ်ကြခြင်းနှင့်အတူ ဝါဆိုသင်္ကန်းများကို မိမိတို့တတ်စွမ်းသရွေ့ ရဟန်းတော်များအား လှူဒါန်းကြလေ့ရှိသည်။ ဝါတွင်းကာလတွင်သာ လှူဒါန်းကြရသည့် ဒါနတစ်မျိုးဖြစ်သည့်အတွက် ဗုဒ္ဓဘာသာဝင်တို့က ဝါဆိုသင်္ကန်းကပ်လှူခြင်းကို ကာလဒါနတစ်ခုအဖြစ် အလေးအနက်ထား ကုသိုလ်ပြုကြသည်။

ဝါဆိုသင်္ကန်းကပ်လှူခြင်းသည် သရဏဂုံသုံးပါးဆောက်တည်ခြင်း၊ ငါးပါးသီလဆောက်တည်ခြင်း၊ စာရေးတံမဲလှူဒါန်းခြင်း၊ အစိတ္တကာဆွမ်းဝတ်မပြတ်လှူဒါန်းခြင်း၊ ရေတွင်း၊ ရေကန်များလှူဒါန်းခြင်း၊ အရိပ်အာဝါသလှူဒါန်းခြင်း (ကျောင်းဆောက်လှူဒါန်းခြင်း)တို့နည်းတူ အပါယ်တံခါးပိတ်စေသော ကုသိုလ်တစ်မျိုးပင်ဖြစ်သည်။

ဝါဆိုသင်္ကန်းကို ရဟန်းတော်တို့အား ကပ်လှူခြင်းအားဖြင့် ဘဝသံသရာကျင်လည်နေသမျှကာလပတ်လုံး အဝတ်အထည်အတွက် စိုးရိမ်ကြောင့်ကြရမှုကင်းခြင်း၊ ရုပ်အဆင်းအင်္ဂါ ရွှေရောင်အဆင်းလှပတင့်တယ်ခြင်း၊ ခန္ဓာကိုယ်အရောင်အဝါထွန်းလင်းခြင်း၊ အသားအရေနူးညံ့ချောမွေ့ခြင်း၊ ခန္ဓာကိုယ်တွင် အညစ်အကြေးတို့ကင်းစင်ခြင်း၊ အလိုရှိပါက တောင်းတရုံမျှဖြင့် အဝတ်အထည်ရရှိခြင်း၊ သံသရာ၌ ဘုရားရှင်တို့နှင့် တွေ့ကြုံဖူးမြော်ခွင့်ရခဲ့သည်ရှိသော် ဘုရားရှင်က ဧဟိဘိက္ခုခေါ်ရုံမျှဖြင့် ရဟန်းအသွင်အလိုလိုဖြစ်ခွင့်ရခြင်း ဟူသော အကျိုးတရား ခုနစ်ပါးတို့ကို ရရှိနိုင်ပါသည်။

ကာလဒါနတစ်ခုဖြစ်သော ဝါဆိုသင်္ကန်းလှူဒါန်းခြင်းကို အချိန်ကာလမရွေး လှူဒါန်းခွင့်ရှိသူများမှာ စစ်ထွက်သွားမည့်သူ၊ အရပ်တစ်ပါး ခရီးသွားမည့်သူ၊ ရောဂါဝေဒနာ ဖိစီးနှိပ်စက်ခံနေရသူ၊ မီးဖွားခါနီး မိခင်လောင်း၊ ယခင်က သဒ္ဓါတရားမရှိ၊ ယခုချက်ချင်း သဒ္ဓါတရားပေါ် ပေါက်လာသူတို့ ဖြစ်ကြသည်။ အထက်ပါပုဂ္ဂိုလ်တို့သည် ဝါဆိုသင်္ကန်းအဖြစ် လှူဒါန်းလာပါက ရဟန်းတော်တို့သည် အလှူခံခွင့်ရှိပေသည်။

ရဟန်းသံဃာတော်တို့အား ရည်မှန်းဆက်ကပ်လှူဒါန်းရာတွင် အလှူအမျိုးမျိုးရှိသည့်အနက် ကာလဒါနတစ်ခုဖြစ်သော ဝါဆိုရည်မှန်း မြတ်သင်္ကန်းကပ်လှူခြင်းသည်လည်း အမွန်မြတ်ဆုံးအလှူတစ်ခုဖြစ်ပါသည်။ အပါယ်တံခါးပိတ်စေပြီး နိဗ္ဗာန်မျက်မှောက်ပြုနိုင်သည်အထိ အကျိုးပေးကြီးမားလှသော ဝါဆိုသင်္ကန်းအလှူကို တတ်စွမ်းသရွေ့ ဝမ်းမြောက်ရွှင်မြူးစွာ လှူဒါန်းနိုင်ပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇူလိုင် ၁**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၂၁၆၇၀ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေရောစနကျောက်စိမ်းစေတီတော်ကို ဘုရားဖူးတွေ နယ်စုံဒေသက လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့မှာဆိုရင် ရာသီဥတုက သင့်တင့်မျှတတာကြောင့် ဘုရားဖူးတွေအများအပြားလာရောက်ဖူးမြော်ပါတယ်။ လိုဏ်ဂူတော်အတွင်းကိုလဲ ဘုရားဖူးတွေ ဝင်ရောက်လေ့လာကြပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပါတယ်။ ဘုရားဖူးတွေကလဲ အိမ်ပြန်အမှတ်တရလက်ဆောင်အဖြစ် ဝယ်ယူကြပါတယ်။ အခါကြီးရက်ကြီးတို့၊ လပြည့်လကွယ်တို့ဆိုရင် ဘုရားဖူး ဦးရေပိုတိုးပါတယ်"ဟု ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၄၅၂ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၁၇၉၄၇ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၂၇၆ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်တွင် မတ်ပဲ အရောင်းအဝယ်ကောင်းမွန်လာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ ဖြင့်ဈေးကောင်းရရှိနေ

**မန္တလေး ဇူလိုင် ၁**

မန္တလေးဈေးကွက်တွင် မတ်ပဲ အရောင်းအဝယ်ကောင်းမွန်လာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မတ်ပဲများကို တရုတ်နိုင်ငံဘက်က ဝယ်ယူမှုများရှိလာပြီး ပြည်တွင်း၌လည်း မတ်ပဲများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိသောကြောင့် မန္တလေးဈေးကွက်တွင် မတ်ပဲများ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"မတ်ပဲတွေကို အခုလက်ရှိမှာ ပြည်ပကကော ပြည်တွင်းကပါ ဝယ်ယူမှု များလာတာကြောင့် အရင်ကထက်ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဇွန်လနောက်ဆုံးပတ်အတွင်းက အရောင်းအဝယ်အေးသဖြင့် မတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း ယခုအခါ အရောင်းအဝယ်ကောင်းလာသဖြင့် ယနေ့တွင် မတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲ မတ်ပဲအသစ်တွေ စပြီးဝင်ရောက်လာပါတယ်။ မန္တလေးဈေးကွက်ထဲ မတ်ပဲအသစ်တွေ အရောင်းအဝယ်ကလဲ တဖြည်းဖြည်းပြန်ကောင်းလာတာကြောင့် မတ်ပဲတွေ ဈေးကောင်းပြန်ရနေပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် အေးကျွန်းကျေးရွာတွင် ခရီးသွားဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိ

**မန္တလေး ဇူလိုင် ၁**

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် အေးကျွန်းကျေးရွာတွင် ခရီးသွားဝင်ရောက်လည်ပတ်မှုများပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ကျေးရွာများထဲမှ ခရီးသွားများ လတ်တလော စိတ်ဝင်စားမှုရှိသည့် ကျေးရွာမှာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ အေးကျွန်းကျေးရွာဖြစ်ကြောင်း၊ အေးကျွန်းကျေးရွာ၌ ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ ခမောက်လုပ်ငန်း၊ ဆေးပေါ့လိပ်လုပ်ငန်းနှင့်ဖိနပ်လုပ်ငန်းများအပါအဝင် မြန်မာ့လက်မှုပညာဖြင့် ဖန်တီးပုံဖော်ထားသော ပစ္စည်းများကိုလည်း ခရီးသွားများ စိတ်ဝင်စားမှုရှိကြောင်း သိရသည်။

"အခု အေးကျွန်းကျေးရွာကို လည်ပတ်တဲ့ ခရီးသည်တွေကလဲ မတ္တရာမြို့နယ် ဧရာဝတီမြစ်အတွင်းမှာနေထိုင်ကျက်စားနေတဲ့ဧရာဝတီလင်းပိုင်တွေကို သွားရောက်ကြည့်ရှုမှုတွေလဲရှိပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

မတ္တရာမြို့နယ်အတွင်းရှိ အေးကျွန်းကျေးရွာသို့ ဝင်ရောက်လည်ပတ်သည့် ခရီးသွားမှာ ဇွန်လနောက်ဆုံးပတ်က တစ်ရက်လျှင် ဦးရေ ၂၀ ကျော်သာ ဝင်ရောက်လည်ပတ်ခဲ့ကြသော်လည်း ယနေ့တွင် ဝင်ရောက်လည်ပတ်သည့် ခရီးသွားဦးရေ ၁၅၀ ကျော်ထိရှိလာကြောင်း သိရသည်။

"ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားတဲ့ကျေးရွာတွေကတော့ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းမှာက ဆင်ကျွန်းကျေးရွာ၊ အေးကျွန်းကျေးရွာ၊မြေစွန်းကျေးရွာ၊စိန်ပန်းကုန်းကျေးရွာ၊စဉ့်ကူးမြို့နယ်အတွင်းကတော့ မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာနဲ့စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းမှာ ဖော်ဆောင်တာကတော့ ရွာသစ်ကျေးရွာ၊တကောင်းကျေးရွာ၊ ရှိမ်းမကားကျေးရွာတို့ဖြစ်ပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောင်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်တွင်းကြီးမြို့နယ် လက်တက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး ဇူလိုင် ၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လက်တက်ကျေးရွာ၌ ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၃၀ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် အင်ဂျင်နီယာဝန်ထမ်းများက လက်တက်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၈၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ပြောကြားသည်။

အဆိုပါစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၇ ဒသမ ၁၈၆ သန်းဖြင့် ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက လက်တက်ကျေးရွာအုပ်စု လက်တက်ကျေးရွာရှိ အိမ်ခြေ ၃၂၂ အိမ်၊ လူဦးရေ ၁၂၄၂ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ၏ သောက်သုံးရေအခက်အခဲများ အဆင်ပြေမည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ပြောပြ၍ သိရသည်။

**နှံ့ယဉ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့ ရန်ကင်းသာယာရပ်ကွက်နေ ဦးဇော်ဝင်းနိုင်(မွေးနေ့)အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၆၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာဦးညွန့်သန်းက လက်ခံရယူစဉ်။

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ငရုတ်သီးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ဈေးကောင်းရရှိနေ



**မော်လမြိုင်ကျွန်း ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက် ငရုတ်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မော်လမြိုင်ကျွန်းမြို့ရှိ ငရုတ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ငွေးငွေးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ် မေလက ငရုတ်သီးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိသာ ဈေးရရှိခဲ့ပြီး ဇွန်လပထမပတ်မှစ၍ ယနေ့ထိ ငရုတ်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါဒေသတွင် ငရုတ်သီးခြောက် ဈေးကောင်းရနေခြင်းသည် ယခုနှစ်၌ ငရုတ်စိုက်သူနည်းခဲ့ခြင်းကြောင့် အထွက်နှုန်းနည်းပြီး ဈေးကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ငရုတ်သီးခြောက်ဈေးက အရင်ထက် တော်တော်လေးဈေးကောင်းလာပါတယ်။ ဒေသထွက် ငရုတ်တွေအထွက်နည်းလို့ ဈေးရနေတာဖြစ်ပါတယ်။ ဒေသထွက် ငရုတ်က သန့်တယ်။ ဒါကြောင့် လူကြိုက်များတယ်။ ဒေသဈေးကွက်အပြင် ဘိုကလေးနဲ့ ရန်ကုန်ဈေးကွက်ကိုလဲ ရောင်းချနေရတယ်။ ဈေးကောင်းရတော့ စိုက်တဲ့သူတွေလဲ အဆင်ပြေတာတွေ့ရပါတယ်။ တချို့ဆို ထပ်စိုက်ဖို့လုပ်လာတာတွေ့ရတယ်"ဟု ဒေါ်ငွေးငွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက်ငရုတ်သီးခြောက်များကို ဘိုကလေးမြို့နယ်၊ မအူပင်မြို့နယ်နှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါဒေသမှ တောင်သူများသည် စပါးစိုက်ပျိုးခြင်းလုပ်ငန်းနှင့် ငရုတ်စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြကြောင်း၊ ယခုနှစ် နွေငရုတ်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ဈေးကောင်းရနေခြင်းကြောင့် ယာယီရပ်ထားသည့် ငရုတ်စိုက်တောင်သူများ မိုးငရုတ်စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြင်းခြံမြို့နယ် ကျောက်တိုင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြင်းခြံ ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျောက်တိုင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အသင်းသား၊ အသင်းသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ စီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များက ကျောက်တိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူလေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိုးသန်းညွန့်**

# ကြို့ပင်ကောက်မြို့နယ် ဇင်ပွန်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းပြုလုပ်

**ကြို့ပင်ကောက် ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဇင်ပွန်းကုန်းကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးရွာအဆင့်တွင် ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးမျိုးသက်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးလွင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ဇင်ပွန်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ကို စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုညို**



# သက်သာတဲ့နေရာက ထွက်ရအောင်

မျိုးသူ(ကုန်သွယ်မြှင့်)

ဘဝ၏မည်သည့်အစိတ်အပိုင်းတွင်မဆို သက်သာသောအခြေအနေမှ မထွက်လိုကြပေ။ သက်သောင့်သက်သာရှိနေလျှင် ဆက်လက်ကြိုးစားရန် လိုအပ်ပါသလားဟု လူတိုင်းစဉ်းစားမိကြသည်။ သင်ရော သက်သောင့်သက်သာအခြေအနေမှ ရုန်းထွက်လိုပါသလား။ သက်သောင့်သက်သာရှိသောအခြေအနေကို Comfort Zone ဟုခေါ်တတ်ကြပြီး လူတိုင်းလိုလိုသည် Comfort Zone အတွင်းရောက်သွားလျှင် ကြိုးစားအားထုတ်ရန် ဝန်လေးတတ်ကြသည်။ သက်သာသော Comfort Zone မှထွက်လျှင် ယခုအနေအထားမျိုးရပါ့မလားဟု စိုးရွံ့လာပြီး ကြိုးစားအားထုတ်ခြင်းကို မလုပ်လိုတော့သည်ကို တွေ့နိုင်သည်။

သက်သောင့်သက်သာဖြစ်သောအခြေအနေကို ချမ်းသာသူများတွင်သာတွေ့ရမည်ဟု မျှော်လင့်ထားတတ်သော်လည်း ဆင်းရဲသူများတွင်လည်း အခြေအနေအလိုက် သက်သောင့်သက်သာဖြစ်သောအခြေအနေမျိုးရှိနေတတ်ပြီး ထိုအခြေအနေမှ ထပ်မံတိုးတက်အောင်မလုပ်လိုကြသည်ကို တွေ့နိုင်သည်။ Comfort Zone တွင် နေထိုင်ရသည်က ဘဝတွင်လုံခြုံမှုရှိခြင်း၊ ရင်းနှီးကျွမ်းဝင်နေသဖြင့် သက်သောင့်သက်သာရှိခြင်းများဖြစ်နေသည်ဟုထင်မြင်ကြသည်။

Comfort Zone တွင် ကြာရှည်စွာတွယ်ကပ်နေသည်နှင့်အမျှ မိမိကိုယ်ကို တွန်းအားများ၊ ကြိုးစားအားထုတ်ရန်လှုံ့ဆော်မှုများကို မလုပ်ဖြစ်ဘဲ အခွင့်အလမ်းများနှင့် လွဲချော်နေမည်သာဖြစ်သည်။ လူ့ဘဝတွင် ကြုံတွေ့ရမည့် အတွေ့အကြုံများကိုလည်း လက်လွတ်ဆုံးရှုံးရမည်သာဖြစ်သည်။ ကိုယ်ကိုယ်တိုင်က လိုလိုလားလားဖြင့် Comfort Zoneမှ လွတ်ကင်းအောင်လုပ်ရန်မှာ စိတ်ဓာတ်ခွန်အားနှင့် Mindset တို့ကို ပြောင်းလဲရန်လိုအပ်မည်ဖြစ်သည်။

Comfort Zone မှ လွတ်လာသည်နှင့်အမျှ ကိုယ်ပိုင်တိုးတက်မှုများ၊ သင်ယူနိုင်မှုများနှင့် အောင်မြင်မှုများရရှိလာမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများတွင်လည်း အောင်မြင်မှုရလာသည့်အခါ အဆိုပါ Comfort Zone သို့ရောက်လာပြီး လုပ်ငန်းတိုးချဲ့ရန်၊ အသစ်အသစ်များတီထွင်ထုတ်လုပ်ရန်နှင့် သမားရိုးကျလမ်းဟောင်းအတိုင်းသာသွားလိုပြီး လမ်းသစ်ထွင်ချင်သည့် စိတ်ဓာတ်များယုတ်လျော့လာသည်ကို တွေ့နိုင်သည်။ ထိုအခါ ရေတိုတွင် မသိသာသော်လည်း ရေရှည်တွင် ပြိုင်ဘက်များကို မယှဉ်ပြိုင်နိုင်သဖြင့် ကျဆုံးသွားမည်ဖြစ်သည်။ ထို့ကြောင့် Comfort Zone တွင် မည်သူမဆိုတင်းတိမ်နေထိုင်ရန် မသင့်ဟုဆိုချင်သည်။ Comfort Zone ကို ဖော်ထုတ်ပြီး ၎င်းဇုန်အတွင်းမှလွတ်ကင်းအောင် မည်သို့ဆောင်ရွက်ရမည်ကို ရှာဖွေရမည်ဖြစ်သည်။

**Comfort Zone ဆိုသည်မှာအဘယ်နည်း**

Comfort Zone ဆိုသည်မှာ အဘယ်နည်းဟုဆိုပါက စိတ်ပိုင်းဆိုင်ရာအခြေအနေတစ်ခုဟုဆိုချင်သည်။ အဆိုပါအခြေအနေတွင် ထိုသူသည် သက်သောင့်သက်သာရှိနေပြီး စမ်းသပ်လိုစိတ်မရှိတတ်ကြသည်ကို တွေ့နိုင်သည်။ Comfort Zone အတွင်း၌ ပုံမှန်အားဖြင့် အတွေ့အကြုံသစ်များကို စမ်းသပ်ခြင်း၊ ထိတွေ့ခြင်းမျိုးမလုပ်ကြပေ။ ထို့ပြင် မည်သည့်စိန်ခေါ်မှုများကိုမှ ရင်ဆိုင်လုပ်ကိုင်ခြင်းမရှိပေ။ ၎င်းတို့အနေဖြင့် ၎င်းတို့ကျင်လည်နေကျနေရာ၊ ကျွမ်းကျင်ပြီး အလုပ်များထဲတွင်သာ နေလိုသည်ကို တွေ့နိုင်သည်။ ဇုန်အတွင်းနေထိုင်သူများသည် လိုချင်မှု၊ ပြင်းပြသောဆန္ဒများမထားတတ်ဘဲ စိတ်ဖိစီးမှု၊ နာကျင်မှုများကိုလည်း မလိုချင်တတ်သည်ကိုတွေ့နိုင်သည်။ များသောအားဖြင့် လက်ရှိအခြေအနေသည် စမ်းသပ်မှုများ၊ စမ်းတဝါးဝါးလုပ်ရမှုများမရှိဘဲ အလေ့အထများနေပြီဖြစ်သဖြင့် ကျင်လည်ရာစီးပွားရေး လူမှုဘဝပတ်ဝန်းကျင်သည် သက်သောင့်သက်သာအရှိဆုံး၊ အသင့်တော်ဆုံးဟု ယူဆမိတတ်သည်။

**❖ Comfort Zone မှထွက်နိုင်ရန် လုပ်ဆောင်သင့်သည့်နည်းလမ်းများကိုဖော်ပြလိုသည်။ ပထမတစ်ခုမှာ လုပ်ချင်သောအရာတစ်ခုကို သေချာမှတ်သားပြီး အောင်မြင်အောင် ဆောင်ရွက်ကြည့်ခြင်းဖြစ်သည်။ လိုချင်သောအရာ အများအပြားရှိတတ်သော်လည်း တစ်ခုကိုသေချာမှတ်သားပြီး အောင်မြင်အောင်လုပ်ကြည့်ရန်ဖြစ်သည်။ ဥပမာ-စန္ဒရားတီးသင်ခြင်း သို့မဟုတ် ဘာသာစကားတစ်ခုသင်ယူခြင်း သို့မဟုတ် မာရသွန်ပြေးပွဲဝင်ရောက်ယှဉ်ပြိုင်ခြင်းမျိုးဖြစ်သည်။ ဒုတိယတစ်ခုမှာ ကျန်းမာရေးလေ့ကျင့်ခန်းတစ်ခုခုကို Challenge လုပ်ကြည့်ရန်ဖြစ်သည်။ ❖**

အကယ်၍အသင့်အတင့်အောင်မြင်သောလုပ်ငန်းမျိုးတွင်လုပ်ကိုင်နေသူသည် ထို့ထက်အောင်မြင်အောင်ကြိုးစားရမည်ကို ဝန်လေးနေတတ်သည်။ သက်သာသော လက်ရှိအခြေအနေတွင်သာ ဆက်လက်နေလိုတတ်ကြသည်။ ရင်းနှီးကျွမ်းဝင်ပြီး စီးပွားရေးလုပ်ငန်း၊ ပတ်ဝန်းကျင်တွင်သာ နေထိုင်လိုကြသည်။ ထိုအခြေအနေကို Comfort Zone တွင် ဆက်လက်နေထိုင်လိုခြင်းဟုဆိုနိုင်သည်။ လိုချင်ဆန္ဒများနှင့် ဖိစီးမှုများ၊ နာကျင်ခံစားရမှုများကို ရင်ဆိုင်လိုစိတ်မရှိသဖြင့် Comfort Zone တွင် နေထိုင်လိုသည်ကိုတွေ့ရသည်။ လူ့သဘာဝသည် အဆင်မပြေ၊ မသေချာမှုများကို မနှစ်သက်သဖြင့် သေချာသည့်အခြေအနေဖြစ်သော Comfort Zone တွင်သာ နေထိုင်ခြင်းဖြစ်သည်။ အဆင်မပြေမှုများ၊ မသေချာမရေရာမှုများကသာ လိုချင်ဆန္ဒနှင့် ဖြစ်ချင်စိတ်များ ပေါ်ပေါက်တတ်ပြီး ကြိုးစားအားထုတ်မှု၊ စွန့်စားမှုများကိုဆောင်ရွက်ရန် တွန်းအားဖြစ်စေသည်။

ဥပမာအားဖြင့် လူငယ်တစ်ဦးသည် လစာနည်းပါးပြီး အဆင်မပြေမှုများရှိသော်လည်း သည်းခံ၍ ကာလကြာမြင့်စွာအလုပ်လုပ်နေခြင်းမျိုးကို မကြာခဏတွေ့ရတတ်သည်။ လူငယ်တစ်ဦးအနေဖြင့် စွန့်စားဆောင်ရွက်မည်ဆိုလျှင် လက်ရှိအခြေအနေထက် သာသောအခြေအနေကို ရောက်ရှိနိုင်သော်လည်း အလုပ်ထွက်လိုက်လျှင် လတ်တလောအဆင်မပြေခြင်းများ၊ အခက်အခဲများ ရင်ဆိုင်ရမည်ကို စိုးရွံ့နေတတ်သည်။ ထိုသို့ စိုးရွံ့ခြင်းကြောင့် လတ်တလောအခြေအနေတွင်သာ ကျေနပ်နေတတ်သည်။ ထိုအခြေအနေမျိုးကို Comfort Zone တွင်သာ နေထိုင်ခြင်းဟု ဆိုနိုင်သည်။

**Comfort Zone မှ မထွက်လိုခြင်း**

Comfort Zone မှ မည်သည့်အတွက် မထွက်လိုပါသလဲ။ Comfort Zone မှထွက်ရန် တွန်းအားပေးခြင်း၊ နှိုးဆော်ခြင်းမျိုး ရှိတတ်သော်လည်း လွယ်ကူစွာထွက်ခွာ၍ ရနိုင်သည်မဟုတ်ပါ။ မည်သည့်အတွက် လွယ်လွယ်ကူကူထွက်ခွာ၍ မရဘဲ တွေဝေနေရသည့်အကြောင်းများရှိသည်။

**စိုးရွံ့မှုနှင့် မသေချာမှုများ**ကြောင့် Comfort Zone မှထွက်၍ စွန့်စားဆောင်ရွက်ခြင်း၊ အခြားစီးပွားရေးလုပ်ငန်းများကို ကြိုးစားခြင်း စသည်တို့ကို မလုပ်လိုခြင်းဖြစ်တတ်သည်။ လက်ရှိအခြေအနေသည် ကြုံတင်တွေးဆ၍ရသောကြောင့် လုံခြုံမှုရှိသည့်အခြေအနေ၊ အလုပ်အကိုင်ဟု ထင်မြင်နေတတ်သည်။ ထို့ကြောင့် လက်ရှိအခြေအနေကိုစွန့်လွှတ်၍ စွန့်စားလိုစိတ် ပျောက်ကွယ်နေတတ်သည်။

ဥပမာအားဖြင့် လစာနည်းသည့်အလုပ်တစ်ခုတွင် လုပ်ကိုင်နေသူသည် လစာနည်းသော်လည်း လကုန်လျှင် လစာပမာဏတစ်ခုကို သေချာပေါက်ရမည်ဖြစ်၍ ထိုလစာရသောအလုပ်ကို လုပ်ရသည်က လုံခြုံမှုရနေသည်ဟု ထင်မြင်တတ်သည်။ အနည်းဆုံး နေ့စဉ်နံနက်မှညနေထိ ရုံးအတက်အဆင်းလုပ်ရာတွင် စီးနင်းရသည့်ဘတ်စကားသည်ပင် စီးနေကျနံပါတ်ဖြစ်သဖြင့် ကြိုတင်ပြီး ထိုင်ခုံနေရာရရန် လုပ်ဆောင်ရသည်ကို ကျေနပ်နေတတ်သည်။ စိတ်ပိုင်းဆိုင်ရာအားဖြင့် ကြည့်လျှင် မသေချာမရေရာမှုများသည် အန္တရာယ်နှင့်တူသည်ဟု ခံယူတတ်သည်။ ထို့ကြောင့် စိုးရွံ့မှုကိုဖြစ်ပေါ်စေပြီး လူတို့သည် Comfort Zone မှ ထွက်ခွာရန် စိုးရွံ့နေတတ်ခြင်းဖြစ်သည်။

**Comfort Zone ၏ ဖြားယောင်းသွေးဆောင်မှုများ**ကြောင့်လည်း Comfort Zone ကို စွန့်ခွာရန် ဝန်လေးတတ်ကြသည်။ တိုးတက်လိုစိတ်ရှိသည့်တိုင်အောင် Comfort Zone ၏ဆွဲဆောင်မှုသည် အားကောင်းပြီး စွန့်ခွာလိုစိတ်ပျောက်နေတတ်သည်။ Comfort Zone တွင် နေရသည်က လုံခြုံစိတ်ချရပြီး သက်သောင့်သက်သာရှိနေတတ်သည်။ လွယ်ကူနေတတ်သည်။ ထို့ကြောင့် သက်သောင့်သက်သာနေရသည့် အခြေအနေကိုသာ မက်မောနေတတ်သည်။ ထိုသို့ နေထိုင်ခြင်းသည် တိုးတက်ရန်နှင့် ရှေ့သို့ရောက်ရန် မဖြစ်အောင်တားဆီးနေမည်ဖြစ်သည်။ "ကြီးပွားတိုးတက်ခြင်းနှင့် သက်သောင့်သက်သာရှိခြင်းသည် မြင်းတစ်ကောင်တည်းတွင် မစီးနိုင်"ဟု စာရေးသူ Maggie Wooll က ဆိုသည်။ စွန့်စားမှုကင်းမဲ့ဇုန်မှ စွန့်စားထွက်ခွာရန် မေ့လျော့နေတတ်ကြသည်။ ထိုအခြေအနေမှ စွန့်စားထွက်ခွာမှသာလျှင် ဘဝအတွက် ပိုမိုကောင်းမွန်သောအလားအလာများ၊ ဘဝများကို ရောက်ရှိနိုင်မည်ဖြစ်သည်။

**ခေါက်ရိုးကျိုးနေသော စိတ်ဓာတ်အနေအထား**ကြောင့်လည်း Comfort Zone မှ ထွက်ခွာရန် ဝန်လေးနေတတ်သည်။ ကျွမ်းကျင်တတ်မြောက်မှုများလိုအပ်သော်လည်း လုပ်ကိုင်နေကျအလုပ်များတွင် ခေါက်ရိုးကျိုးနေသည့်အခါ လိုအပ်သည့်ကျွမ်းကျင်တတ်မြောက်မှုကို သင်ယူလိုခြင်းမရှိတတ်ပေ။ သက်သာသလိုသာ နေလိုလာသည်။

ဥပမာအားဖြင့် အချို့သက်ကြီးပိုင်းအစိုးရအရာထမ်းများကိုကြည့်လျှင် တပည့်များလည်းရှိနေသဖြင့် ကွန်ပျူတာနှင့် Information Technology များကို သင်ယူလေ့လာလိုစိတ်မရှိတတ်ဘဲ လက်ရှိအခြေအနေတွင် ခေါက်ရိုးကျိုးနေတတ်ကြသည်။ တီထွင်ဖန်တီးလိုစိတ်နည်းကာ သမားရိုးကျအတိုင်းသာ နေထိုင်နေတတ်ကြသည်။ ထို့ပြင် အချို့သောသက်ကြီးပိုင်းပုဂ္ဂိုလ်များသည် နည်းပညာဆိုင်ရာကျွမ်းကျင်မှုများကို လုံးဝလုပ်လိုစိတ်မရှိဘဲ ယခင်ခေတ်အခြေအနေအတိုင်းသာ ခေါက်ရိုးကျိုးနေတတ်သည်။ အချို့သက်ကြီးပိုင်းပုဂ္ဂိုလ်များသည် iPhone နှင့် Smart Phone ကဲ့သို့သောဖုန်းများကိုသုံးစွဲရာတွင်ပင် ကြိုးစားချင်စိတ်၊ သင်ယူလိုစိတ်ပျောက်ကွယ်နေတတ်သည်ကို တွေ့နိုင်သည်။ စိန်ခေါ်မှုနှင့် ခက်ခဲခြင်းများကို ရှောင်ကြဉ်လိုပြီး သက်သောင့်သက်သာနှင့် Comfort Zone တွင်သာ နေထိုင်သည်ကို တွေ့ရတတ်သည်။

**သေနေသော အလေ့အကျင့်များ**ကြောင့်လည်း အပြုအမူများကို ပြောင်းလဲပစ်ရန် ခက်ခဲတတ်သည်။ နေ့စဉ်ပြုလုပ်နေကျ အပြုအမူများအပါအဝင် စီးပွားရေးလုပ်ငန်းများတွင်ပါ လုပ်ကိုင်နေကျအပြုအမူများသည် ခေါက်ရိုးကျိုးနေပြီး ပုံသေဖြစ်နေတတ်သည်။

ဥပမာ- နံနက်တိုင်း ၆ နာရီထနေကျသူသည် နံနက် ၄ နာရီပြောင်းပြီး နေ့စဉ်ထရန် ခက်ခဲနေမည်ဖြစ်သည်။ သူ၏အိပ်ချိန်အတိုင်းသာ မပြောင်းလဲဘဲ နေထိုင်လိုသည်ကိုတွေ့နိုင်သည်။ ဆန္ဒပြင်းပြမှုဖြင့်သာ အဆိုပါ Comfort Zone မှထွက်ခွာပြီး ပြောင်းလဲမှုများ၊ တိုးတက်မှုများကို ရှာဖွေနိုင်မည်ဖြစ်သည်။

**Comfort Zone မှ မည်သို့ထွက်မည်နည်း**

၁၉၀၈ ခုနှစ်က စိတ်ပညာရှင် Robert Yerkes နှင့် John Dodson တို့နှစ်ဦးက လုပ်ဆောင်ချက်နှင့် စိတ်ဆန္ဒပြင်းပြမှုတို့ဆက်စပ်ပုံ စိတ်ဝင်စားဖွယ်ကောင်းသောလေ့လာတွေ့ရှိချက်ကို ဖော်ထုတ်ပြသခဲ့သည်။ စမ်းသပ်ခန်းတွင် ကြွက်များကို လျှပ်စစ်ဖြင့်တို့သည့်အခါ ဝက်ပါမှ ပိုမိုမြန်ဆန်အောင်ထွက်နိုင်ကြောင်း တွေ့ရသည်ဟုဆိုသည်။ အဆိုပါစိတ်ပညာရှင်များ၏ အယူအဆအရ သင့်တင့်သောဖိအား သို့မဟုတ် စိုးရိမ်စိတ်ကိုတိုးပွားစေပါက ကောင်းမွန်သောလုပ်ဆောင်ချက်များကို လျင်မြန်စွာတိုးတက်စေသည်ကို တွေ့ရသည်ဟုဆိုသည်။ သို့ရာတွင် အတိုင်းအတာတစ်ခုထိသာဖြစ်သည်။ အလွန်အမင်းဖိအားပေးခံရပါက ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာတတ်သည်။

Comfort Zone မှထွက်ရန် အကောင်းဆုံးနည်းလမ်းမှာ တဖြည်းဖြည်းချင်းလုပ်ငန်းများ၊ လှုပ်ရှားမှုများကို ချဲ့ထွင်သွားခြင်းနှင့် မိမိ၏ဖိအားဒဏ်ခံနိုင်စွမ်းကိုလည်း ဆန်းစစ်ကြည့်ရမည်ဖြစ်သည်။ လုပ်ဆောင်ချက်များကို မှန်မှန်တိုးချဲ့ခြင်းသည် Comfort Zone မှထွက်ရန်အတွက် အရေးကြီးသောလုပ်ငန်းတစ်ခုဖြစ်သည်။ ထိုသို့ လုပ်ဆောင်ချက်များကို မှန်မှန်တိုးချဲ့ခြင်းသည် ဖိအားများကို မည်မျှဒဏ်ခံနိုင်သည်ကိုဖော်ထုတ်နိုင်သောနည်းလမ်းလည်းဖြစ်သည်။

**Comfort Zone မှ ထွက်ရန်နည်းလမ်းများ**

Comfort Zone မှထွက်နိုင်ရန် လုပ်ဆောင်သင့်သည့်နည်းလမ်းများကို ဖော်ပြလိုသည်။ ပထမတစ်ခုမှာ လုပ်ချင်သောအရာတစ်ခုကို သေချာမှတ်သားပြီး အောင်မြင်အောင် ဆောင်ရွက်ကြည့်ခြင်းဖြစ်သည်။ လိုချင်သောအရာ အများအပြားရှိတတ်သော်လည်း တစ်ခုကိုသေချာမှတ်သားပြီး အောင်မြင်အောင်လုပ်ကြည့်ရန်ဖြစ်သည်။

ဥပမာ-စန္ဒရားတီးသင်ခြင်း သို့မဟုတ် ဘာသာစကားတစ်ခုသင်ယူခြင်း သို့မဟုတ် မာရသွန်ပြေးပွဲဝင်ရောက်ယှဉ်ပြိုင်ခြင်းမျိုးဖြစ်သည်။

ဒုတိယတစ်ခုမှာ ကျန်းမာရေးလေ့ကျင့်ခန်းတစ်ခုခုကို Challenge လုပ်ကြည့်ရန်ဖြစ်သည်။ ဥပမာ- အစားအသောက်ကို တစ်လ Challenge လုပ်ခြင်းမျိုး သို့မဟုတ် ပြေးခြင်း သို့မဟုတ် စက်ဘီးစီးခြင်းမျိုးဖြစ်သည်။ နေ့စဉ်ခြေလှမ်း ၁၀၀၀၀ တစ်လ လမ်းလျှောက်မည်ဟု သန္နိဋ္ဌာန်ချမှတ်ပြီး လုပ်ခြင်းဖြစ်သည်။ ကိုယ်လက်လေ့ကျင့်ခန်း မှန်မှန်လုပ်ခြင်းသည် စိတ်ဖိစီးမှုကို လျော့ကျစေသည်ဟုလည်းဆိုသည်။

တတိယတစ်ခုမှာ လုပ်နေကျပုံမှန်လမ်းကြောင်းမှ ပြောင်း၍ လုပ်ကြည့်ခြင်းမျိုးဖြစ်သည်။ ရုံးတွင် နေ့စဉ်အလုပ်လုပ်နေခြင်းအစား အခြားနေရာတွင် တစ်ခါတစ်ရံလုပ်ကြည့်ခြင်းမျိုးဖြစ်သည်။ စတုတ္ထတစ်ခုမှာ ကျွမ်းကျင်မှုမရှိသေးသော အလုပ်တစ်ခုကို ကျွမ်းကျင်လာအောင်ကြိုးစားခြင်းမျိုးဖြစ်သည်။ ကျွမ်းကျင်မှု

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ညလာ်မျက်စိ

- ရှိင်းထန်ဝုန်းဝုန်း လှိုင်းသံဖုံးလျက်
ဆုံးစမထင် ကမ်းမမြင်သည့်
ပင်လယ်ရေလမ်း ခရီးကြမ်းဝယ်
ပျားပန်းခပ်သော လှေသင်္ဘော။

- ည၏တံခွန် လမ်းပြည့္ွန်ရာ
ခူဝံမရှိ မှောင်အတိလည်း
မျက်စိအမြင် မှောက်အံ့လော။

- နေမသာ၍
ဘယ်မှာရှေ့နောက် ဘယ်တောင်မြောက်ဟု
ထောက်ဆပိုင်ပိုင် မသိနိုင်လည်း
ပန်းတိုင်ဘယ်ရောက် ပျောက်အံ့လော။

- သာမန်မျက်စိ အားကုန်ကြည့်လည်း
မြင်သိရန်ခက် ပင်လယ်နက်ဝယ်
စက်ရေယာဉ်မောင်း ပဲ့နင်းကောင်းတို့
မပျောင်းမန္တဲ့ စောင်းမရွဲ့အောင်
တည့်မတ်ဆိပ်ကမ်း ရောက်နိုင်စွမ်း၏
လမ်းမဲ့ပြောကျယ် မြင်မလွယ်ကို
ဘယ်မျက်စိနှင့် ကြည့်သနည်း။ ။

**ချစ်စုအောင်**

# ယခုနှစ် ဇူလိုင်လတွင် အပြည်ပြည်ဆိုင်ရာကုန်သေတ္တာတင်သင်္ဘောလိုင်း ၁၃ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘော ၅၃ စီး ဝင်ရောက်ဆိုက်ကပ်နိုင်ရေး လျာထားဆောင်ရွက်နေ



**ရန်ကုန် ဇူလိုင် ၁**

ယခုနှစ် ဇူလိုင်လအတွင်း အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောလိုင်း ၁၃ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘော ၅၃ စီး ဝင်ရောက်ဆိုက်ကပ်နိုင်ရေး လျာထားဆောင်ရွက်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ သတင်းများအရ သိရသည်။

ယခုအခါ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ ပိုမိုဆောင်ရွက်နေသဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောများ လစဉ်ပုံမှန်ဝင်ရောက် ဆိုက်ကပ်လျက်ရှိကြောင်း၊ ထို့ပြင် ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များလည်း တိုးမြှင့်တင်သွင်းနိုင်ရန်အတွက် ကုန်သေတ္တာတင်သင်္ဘောလိုင်းအသီးသီးမှ ခရီးစဉ်များ ပြန်လည်တိုးချဲ့ပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ယခုနှစ် ဇူလိုင်လတွင် အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောလိုင်း ၁၃ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘော ၅၃ စီး ဝင်ရောက်ဆိုက်ကပ်နိုင်ရန် လျာထားဆောင်ရွက်နေကြောင်း၊ ထပ်မံတိုးချဲ့ပြေးဆွဲပေးမည့်အခြေအနေများရှိလာပါကလည်း ထပ်မံတိုးချဲ့ပြေးဆွဲမည့်စာရင်းကို ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များ သိရှိနိုင်စေရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခု ဇူလိုင်လအတွင်း၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောလိုင်းများဖြစ်သည့် SEALAND MAERSKASIA သင်္ဘောလိုင်းမှ ကိုးစီး၊ SAMUDERA သင်္ဘောလိုင်းမှ ခုနစ်စီး၊ R.C.LLINE သင်္ဘောလိုင်းမှ ခြောက်စီး၊ NEWGOLDENSEA (COSCO) သင်္ဘောလိုင်းမှ ငါးစီး၊ M.S.C LINE သင်္ဘောလိုင်းမှ သင်္ဘောလေးစီး၊ ONELINE သင်္ဘောလိုင်းမှ လေးစီး၊ SITC LINE သင်္ဘောလိုင်းမှ လေးစီး၊ CMACGM သင်္ဘောလိုင်းမှသုံးစီး၊ IAL LINE သင်္ဘောလိုင်းမှ သုံးစီး၊ P.I.L သင်္ဘောလိုင်းမှသုံးစီး၊ EVER GREEN LINE သင်္ဘောလိုင်းမှနှစ်စီး၊ LANDANDSEA သင်္ဘောလိုင်းမှ နှစ်စီးနှင့် BLPLLINE သင်္ဘောလိုင်းမှ တစ်စီး စုစုပေါင်းအပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောလိုင်း ၁၃ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘော ၅၃ စီး ဝင်ရောက်ဆိုက်ကပ်ရန် လျာထားဆောင်ရွက်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ သတင်းများအရ သိရသည်။

(၃၃၆)

➤ စာမျက်နှာ ၄ မှအဆက်

တစ်ခုခုကို တိုးချဲ့လုပ်ဆောင်ကြည့်ခြင်းဖြင့် ဆန်းသစ်သောကျွမ်းကျင်မှုကိုရရှိပြီး ဈေးကွက်နယ်ပယ်ကျယ်ပြန့်လာစေသည်။ ထို့ပြင် ပြိုင်ဆိုင်မှုမှ ရရှိသော အကျိုးကျေးဇူးများကိုလည်း ရရှိလာနိုင်သည်။ လုပ်ငန်းကို ကျင်လည်သည့်၊ ကျွမ်းကျင်သည့်ကိစ္စတွင်သာမြှုပ်နှံမထားဘဲ အခြားသော ကျွမ်းကျင်မှုများကို တိုးချဲ့လုပ်ကိုင်ခြင်းဖြင့် ပိုမိုကောင်းမွန်သောအကျိုးကို ရရှိနိုင်သည်။

ပဉ္စမတစ်ခုမှာ မိမိစိုးရွံ့နေသည်ဟုထင်သောကိစ္စတစ်ခုကို ရွေးချယ်ပြီး ရင်ဆိုင်ကြည့်ရန်ဖြစ်သည်။ ဥပမာအားဖြင့် လူထုပရိသတ်ကို စင်မြင့်ပေါ်တက်၍စကားပြောရမည်ကို စိုးရွံ့နေသည်ကို လေ့ကျင့်မှုများပြုလုပ်ပြီး ကိုယ့်ဘာသာယုံကြည်မှုကိုတည်ဆောက်ကာ စင်ပေါ်တွင် စကားပြောကြည့်ခြင်းမျိုးဖြစ်သည်။ နောက်ဆုံးတစ်ခုမှာ မိမိမရောက်ဖူးသောနေရာတစ်ခုသို့ ခရီးထွက်ကြည့်ခြင်းဖြစ်သည်။ ထိုသို့လုပ်ကြည့်ခြင်းများသည် Comfort Zone မှထွက်နိုင်ရန် တဖြည်းဖြည်းလုပ်ဆောင်ကြည့်သင့်သော နည်းလမ်းများဖြစ်ကြသည်။

Comfort Zone မှလွတ်ရန်အတွက်ကြိုးစားသည့်အခါ သက်သောင့်သက်သာမရှိခြင်း၊ ပင်ပန်းခြင်း၊ ရှုတ်တရက်အဆင်မပြေခြင်းများကြုံတွေ့ရတတ်သည်။ ထို့ကြောင့် အချို့သော အဓိကသော့ချက်များကိုလုပ်ဆောင်ပေးသင့်သည်။ လုပ်ဆောင်မှုအသစ်များ၊ ကြိုးစားအားထုတ်မှုများကို ဆောင်ရွက်နိုင်သည့်အခါတွင် ပျော်ရွှင်မှုအရသာကို ကောင်းစွာခံစားကြည့်ခြင်းဖြစ်သည်။ ပီတိဖြစ်ရသည်ကို တွေ့နိုင်သည်။ အထူးသဖြင့် လုပ်ငန်းငယ်လေးများအောင်မြင်သည့်အခါမျိုးတွင် အောင်မြင်မှုအတွက် ပျော်ပွဲရွှင်ပွဲမျိုးကို ကိုယ့်ဘာသာကျင်းပပေးသည်မျိုးကို လုပ်ဆောင်ပေးသင့်သည်။ အသေးအဖွဲ့အောင်မြင်မှုဖြစ်ပါစေ အောင်ပွဲခံခြင်းဖြင့် Comfort Zone မှလွတ်ရန်အတွက်တွန်းအားဖြစ်စေသည်။ သက်သောင့်သက်သာရှိနေသောအခြေအနေမှမထွက်ခွာနိုင်လျှင် တိုးတက်ကြီးပွားခြင်းနှင့်ကင်းဝေးကာ ဘဝတွင်လည်းကောင်း၊ စီးပွားရေးတွင်လည်းကောင်း နိမ့်ကျနေမည်သာဖြစ်သည်။

ထို့ကြောင့် စိတ်ဓာတ်ခွန်အားပေးဆောင်မှုအပြည့်ဖြင့် Comfort Zone မှလွတ်မြောက်အောင်ကြိုးစားမှသာလျှင် ပညာရှင်တစ်ယောက်အဖြစ် တိုးတက်လာနိုင်မည်ဖြစ်သည်။ သို့မှသာ ပိုမိုကောင်းမွန်သောအခြေအနေအဆင့်အတန်းတစ်ခုရောက်ရှိအောင် ဆောင်ရွက်ပေးနိုင်ပြီး ပိုမိုကောင်းမွန်သော လူမှုရေး၊ စီးပွားရေးကို တည်ဆောက်ကာ ဘဝအောင်မြင်မှုကို ရနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

- **စာရေးသူ** Maggie Wooll **၏ဆောင်းပါး**

# ရပ်စောက်မြို့နယ် ဖောင်းတောကျေးရွာ၌ အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**ရပ်စောက် ဇူလိုင် ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးလက်နေအမျိုးသမီးများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ကျွမ်းကျင်လုပ်သားများပေါ်ပေါက်လာစေရန် ရည်ရွယ်၍ဖွင့်လှစ်ခဲ့သည့် အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲကို ဇွန် ၃၀ ရက် နံနက်ပိုင်းက ဖောင်းတောကျေးရွာအုပ်စု ဖောင်းတောကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းသက်က သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပေးလိုက်သော အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာဆည်းပူး၍ မိသားစုဝင်ငွေတိုးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်း လက်မှတ်များကို သင်တန်းသူများထံ အသီးသီး လွှဲပြောင်းပေးအပ်ပြီး တာဝန်ရှိသူများက သင်တန်းသူများ ချုပ်လုပ်ထားသော အဝတ်အထည်များကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါအသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းသို့ ရပ်စောက်မြို့နယ်အတွင်းရှိ ဖောင်းတောကျေးရွာမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင်အဆင့်မြင့် စက်ချုပ်နည်းနှင့်ပတ်သက်သည့်သင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာမ နှစ်ဦးက စာတွေ့၊ လက်တွေ့ဖြင့် ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်ထိ တစ်လကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းသက်က ပြောပြ၍ သိရသည်။

**မောင်နိုင်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## နိုင်ငံတကာ သတင်းများ

# ရုရှားအေရိုဖလုတ်ကုမ္ပဏီ၏ ကျူးဘားခရီးစဉ်များကို ရက်သတ္တပတ်လျှင် နှစ်ကြိမ် ပြန်လည်ပြေးဆွဲမည်



**မော်စကို ဇူလိုင် ၁**

ရုရှားနိုင်ငံအခြေစိုက် အေရိုဖလုတ်ကုမ္ပဏီအုပ်စု၏ ရော့ဆီယာလေကြောင်းလိုင်းသည် ကျူးဘားခရီးစဉ်များပြန်လည်စတင်ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရော့ဆီယာလေကြောင်းလိုင်းသည် ယူကရိန်းပြဿနာကို အကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများက ရုရှားလေယာဉ်များ ဝေဟင်ပိုင်နက်အသုံးပြုခွင့်ကို ပိတ်ပင်ထားခဲ့ပြီးနောက်ပိုင်း ကျူးဘားခရီးစဉ်များပျံသန်းမှုကို ရပ်ဆိုင်းခဲ့သည်။

သို့သော် ရော့ဆီယာလေကြောင်းလိုင်းအနေဖြင့် ကျူးဘားနိုင်ငံ ဟာရာဒီရိုမြို့နှင့်မော်စကိုမြို့တို့ကြား လေကြောင်းခရီးစဉ်များကို ဇူလိုင် ၅ ရက်မှစ၍ ရက်သတ္တပတ်လျှင် နှစ်ကြိမ် ပျံသန်းမည်ဖြစ်ကြောင်း အေရိုဖလုတ်ကုမ္ပဏီက ကြေညာထားသည်။

ရုရှားလေကြောင်းလိုင်းများသည် ကျူးဘား၊ မက္ကဆီကိုနှင့် ဒိုမီနီကန်သမ္မတနိုင်ငံများသို့ လေကြောင်းခရီးစဉ်များပျံသန်းမှုကို ယူကရိန်းစစ်ရေးပဋိပက္ခစတင်ခဲ့ပြီး လေးရက်အကြာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ရပ်ဆိုင်းခဲ့သည်။

ရုရှားအပေါ် မိတ်ဆွေမဆန်သည့်နိုင်ငံများ၏ဝေဟင်ပိုင်နက်များနှင့်လွတ်ကင်းသည့် လမ်းကြောင်းများမှတစ်ဆင့် ကျူးဘားခရီးစဉ်များစတင်ပျံသန်းမည်ဖြစ်ကြောင်း ရုရှားအစိုးရက ယခုနှစ် မေလအတွင်းကပင် ကြေညာထားပြီးဖြစ်သည်။

ကျူးဘားခရီးစဉ်များပြန်လည်စတင်ပျံသန်းရန် ရုရှားသမ္မတပူတင်က သမ္မတအမိန့်ဒီကရီဖြင့် ညွှန်ကြားထားခြင်း ဖြစ်ကြောင်း သိရသည်။ KKO

# အိန္ဒိယ၌ ခရီးသည်တင်ဘတ်စကား တိမ်းမှောက်မီးလောင် လူ ၂၅ ဦး သေဆုံး

**ဒေလီ ဇူလိုင် ၁**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း မဟာရက်ရှ်တြပြည်နယ်၌ ယနေ့နံနက်ပိုင်းက ခရီးသည်တင်ဘတ်စကားတစ်စီး တိမ်းမှောက်မီးလောင်ခဲ့ရာ အနည်းဆုံးလူ ၂၅ ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါခရီးသည်တင်ဘတ်စကားသည် မောင်းနှင်နေစဉ် တာယာပွင့်ထွက်တိမ်းမှောက်ခဲ့ပြီး ကားဒီဇယ်ကန်ပွင့်ထွက်မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ခရီးသည် ၃၂ ဦး လိုက်ပါလာသည့် အဆိုပါဘတ်စကားသည် နာဂပူရ်မြို့မှ ပူနေးမြို့သို့ မောင်းနှင်နေစဉ် တိမ်းမှောက်မီးလောင်ခဲ့ရခြင်းဖြစ်သည်။

ယာဉ် မတော်တဆမှုအတွင်း သေဆုံးသူအများစုမှာ မီးလောင်မှုကြောင့် သေဆုံးခဲ့ရသူများဖြစ်ကြောင်း သိရသည်။

ယာဉ် မတော်တဆမှုအတွင်း လူရှစ်ဦးဒဏ်ရာများရခဲ့ပြီး ဒဏ်ရာအခြေအနေများ ပြင်းထန်ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါယာဉ်မတော်တဆမှုအတွက် ဝမ်းနည်းမိကြောင်း အိန္ဒိယဝန်ကြီးချုပ်မိုဒီနှင့် မဟာရက်ရှ်တြပြည်နယ် ဝန်ကြီးချုပ် အက္ကနက်ရှင်ဒီတို့က ပြောကြားထားပြီး သေဆုံးသူများ၏ မိသားစုများကို ရူပီးငွေ ၇၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၈၅၀၀)စီထောက်ပံ့မည်ဟု ကတိပေးထားကြောင်း သိရသည်။ KKO



# ကင်ညာ၌ ယာဉ်မတော်တဆမှုဖြစ်ပွား အနည်းဆုံး လူပေါင်း ၅၁ ဦး သေဆုံး

**နိုင်ရိုဘီ ဇူလိုင် ၁**

ကင်ညာနိုင်ငံ အနောက်ပိုင်း၌ ကုန်တင်ယာဉ်တစ်စီးက အခြားမော်တော်ယာဉ်များကို ဇွန် ၃၀ ရက်က လမ်းကြောင်းချော်ဝင်တိုက်ခဲ့ရာ အနည်းဆုံးလူပေါင်း ၅၁ ဦး သေဆုံးခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါယာဉ် မတော်တဆမှုသည် နိုင်ရိုဘီမြို့ အနောက်မြောက်ဘက် ၁၂၅ မိုင်အကွာ ရစ်ဖ်တောင်ကြားဒေသ မြို့တစ်မြို့ဖြစ်သော လွန်ဒီယာနီမြို့အနီး ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ရုပ်အလောင်း ၅၁ လောင်းထိ ရှာဖွေတွေ့ရှိထားပြီး ယာဉ်အပျက်အစီးများအတွင်း ပိတ်မိနေသူများ ရှိနေနိုင်ဆဲဖြစ်ကြောင်း ကင်ညာရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

မျက်မြင်များ၏အဆိုအရ ယာဉ်မတော်တဆမှုအတွင်းလမ်းကြောင်းချော်ထွက်လာသော ကုန်သေတ္တာတင်ယာဉ်သည် အခြားမော်တော်ယာဉ် အနည်းဆုံး ခြောက်စီးနှင့် လမ်းသွားလမ်းလာများကို ဝင်တိုက်ခဲ့ကြောင်း သိရသည်။

ယာဉ် မတော်တဆမှုကြောင့် ဒဏ်ရာရရှိသူ ၃၂ ဦးထိ ရှိခဲ့ပြီး ဆေးရုံများသို့ ပို့ဆောင်ပေးထားကြောင်း ကင်ညာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်ကလည်း ကင်ညာအလယ်ပိုင်း၌ ဘတ်စကားတစ်စီး တံတားပေါ်တွင် လမ်းချော်၍ တောင်ကြား မြစ်တစ်စင်းအတွင်း ထိုးကျခဲ့ရာ လူပေါင်း ၃၄ဦးသေဆုံးခဲ့ရဖူးကြောင်း သိရသည်။ KKO

# သမ္မတဟောင်း ဘော်လ်ဆိုနာရိုကို ရွေးကောက်ပွဲဝင်ပြိုင်ခွင့် ၂၀၃၀ ပြည့်နှစ်ထိပိတ်ပင်ရန် ဘရာဇီးတရားသူကြီးများဆုံးဖြတ်

**ရီယိုဒီဂျနေရီး ဇူလိုင် ၁**

လက်ယာစွန်း နိုင်ငံရေးဝါဒ၌ သမ္မတဟောင်း ဘော်လ်ဆိုနာရိုကို ၂၀၃၀ ပြည့်နှစ်ထိ ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ရန် ဘရာဇီး ရွေးကောက်ပွဲတရားရုံး တရားသူကြီးများက ဇွန် ၃၀ ရက်တွင် စီရင်ချက်ချခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ဘရာဇီးရွေးကောက်ပွဲ တရားရုံးတရားသူကြီးများ၏ အဆိုပါဆုံးဖြတ်ချက်ကြောင့် အသက် ၆၈ နှစ်ရှိ ဘော်လ်ဆိုနာရို၏ သမ္မတရာထူး ပြန်လည်ရယူရေးရည်မှန်းချက် ပျက်ပြယ်ရဖွယ်ရှိကြောင်း သိရသည်။

သမ္မတဟောင်း ဘော်လ်ဆိုနာရိုသည် ၎င်း၏ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှုကို အားပေးမြှင့်တင်ရေးအတွက် အစိုးရလူထုဆက်သွယ်ရေးလမ်းကြောင်းများကို အသုံးပြုခဲ့ပြီး ရွေးကောက်ပွဲစနစ်နှင့်ပတ်သက်၍ အများထင်ယောင်ထင်မှားဖြစ်စေရန်ပြုလုပ်ခဲ့ကြောင်း တရားရုံးစီရင်ချက်၌ ဖော်ပြထားသည်။

အဆိုပါ ပြစ်မှုများအတွက် သမ္မတဟောင်းဘော်လ်ဆိုနာရိုအား ၂၀၃၀ ပြည့်နှစ်ထိ ရွေးကောက်ပွဲယှဉ်ပြိုင်ခွင့်ပိတ်ပင်ရန် ဘရာဇီး ရွေးကောက်ပွဲတရားရုံး တရားသူကြီး ငါးဦးအနက် သုံးဦးက ထောက်ခံမဲပေးခဲ့ပြီး နှစ်ဦးက ကန့်ကွက်ခဲ့သည်။

တရားရုံး၏ အဆိုပါစီရင်ချက်ကြောင့် ဘော်လ်ဆိုနာရို၏ သမ္မတရာထူးရယူနိုင်ရေး အခွင့်အလမ်းများ အဆုံးသတ်သွားလိမ့်မည်ဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ထားသည်။

တရားရုံး၏ ဆုံးဖြတ်ချက်အရ သမ္မတဟောင်း ဘော်လ်ဆိုနာရိုသည် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၈ ခုနှစ် ဒေသန္တရရွေးကောက်ပွဲများ၊ ၂၀၂၆ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ရှိမည်မဟုတ်ကြောင်း သိရသည်။

KKO

# နိုင်ငံတစ်ဝန်းအဓိကရုဏ်းများကိုထိန်းချုပ်ရန် ရဲတပ်ဖွဲ့ဝင် ဦးရေ ၄၅၀၀၀ ပြင်သစ်အစိုးရဖြန့်ကြက်

**ပဲရစ် ဇူလိုင် ၁**

ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် လူငယ်တစ်ဦး သေဆုံးခဲ့ရပြီးနောက်ပိုင်း ပေါ်ပေါက်နေသည့် အဓိကရုဏ်းများနှင့် ဆန္ဒပြပွဲများကို ထိန်းချုပ်ရေးအတွက် ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနက ယနေ့တွင် နိုင်ငံတစ်ဝန်း မြို့ကြီးများ၌ ရဲတပ်ဖွဲ့ဝင် ၄၅၀၀၀နှင့် သံချပ်ကာယာဉ်များဖြန့်ကြက်ထားရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဇွန် ၂၇ ရက်က ပဲရစ်မြို့ဆင်ခြေဖုံးဒေသ၌ ရဲတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် အသက် ၁၇ နှစ်ရှိ မြောက်အာဖရိကနွယ်ဖွားလူငယ်တစ်ဦးသေဆုံးခဲ့ပြီးနောက် ပြင်သစ်နိုင်ငံတစ်ဝန်း၌ ဇွန် ၃၀ ရက် ညပိုင်းထိ လေးညတိုင်တိုင် ဆန္ဒပြပွဲများနှင့်အဓိကရုဏ်းများဖြစ်ပွားခဲ့ရသည်။

အဓိကရုဏ်းများအတွင်း လက်ရှိအချိန်ထိ ပြင်သစ်ရဲတပ်ဖွဲ့ဝင် ဦးရေ ၃၀၀ကျော် ဒဏ်ရာများရရှိခဲ့ပြီး မော်တော်ယာဉ်အစင်း ၂၀၀၀ခန့် မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီး ဂျရယ်လ်ဒါမာနင်က ယနေ့တွင် ပြောကြားခဲ့သည်။

ထို့ပြင် အဓိကရုဏ်းများကို ထိန်းချုပ်နိုင်ရေးအတွက် ပြင်သစ်နိုင်ငံတစ်ဝန်း၌ ရဲတပ်ဖွဲ့ဝင် ဦးရေ ၄၅၀၀၀ ဖြန့်ကြက်ထားပြီး အချို့နေရာများ၌ သံချပ်ကာယာဉ်များနှင့် ရဟတ်ယာဉ်များပါ ဖြန့်ကြက်ထားကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီး၏ အဆိုအရ သိရသည်။



ဆန္ဒပြပွဲများနှင့် အဓိကရုဏ်းများစတင်ခဲ့ချိန်မှစ၍ ဇွန် ၃၀ ရက် ညပိုင်းထိ ပြင်သစ်ရဲတပ်ဖွဲ့က လူပေါင်း ၁၁၀၀ကျော်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပြင်သစ်တာဝန်ရှိသူများသည် ဆယ်ကျော်သက်အာဖရိကနွယ်ဖွား လူငယ်အားသေနတ်ဖြင့် ပစ်ခတ်ခဲ့သော ရဲတပ်ဖွဲ့ဝင်ကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ဘန်နူးဂြိုဟ်သိမ်ပေါ်မှရယူထားသော ကျောက်သား၊ ကျောက်စနမူနာများ ပြန်လည်သယ်ယူလာမည့် အောစီးရစ်ရက်စ်အာကာသယာဉ်၏ ကမ္ဘာမြေအပြန်ခရီးစဉ်အတွက် နာဆာပြင်ဆင်နေ



**ဝါရှင်တန် ဇူလိုင် ၁**

ဘန်နူးဂြိုဟ်သိမ်ပေါ်မှ ရယူထားသော ကျောက်သား၊ ကျောက်စနမူနာများ ပြန်လည်သယ်ယူလာမည့် အောစီးရစ်ရက်စ် အာကာသယာဉ်၏ ကမ္ဘာမြေအပြန်ခရီးစဉ်အတွက် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၃၀ ရက်တွင် ရေးသားတင်ပြထားသည်။

အောစီးရစ်ရက်စ် အာကာသယာဉ်သည် ၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း ကမ္ဘာမြေကို အနီးကပ်ဖြတ်ပျံ၍ ဂြိုဟ်သိမ်ကျောက်သားနမူနာများ ထည့်သွင်းထားသည့်အလုံပိတ်ပြွန်ကို ကမ္ဘာ့လေထုလွှာအတွင်းသို့ ပစ်လွှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုံပိတ်ပြွန်သည် ဆောလိတ်စ်စီးတီးမြို့တော်အနောက်ဘက် မိုင် ၇၀ ခန့်အကွာတွင်တည်ရှိသောနယ်မြေအတွင်း လေထီးအကူအညီဖြင့် ပြန်လည်ကျရောက်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မိမိတို့အနေဖြင့် အောစီးရစ်ရက်စ် အာကာသယာဉ်ကို ပို့ဆောင်ပေးမည့် ဘန်နူးဂြိုဟ်သိမ်ကျောက်သားနမူနာထက် အလုံပိတ်ပြွန်ကို ပြန်လည်ရယူရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

အောစီးရစ်ရက်စ် အာကာသယာဉ်သည် ဘန်နူးဂြိုဟ်သိမ်မျက်နှာပြင်ပေါ်ရှိ ကျောက်သား၊ကျောက်စနမူနာများကို ၂၀၂၀ ပြည့်နှစ်တွင် ကောက်ယူခဲ့ခြင်းဖြစ်သည်။

သက်တမ်းအားဖြင့်နှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံရှိသည့် ဘန်နူးဂြိုဟ်သိမ်သည် နေအဖွဲ့အစည်းစတင်ဖွဲ့စည်းဖြစ်ပေါ်ချိန်တွင် ကျန်ရှိခဲ့သည့် အာကာသဒြပ်ထည်တစ်ခုဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

KKO

## Space-X ကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်က ဖလော်ရီဒါပြည်နယ် ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်း အောင်မြင်စွာဆင်းသက်ခဲ့

**ဝါရှင်တန် ဇူလိုင် ၁**

Space-X ကုမ္ပဏီ၏ ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် ဇွန် ၃၀ ရက်က အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်း အောင်မြင်စွာဆင်းသက်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် ကမ္ဘာမြေအပြန်ခရီးစဉ် စတင်ရေးအတွက် ဇွန် ၂၉ ရက်က နိုင်ငံတကာ အာကာသစခန်းမှ ပြန်လည်ထွက်ခွာခဲ့သည်။

ထို့နောက် ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် ဇွန် ၃၀ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်၍ လေထီးများ အကူအညီဖြင့် ဖလော်ရီဒါကမ်းလွန်၌ ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းပေါ်မှ သိပ္ပံပညာစမ်းသပ်ပစ္စည်းများနှင့် အခြားပစ္စည်းကိရိယာ စုစုပေါင်းအလေးချိန် ကီလိုဂရမ် ၁၆၃၀ ကို ပြန်လည်ယူဆောင်လာကြောင်း သိရသည်။



အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် Space-X တို့သည် CRS-28 အမည်ရှိ မစ်ရှင်ဖြင့် အဆိုပါဒရာဂွန်အာကာသကုန်တင်ယာဉ်ကို ဇွန် ၅ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့သည်။

CRS-28 မစ်ရှင်သည် နာဆာနှင့် ရယူထားသည့် သဘောတူညီချက်အရ Space-X ကုမ္ပဏီက လွှတ်တင်ပေးခဲ့သည့် ၂၈ ကြိမ်မြောက် နိုင်ငံတကာအာကာသစခန်း ထောက်ပံ့မစ်ရှင်ဖြစ်ကြောင်း သိရသည်။

KKO

## နာဆာသိပ္ပံပညာရှင်များက အင်ဂျီနျူတီအင်္ဂါဂြိုဟ်ရဟတ်ယာဉ်နှင့် အဆက်အသွယ်ပြန်လုပ်နိုင်ပြီဖြစ်

**ဝါရှင်တန် ဇူလိုင် ၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များသည် အင်ဂျီနျူတီအင်္ဂါဂြိုဟ်ရဟတ်ယာဉ်နှင့် အဆက်အသွယ်ပြန်လုပ်နိုင်ပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၃၀ ရက်တွင် ရေးသားတင်ပြထားသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် အင်္ဂါဂြိုဟ်ပေါ်၌ နှစ်လကျော်ကြာ ငြိမ်သက်နေခဲ့သော်လည်း ဇွန် ၂၈ ရက်က ကျွမ်းကျင်သူများက ၎င်းရဟတ်ယာဉ်နှင့် အဆက်အသွယ်ပြန်လုပ်နိုင်ခဲ့ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် နာဆာမြေပြင်စခန်းနှင့် ဧပြီ ၂၆ ရက်မှစ၍ အဆက်အသွယ်စတင်ပြတ်တောက်ခဲ့သည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ၅၂ ကြိမ်မြောက် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ကင်းထောက်ပျံသန်းမှုကို အဆုံးသတ်နေချိန်တွင် အဆက်အသွယ်ပြတ်တောက်ခဲ့ခြင်းဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ၅၂ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုအတွင်း ၁၃၉၁ ပေအကွာအဝေးကို ၁၃၉ စက္ကန့်ထိ ပျံသန်းခဲ့ကြောင်း နာဆာ၏အဆိုအရ သိရသည်။

နာဆာအဖွဲ့သည် အင်ဂျီနျူတီရဟတ်ယာဉ်ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလက ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လှည့်လာရေးယာဉ်နှင့်အတူ လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ဗီတာမင်ဒီ ဖြည့်စွက်ဆေးပုံမှန်သုံးစွဲပါက နှလုံးရုတ်တရက်ဖောက်နိုင်ခြေ လျှော့ချပေးနိုင်

**ဆစ်ဒနီ ဇူလိုင် ၁**

အသက် ၆၀ ဝန်းကျင်အရွယ်ရှိသူများအနေဖြင့် ဗီတာမင်ဒီ ဖြည့်စွက်ဆေးများ ပုံမှန်သုံးစွဲပါက နှလုံးရုတ်တရက်ဖောက်နိုင်ခြေကို ၂၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဇွန် ၃၀ ရက်တွင် ရေးသားတင်ပြထားသည်။

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အသက် ၆၀ နှင့် ၈၄ နှစ်ကြား လူပေါင်း ၂၀၀၀၀ ကျော်တို့ကို နှစ်စုခွဲ၍ ဗီတာမင်ဒီ၏ အာနိသင်ကို စမ်းသပ်ခဲ့ကြကြောင်း သိရသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ ဗီတာမင်ဒီ နေ့စဉ်ရယူသူများသည် ဗီတာမင်ဒီ ဆေးယောင် (Placebo) ကိုရယူခဲ့သူများထက် နှလုံးဖောက်နိုင်ခြေ ၁၉ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

သို့ရာတွင် ဗီတာမင်ဒီ ရယူသူနှင့် မရသူများကြားတွင် လေဖြတ်နိုင်ခြေနှုန်းကွာခြားမှု မရှိသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဗီတာမင်ဒီသည် အစားအစာမှတစ်ဆင့်၊ နေရောင်နှင့်ထိတွေ့မှုမှတစ်ဆင့် ရယူနိုင်သည့် ဗီတာမင်အမျိုးအစားတစ်မျိုးဖြစ်သည်။

ဗီတာမင်ဒီသည် အရိုးနှင့် ကြွက်သားများကို ကာကွယ်ပေးနိုင်သကဲ့သို့ နှလုံးကျန်းမာရေးကိုလည်း အကျိုးပြုနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

KKO

## ဟော်မုန်းအစားထိုးကုထုံးရယူနေသူ အမျိုးသမီးများ ဦးနှောက်စွမ်းဆောင်ရည်ပျက်စီးမှုရောဂါ မြင့်တက်နိုင်

**နယူးယောက် ဇူလိုင် ၁**

ဟော်မုန်းအစားထိုးကုထုံးရယူနေသော အမျိုးသမီးများ၌ အသက်ရလာချိန်တွင် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ မြင့်တက်စေနိုင်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဇွန် ၃၀ ရက်တွင် ရေးသားတင်ပြထားသည်။

Estrogen - Progestin ခေါ် ဟော်မုန်းကုထုံးရယူနေသူ အမျိုးသမီးများသည် မရယူသူအမျိုးသမီးများနှင့် နှိုင်းယှဉ်ပါက Dementia ဖြစ်နိုင်ခြေ ၂၄ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း ဒိန်းမတ်သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

ဒိန်းမတ်သုတေသနပညာရှင်များသည် အသက် ၅၀ နှင့် ၆၀ ကြား Dementia လူနာအမျိုးသမီးများကို ၎င်းရောဂါမရှိသူ အမျိုးသမီးများနှင့် နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ Estrogen-Progestin ကုထုံးရယူမှုသည် Dementia ဖြစ်နိုင်ခြေ မြင့်တက်လာမှုနှင့်ဆက်စပ်နေကြောင်း ဒိန်းမတ်သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် အဆိုပါကုထုံးကိုအချိန်ကြာကြာ ရယူခဲ့ရလေလေ Dementia ဖြစ်နိုင်ခြေလည်း ပိုမိုမြင့်မားလာလေလေဖြစ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Dementia ရောဂါပုံစံတစ်မျိုးဖြစ်သည့် အယ်ဇိုင်းမားရောဂါသည် အမျိုးသားများထက် အမျိုးသမီးများတွင် နှစ်ဆပို၍ အဖြစ်များကြောင်း သိရသည်။

KKO



# FIFA-MFF U-15 Youth League 2023ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား

**ရန်ကုန် ဇူလိုင် ၁**

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်(ဖီဖာ)၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးပြီး မျိုးဆက်သစ် လူငယ်ကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ယူ-၁၅ အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြသည့်FIFA-MFF U-15 Youth League 2023 (မြန်မာယူ-၁၅ လိဂ်ပြိုင်ပွဲ) ပွဲစဉ်(၂)ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက စတင်ပြီးရန်ကုန်မြို့နှင့်မန္တလေးမြို့တို့တွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။



FIFA-MFF U-15 Youth League 2023 (မြန်မာယူ-၁၅ လိဂ်ပြိုင်ပွဲ) ပွဲစဉ်(၂) ပွဲစဉ် အောက်မြန်မာပြည်ဇုန် ပွဲစဉ်များအဖြစ် Royal Yangon အသင်းနှင့် Sporting Hantha အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Royal Yangon အသင်းက ခြောက်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ဖားစည်မြေ အသင်းနှင့် Red Hwaks အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဖားစည်မြေအသင်းက သုံးဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ အာသာဝတီအက်ဖ်စီအသင်းနှင့် ပဲခူးအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ပဲခူးအက်ဖ်စီအသင်းက ငါးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး ရာမညအက်ဖ်စီအသင်းနှင့် ရွှေပြည်သာအက်ဖ်စီအသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အလားတူ အထက်မြန်မာပြည်ဇုန်ပွဲစဉ်များအဖြစ် ကချင်စတားအသင်းနှင့် ရှမ်းအက်ဖ်စီ (အရှေ့ပိုင်း) အသင်းတို့ ကစားခဲ့ရာ ရှမ်းအက်ဖ်စီ (အရှေ့ပိုင်း) အသင်းက သုံးဂိုး တစ်ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

FIFA-MFF U-15 Youth League 2023 (မြန်မာယူ-၁၅လိဂ်ပြိုင်ပွဲ)ကို အထက်မြန်မာပြည်ဇုန်နှင့် အောက်မြန်မာပြည်ဇုန်ဟူ၍ ပြိုင်ပွဲနှစ်ခု ကျင်းပလျက်ရှိနေပြီး အထက်မြန်မာပြည်ဇုန် ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် မန္တလေးမြို့နှင့် အောက်မြန်မာပြည်ဇုန်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ရန်ကုန်မြို့တို့တွင် ကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။

STA

# ဆေးစစ်မှုမအောင်မြင်ခဲ့သည့်အတွက် အယ်နာဆာအသင်းနှင့် ဇီယက်ချ်တို့အပြောင်းအရွှေ့ပျက်ပြယ်



**လန်ဒန် ဇူလိုင် ၁**

ချဲလ်ဆီးအသင်း တောင်ပံကစားသမား ဇီယက်ချ်သည် ဆော်ဒီ ထိပ်တန်းကလပ် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ကစားရန် အပြီးသတ် သဘောတူညီမှုရရှိခဲ့ပြီး အပြောင်းအရွှေ့အတွက် ဆေးစစ်မှုခံယူခဲ့ရာတွင် ဒူးဒဏ်ရာကြောင့် ဆေးစစ်မှု မအောင်မြင်ခဲ့သည့်အတွက် အပြောင်းအရွှေ့ပျက်ပြယ်ခဲ့ရကြောင်းThe Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၀ ရှိ ဇီယက်ချ်သည် အေဂျက်အသင်းတွင် ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ၂၀၂၀ပြည့်နှစ်က ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဒဏ်ရာပြဿနာများဖြင့် မကြာခဏရုန်းကန်နေရပြီး လက်ရှိတွင်လည်း ဒူးဒဏ်ရာပြဿနာကြောင့် အပြောင်းအရွှေ့ပျက်ပြယ်ခဲ့ရခြင်းဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းက အယ်နာဆာအသင်းက ဇီယက်ကို ခေါ်ယူရန် ကစားသမားအပြင် ချဲလ်ဆီးအသင်းနှင့်ပါသဘောတူညီမှုရရှိခဲ့ပြီးနောက် အပြီးသတ်စာချုပ်ချုပ်ဆိုရန်အတွက် ဆေးစစ်မှုများပြုလုပ်ခဲ့ရာတွင် ဇီယက်ချ်အနေဖြင့် ဒူးဒဏ်ရာအပြင် တင်ပါးဒဏ်ရာပါရှိနေပြီး ဆေးစစ်မှုမအောင်မြင်ခဲ့သည့်အတွက် အယ်နာဆာအသင်းက မခေါ်ယူတော့ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဇီယက်ချ်သည် ပြီးခဲ့သည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလကလည်း ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားရန်နီးစပ်ဖူးပြီး ကလပ်အသင်း နှစ်ခုကြား ပြောင်းရွှေ့ကြေးသဘောတူညီမှု ရရှိခဲ့ပြီးနောက် ဆေးစစ်မှုပြုလုပ်ခဲ့ရာတွင် ဇီယက်အနေဖြင့် ဒူးဒဏ်ရာကြောင့် ဆေးစစ်မှု မအောင်မြင်ခဲ့သည့်အတွက် ပီအက်စ်ဂျီအသင်းနှင့် အပြောင်းအရွှေ့ ပျက်ပြယ်ခဲ့ရပြီး ယခုအခါတွင်လည်း အယ်နာဆာအသင်းနှင့်အပြောင်းအရွှေ့ ထပ်မံပျက်ပြယ်ခဲ့ရသည့်အတွက် ချဲလ်ဆီးအသင်းနှင့် ပြန်လည်ပူးပေါင်းရမည်ဖြစ်ကြောင်း သိရသည်။STA

# လာမည့်အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် One Love အသင်းခေါင်းဆောင် လက်ပတ်ဝတ်ဆင်မှုကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ပိတ်ပင်

**ဇူးရစ် ဇူလိုင် ၁**

ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်က လာမည့် ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများမှ အသင်းခေါင်းဆောင်များအနေဖြင့် One Love အသင်းခေါင်းဆောင်လက်ပတ်ဝတ်ဆင်ခွင့်ရရှိမည်မဟုတ်ဘဲ ပိတ်ပင်ခဲ့သည်ဟု Onefootball သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဥရောပမှထိပ်တန်းအသင်းကြီးများသည် လိင်တူချစ်သူများကို ထောက်ခံအားပေးသည့်အနေဖြင့် One Love သင်္ကေတပါဝင်သည့် အသင်းခေါင်းဆောင်လက်ပတ်များကို ဥရောပအဆင့် ပြိုင်ပွဲများတွင် ဝတ်ဆင်ခဲ့ပြီးနောက် ကာတာနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ထပ်မံဝတ်ဆင်ရန် ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။

သို့သော် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က အဆိုပါ One Loveအသင်းခေါင်းဆောင် လက်ပတ်များကို ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝတ်ဆင်ခွင့်မပြုဘဲ ပိတ်ပင်ခဲ့သကဲ့သို့ ယခုအခါတွင်လည်း ၂၀၂၃ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ပြိုင်ပွဲဝင်အသင်းအချို့မှ အသင်းခေါင်းဆောင်များအနေဖြင့် အဆိုပါ One Love အသင်းခေါင်းဆောင်လက်ပတ်ကို ဝတ်ဆင်ရန် ကြိုးပမ်းနေသည့်အတွက် ဖီဖာက တားမြစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖီဖာက ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် One Love အသင်းခေါင်းဆောင်လက်ပတ်ကို ဝတ်ဆင်မည်ဆိုပါက အနည်းဆုံးအဝါကတ်ပြသခံရမည်ဟု သတိပေးတားမြစ်ခဲ့သကဲ့သို့ ယခုအခါတွင်လည်း ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင်ပါ အဆိုပါအတိုင်းသတိပေးထားခြင်း ဖြစ်ကြောင်း သိရသည်။

STA

# စထရာဘော့အသင်းနည်းပြအဖြစ် ပဲလေ့စ်နည်းပြဟောင်း ဗီအဲရာကိုခန့်အပ်

**ပဲရစ် ဇူလိုင် ၁**

ချဲလ်ဆီးအသင်းနှင့် စထရာဘော့အသင်းပိုင်ရှင် တော့ဘိုလီက လစ်လပ်နေသည့် စထရာဘော့အသင်း နည်းပြသစ်အဖြစ် ပဲလေ့စ်အသင်းနည်းပြဟောင်း ဗီအဲရာကို ခန့်အပ်ရန်အတွက် သဘောတူညီမှုရရှိခဲ့သည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းပိုင်ရှင် တော့ဘိုလီသည် ပြီးခဲ့သည့်လက စထရာဘော့အသင်းကို ၎င်း၏ရင်းနှီးမြှုပ်နှံသူများနှင့်အတူပူးပေါင်းပြီး စထရာဘော့အသင်းကို ဝယ်ယူခဲ့ရာ အသင်း၏ ရှယ်ယာ ၄၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ခဲ့ပြီး ရှယ်ယာအများဆုံးပိုင်ဆိုင်ထားသူဖြစ်လာခဲ့သည်။

အသက် ၄၇ နှစ်ရှိ နည်းပြဗီအဲရာသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ပဲလေ့စ်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခံခဲ့ရပြီးနောက် အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ အောင်မြင်မှုရရှိခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက ရလဒ်ပိုင်း မတည်ငြိမ်မှုများကြောင့် မတ်လအတွင်းက နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် ကလပ်အသင်း လက်မဲ့ဖြစ်နေသူဖြစ်သည်။

စထရာဘော့ အသင်းပိုင်ရှင် တော့ဘိုလီက အသင်းကိုပိုင်ဆိုင်ခဲ့ပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီအကုန်က နည်းပြ အန်တိုနက်တီနှင့်လမ်းခွဲခဲ့ပြီးနောက် လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် နည်းပြသစ်ခန့်အပ်ရန်ကြိုးပမ်းခဲ့ရာမှ နည်းပြဗီအဲရာကို သုံးနှစ်စာချုပ်ဖြင့် ခန့်အပ်ရန်သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။STA

# Bad Homburg Open ဗိုလ်လုပွဲစဉ်တွင် စီနီအာကိုဗာနှင့် ဘာရွန်ဇက်တီတို့ ယှဉ်ပြိုင်ကစားရမည်

**ဘာလင် ဇူလိုင် ၁**

ဂျာမနီနိုင်ငံ ဘက်ဟွမ်ဘတ်တွင် ကျင်းပနေသည့် Bad Homburg Open တင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲစဉ်တွင် ချက်တင်းနစ်မယ် စီနီအာကိုဗာက အီတလီတင်းနစ်မယ် ဘာရွန်ဇက်တီနှင့်ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း Tennis Majors သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စီနီအာကိုဗာသည် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တွင် အမေရိကန်တင်းနစ်မယ် နာဗာရိုနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး စီနီအာကိုဗာက(၆-၂၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

ဘာရွန်ဇက်တီသည် ဆီမီးဖိုင်နယ်အဆင့်တွင် ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ် စဝီယာတက်ခ်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း စဝီယာတက်ခ်သည် ကျန်းမာရေးမကောင်းသဖြင့် ပြိုင်ပွဲမှနုတ်ထွက်သွားခဲ့သည့်အတွက်ကြောင့် ဘာရွန်ဇက်တီက ပွဲကစားစရာမလိုဘဲ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

ဘာရွန်ဇက်တီသည် ဆီမီးဖိုင်နယ်အဆင့်အား ယှဉ်ပြိုင်ကစားရန် မလိုအပ်သည့်အတွက်ကြောင့် ပွဲပန်းသည့်ဒဏ် မခံစားရသော်လည်း ဆီမီးဖိုင်နယ်ပွဲစဉ်ကို ယှဉ်ပြိုင်ကစားခဲ့ရသည့် စီနီအာကိုဗာအနေဖြင့် ပွဲပန်းသည့်ဒဏ်ခံစားခဲ့ရသည်။

စီနီအာကိုဗာက "ဆီမီးဖိုင်နယ်အဆင့်မှာ ရလဒ်ကောင်းတစ်ခုနဲ့ အနိုင်ရရှိခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဗိုလ်လုပွဲစဉ်ကို တက်ရောက်နိုင်ဖို့အတွက် အခက်အခဲတွေများစွာ ကျော်ဖြတ်ခဲ့ရတယ်။ အဆင့်တိုင်းမှာ ခက်ခဲတဲ့ပြိုင်ဘက်တွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့အတွက် ပွဲပန်းနေတယ်။ ဒါပေမဲ့လဲ အောင်မြင်မှုရယူနိုင်ဖို့အတွက် နောက်ဆုံးပွဲတစ်ပွဲပဲ ကျန်တော့တဲ့အတွက် ကျွန်မအနေနဲ့အကောင်းဆုံးပြင်ဆင်သွားမယ်။ ပြိုင်ပွဲပြီးသွားတော့မှပဲ ကောင်းကောင်း အနားယူတော့မယ်"ဟု ပြောကြားခဲ့သည်။ AZL



# လေတပ်အဆင့်မြှင့်တင်ရန်ကြိုးပမ်းနေသော အင်ဒိုနီးရှားနိုင်ငံ

ဝင်းဇင်(သုတေသန)




ဂျပန်နိုင်ငံသည် ၎င်း၏ F-15 တိုက်လေယာဉ်ဟောင်းများမှ ဂျက်အင်ဂျင်အပိုများကို အင်ဒိုနီးရှားနိုင်ငံသို့တင်ပို့ရောင်းချသွားရန် စဉ်းစားသုံးသပ်လျက်ရှိသည်။ ထိုသို့ ရောင်းချခြင်းသည် ဒေသတွင်း၌ ဂျပန်နိုင်ငံ၏ မဟာဗျူဟာမြောက်လွှမ်းမိုးမှုနှင့်ဝင်ငွေရရှိမှု ပိုမိုတိုးတက်လာမည်ဖြစ်သကဲ့သို့ အင်ဒိုနီးရှားနိုင်ငံ၏စစ်ဘက်ဆိုင်ရာ အဆင့်မြှင့်တင်နိုင်ရေးကြိုးပမ်းမှုများကိုလည်း အထောက်အကူပြုစေနိုင်မည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် အင်ဒိုနီးရှားလေတပ် (IDAF) ၏ သက်တမ်းရင့်တိုက်လေယာဉ်များကို စွမ်းဆောင်ရည်မြှင့်တင်ရာတွင်ကူညီရန် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးလေတပ်ဖွဲ့ (JASDF) ကအသုံးပြုပြီးသော F-15 အင်ဂျင်များကို တင်ပို့ပေးသွားမည်ဖြစ်သည်။ နှစ်နိုင်ငံအစိုးရများသည် ကာကွယ်ရေးပစ္စည်းနှင့်နည်းပညာများ လွှဲပြောင်းပေးအပ်ရေးနှင့်စပ်လျဉ်း၍ ယခင်ကတည်းက သဘောတူညီချက်လက်မှတ် ရေးထိုးထားပြီးဖြစ်သောကြောင့် F-15 အင်ဂျင်များရောင်းချရေးအတွက်လမ်းပွင့်လျက်ရှိသည်။ ထို့ပြင် ဂျပန်နိုင်ငံ၏ သက်တမ်းရင့် F-15 လေယာဉ်အစင်း ၁၀၀ ကိုလည်း ခေတ်မီအဆင့်မြှင့်တင်ရန် အခက်အခဲများကြောင့် အနာဂတ်တွင်အသုံးပြုသွားတော့မည်မဟုတ်တော့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ ကာကွယ်ရေးပစ္စည်းလွှဲပြောင်းမှုဆိုင်ရာမူဝါဒသည် ကယ်ဆယ်ခြင်း၊ ပို့ဆောင်ခြင်း၊ စောင့်ကြည့်ခြင်း၊ ကင်းထောက်ခြင်း သို့တည်းမဟုတ် မိုင်းရှာဖွေခြင်းဆိုင်ရာ ကာကွယ်ရေးပစ္စည်းများ လွှဲပြောင်းပေးမှုကို ကန့်သတ်ထားရှိသော်လည်း လက်ရှိအချိန်တွင် F-15 အင်ဂျင်အပိုပစ္စည်းများ လွှဲပြောင်းပေးခြင်းကိုမူ ကန့်သတ်ထားခြင်းမရှိဘဲ ဖြေလျှော့ပေးထားသည်။

ဂျပန်နိုင်ငံသည် အင်ဂျင်စက်အစိတ်အပိုင်းများ တင်ပို့မှုကို ခွင့်ပြုထားရှိပြီး ယခင်ကလည်း အစိတ်အပိုင်းများကို အမေရိကန်သို့တင်ပို့ကာ နိုင်ငံတကာပူးတွဲသုတေသနပြုမှုလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ ဂျပန်အစိုးရသည် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP) နှင့် ညွန့်ပေါင်းမိတ်ဖက် Komeito တို့ကြားပြုလုပ်သွားမည့်အစည်းအဝေး၌ မူဝါဒပိုင်းဆိုင်ရာများ ဆွေးနွေးသွားမည်ဖြစ်သည်။ အပိုအစိတ်အပိုင်းများကို အခြားသော အသုံးအဆောင်များနှင့်အတူ ပြည်ပသို့တင်ပို့နိုင်ရေးအတွက် လက်ရှိလမ်းညွှန်ချက်များကိုပြန်လည်သုံးသပ်ရန် LDP ပါတီအချို့က တောင်းဆိုထားသည်။ ဂျပန်နိုင်ငံသည် အင်ဒိုနီးရှားနှင့် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်မှုရှိလာစေရန်နှင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာ ပတ်ဝန်းကျင်ကိုလည်း ဖန်တီးသွားရန် မျှော်မှန်းထားရှိသည်။

ဂျပန်နိုင်ငံ၏ အသုံးပြုထားသော F-15 အင်ဂျင်များသည် တန်ဖိုးရှိသည့် အရင်းအမြစ်တစ်ခုဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံနှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေခံအုတ်မြစ်ဖြစ်နိုင်သည့်အပြင် F-15 နှင့် F-16 တိုက်လေယာဉ်များ အသုံးပြုလျက်ရှိသည့် အခြားသောနိုင်ငံများအတွက်လည်း များစွာအကျိုးရှိစေမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် အနားပေးထားသော JASDF F-15 အင်ဂျင်များမှ ဆယ်ယူထားသည့် ပြန်လည်အသုံးပြုနိုင်သေးသော Pratt & Whitney F100 တာဘိုအင်ဂျင် အလုံး ၁၀၀ ကို ရှင်းလင်းသွားရန်ရှိနေပြီး အခြားနိုင်ငံများသို့တင်ပို့သွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် ၂၀၂၂ ခုနှစ် ကာလလတ်ကာကွယ်ရေးအစီအစဉ်နှင့်အညီ JASDF F-15 အစင်း ၁၀၀ ကိုလာမည့် ၁၀ စုနှစ်အတွင်း တစ်နှစ်လျှင် F-35 ၁၀ စင်းနှုန်းဖြင့် အစားထိုးသွားရန် ရည်မှန်းထားရှိသည်။ ထို့ပြင် ဂျပန်နိုင်ငံအနေဖြင့် အဆင့်ချထားသော F-15 အင်ဂျင်အလုံး ၂၀၀ ကိုလည်း တစ်နှစ်လျှင် အလုံး ၂၀ နှုန်းဖြင့် နိုင်ငံပေါင်း ၁၆ နိုင်ငံသို့ တင်ပို့သွားမည်ဖြစ်ပြီး ဥရောပနိုင်ငံများ၊ အင်ဒိုနီးရှား၊ ဆော်ဒီအာရေဗျ၊ တောင်ကိုရီးယားနှင့် တရုတ်(တိုင်ပေ)အပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံက ဝယ်ယူသွားရန် စိတ်ပါဝင်စားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံရှိ IHI ကော်ပိုရေးရှင်းသည် F-100 အင်ဂျင်ကို ခွင့်ပြုချက်လိုင်စင်ဖြင့် ထုတ်လုပ်နေခြင်းဖြစ်သည့်အတွက် ၎င်းအင်ဂျင်များကို တတိယနိုင်ငံများသို့ လွှဲပြောင်းပေးမည်ဆိုလျှင် ဂျပန်ကုမ္ပဏီများသည် ပြုပြင်ထိန်းသိမ်းမှုများ လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းအားဖြင့် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနနှင့် အာကာသစက်မှုလုပ်ငန်းအတွက် အပြုသဘောဆောင်သောတိုးတက်မှုများ သွယ်ဝိုက်ဖြစ်ပေါ်လာစေလျက်ရှိသည်။ ဂျပန်နိုင်ငံသည် ဂျက်အင်ဂျင်ထုတ်လုပ်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုအတွက် အဆင့်မြင့်နည်းပညာများ ပိုင်ဆိုင်ထားရှိသော်လည်း လက်နက်တင်ပို့မှု စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဗျူရိုကရေစီယန္တရားလုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်သွားရန်လိုအပ်နေဆဲပင်ဖြစ်သည်။

အင်ဒိုနီးရှားတာဝန်ရှိသူများက IDAF ကို စွမ်းဆောင်ရည်မြှင့်တင်ရန်ကြိုးပမ်းလျက်ရှိကြောင်း၊ ဝေဟင်ပိုင်နက်ကာကွယ်ရေးနှင့် ပြောင်းလဲဖြစ်ပေါ်နေသော လုံခြုံရေးဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းရန်အတွက် လေယာဉ်အလုံအလောက် မရှိသေးကြောင်း အကြိမ်ကြိမ်ပြောဆိုလျက်ရှိသည်။ IDAF သည် F-16 ၃၃ စင်း၊ Su-30 ၁၁ စင်းနှင့် Su-27 ငါးစင်းအပါအဝင် အမေရိကန်နှင့် ရုရှားနိုင်ငံထုတ် ဂျက်တိုက်လေယာဉ် ၄၉ စင်းဖြင့်သာ တာဝန်ထမ်းဆောင်လျက်ရှိပြီး Su-30 သည် IDAF ၏ အဓိကတိုက်လေယာဉ်များအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် F-16 များသည် စွမ်းဆောင်ရည်ကျဆင်းလာပြီး အဆင့်မြှင့်တင်ရာတွင်လည်း ကန့်သတ်ချက်ဖြစ်ပေါ်လျက်ရှိသည်။ ၎င်းတိုက်လေယာဉ်များသည် လေကြောင်းရန်ကာကွယ်ရေးစနစ်နှင့် ပေါင်းစပ်မှသာလျှင် ထိရောက်မှုရှိမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် လေယာဉ်အသစ်များ ဝယ်ယူရန်ကြိုးပမ်းလျက်ရှိပြီး ယခုလအတွင်း Qatari Mirage 2000-5 ဂျက်တိုက်လေယာဉ် ၁၂ စင်း ဝယ်ယူခဲ့သည်။ Mirage လေယာဉ်များသည်သက်တမ်းရင့် Northop F5 လေယာဉ်များနေရာတွင် အစားထိုး တာဝန်ထမ်းဆောင်သွားမည်ဖြစ်ပြီး Supadio လေတပ်အခြေစိုက်စခန်း၌ တပ်ဖြန့်ချထားမည်ဖြစ်သည်။ တာဝန်မှအနားပေးသွားမည့် Northop F5 များကို လေ့ကျင့်ရေးလေယာဉ်အဖြစ် အသုံးပြုသွားမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ရုရှားနိုင်ငံမှ Su-35 တိုက်လေယာဉ်များ ဝယ်ယူရန်စီစဉ်ထားသော်လည်း အမေရိကန်က ၎င်း၏ရန်သူများကို တုံ့ပြန်သည့် ပိတ်ဆို့ချမှတ်မှုအက်ဥပဒေ(CAATSA) အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခြိမ်းခြောက်လျက်ရှိသဖြင့် ဝယ်ယူနိုင်ခြင်းမရှိသေးပေ။ ၎င်းအက်ဥပဒေသည် ရုရှား၊ အီရန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့ကို ပစ်မှတ်ထားလျက်ရှိသည်။ အမေရိကန်သည် ရုရှားတိုက်လေယာဉ်များနေရာတွင် အစားထိုးမှုတစ်ရပ်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံကို F-15EX တိုက်လေယာဉ် ၃၆ စင်းရောင်းချပေးသွားမည်ဖြစ်ကြောင်း ကမ်းလှမ်းခဲ့သော်လည်း လေယာဉ်တစ်စင်းချင်းစီ၏ ဈေးနှုန်းကြီးမြင့်မှုအပြင် ဂျက်လေယာဉ်၏ အီလက်ထရွန်နစ်နည်းပညာ၊ လက်နက်စနစ်များနှင့်စပ်လျဉ်း၍ အမေရိကန်၏ကန့်သတ်ချက်များကြောင့် အင်ဒိုနီးရှားနိုင်ငံသည် Rafales တိုက်လေယာဉ်များကိုသာ ရွေးချယ်ခဲ့ရသည်။ သို့သော် ဘတ်ဂျက်ကန့်သတ်ချက်များနှင့် အခြားသောဦးစားပေးအစီအစဉ်များရှိနေသောကြောင့် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် Rafales တိုက်လေယာဉ်ကိုလည်း အရေအတွက် အနည်းငယ်လောက်သာ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် တောင်ကိုရီးယား၏ KF-21 Boramae တိုက်လေယာဉ်စီမံကိန်းတွင်လည်း အစုရှယ်ယာပါဝင်လျက်ရှိသည်။ သို့သော် အင်ဒိုနီးရှားဘက်က ငွေပေးချေရာတွင် အခက်အခဲဖြစ်ပေါ်နေခြင်းသည် စီမံကိန်းလုပ်ငန်းကို နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်စေလျက်ရှိသည်။ အမေရိကန်အနေဖြင့်လည်း တောင်ကိုရီးယားနိုင်ငံကို အရေးပါသော တိုက်လေယာဉ်နည်းပညာများ လွှဲပြောင်းပေးသွားလိုသော သဘောထားရှိဖွယ်ရာ မရှိပေ။ အကြောင်းမှုကား တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်စစ်လက်နက်များကိုမှီငြမ်းကာ အဆင့်မြှင့်တင်မှုများပြုလုပ်လျက်ရှိသည့်အပြင် အမေရိကန်၏ လက်နက်ရောင်းချမှုဈေးနှုန်းများထက် ဈေးနှုန်းလျှော့ချကာရောင်းချသွားမည့်အလားအလာ ရှိနေသောကြောင့်ပင်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် စစ်ရေးနှင့်ဘဏ္ဍာရေးဆိုင်ရာလိုအပ်ချက်များကြောင့် F-16 များကိုသာ ဆက်လက်အသုံးပြုသွားရတော့မည်ဖြစ်သည်။ F-16 များ၏ စွမ်းဆောင်ရည်များသည် IDAF အဆင့်မြှင့်တင်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စွမ်းမရှိသော်လည်း အမေရိကန်နိုင်ငံနှင့် ကာကွယ်ရေးဆိုင်ရာ ဆက်ဆံမှုတွင် များစွာအသုံးတည့်လျက်ရှိသည့်အပြင် ရုရှားစစ်လက်နက်ပစ္စည်းများဝယ်ယူရာတွင်လည်း အမေရိကန်၏ပိတ်ဆို့မှုများကို ကျော်လွှားနိုင်မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဘတ်ဂျက်အကန့်အသတ်ရှိနေချိန်တွင် ဂျပန်နိုင်ငံနှင့် F-16 တိုက်လေယာဉ်များ ဝန်ဆောင်မှုပြုလုပ်ခြင်းကို ဆက်လက်ထိန်းသိမ်းထားခြင်းနှင့် အမေရိကန်၏ အကူအညီများကိုလက်ခံခြင်းသည် ၎င်း၏နိုင်ငံရေးဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်မှုရရှိရေးအတွက် အထောက်အပံ့တော့ဖြစ်နေသည်။ လေတပ်အဆင့်မြှင့်တင် တည်ဆောက်ရာတွင် ကြုံတွေ့ရသော အင်ဒိုနီးရှားနိုင်ငံ၏ ပြဿနာများသည် ကာကွယ်ရေးဆိုင်ရာမိတ်ဖက်များ၏ရှုပ်ထွေးသော သဘောသဘာဝကို မီးမောင်းထိုးပြလျက်ရှိသည်။

**❖ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဘတ်ဂျက်အကန့်အသတ်ရှိနေချိန်တွင် ဂျပန်နိုင်ငံနှင့် F-16 တိုက်လေယာဉ်များ ဝန်ဆောင်မှုပြုလုပ်ခြင်းကို ဆက်လက်ထိန်းသိမ်းထားခြင်းနှင့် အမေရိကန်၏အကူအညီများကိုလက်ခံခြင်းသည် ၎င်း၏နိုင်ငံရေးဆိုင်ရာရည်မှန်းချက်များ အောင်မြင်မှုရရှိရေးအတွက် အထောက်အပံ့တော့ဖြစ်နေသည်။ လေတပ်အဆင့်မြှင့်တင်တည်ဆောက်ရာတွင် ကြုံတွေ့ရသော အင်ဒိုနီးရှားနိုင်ငံ၏ ပြဿနာများသည် ကာကွယ်ရေးဆိုင်ရာမိတ်ဖက်များ၏ ရှုပ်ထွေးသောသဘောသဘာဝကို မီးမောင်းထိုးပြလျက်ရှိသည်။ ❖**

ထိုသို့ ဝေ့လည်ကြောင်ပတ်ဖြစ်နေခြင်းသည် အင်ဒိုနီးရှားနိုင်ငံ၏ လွတ်လပ်သောနိုင်ငံခြားရေးမူဝါဒကြောင့်ပင်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏နိုင်ငံခြားရေးမူဝါဒသည် ဒေသတွင်းပဋိပက္ခများတွင် ပါဝင်ပတ်သက်မှု ဖြစ်မလာစေရန်နှင့် ပြင်ပအင်အားကြီးနိုင်ငံများကြောင့် တိုင်းပြည်ကို စစ်မြေပြင်တစ်ခုအဖြစ်အသုံးချမခံရစေရန် မိတ်ဖက်နိုင်ငံတစ်နိုင်ငံအပေါ် အလွန်အမင်းမှီခိုခြင်းမှရှောင်ရှားဆောင်ရွက်လျက်ရှိသော်လည်း လက်ရှိ ပထဝီနိုင်ငံရေးဆိုင်ရာပတ်ဝန်းကျင်သည် ဟန်ချက်ထိန်းညှိနိုင်ရန် ခက်ခဲလာပြီဖြစ်ပေသည်။

**ကိုးကား**

- **Indonesia Looking to Japan for old F-15 Engine Deal by Asia Times.**

# Miss Universe Amarapura & Kyaukse 2023 Grand Final ပြိုင်ပွဲတွင် ကိုယ်စားပြုအလှမယ်နှစ်ဦး ရွေးချယ်မည်ဖြစ်



**ရန်ကုန် ဇူလိုင် ၁**

Miss Universe Amarapura & Kyaukse 2023 Grand Final ပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး၌ ဩဂုတ် ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး Amarapura & Kyaukse ကိုယ်စားပြုအလှမယ် နှစ်ဦးကို ရွေးချယ်သွားမည်ဖြစ်ကြောင်း Miss Universe Kyaukse 2023 City Director ဦးစိုးသူအောင်က ပြောပြ၍ သိရသည်။

အဆိုပါ Miss Universe Amarapura & Kyaukse 2023 Grand Final ပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ဟိုတယ်ရွှေပြည်သာတွင် ပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲသို့ အလှမယ် ၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

"Miss Universe Amarapura & Kyaukse 2023 Grand Final ပြိုင်ပွဲကနေ Miss Universe Amarapura 2023 အလှမယ်တစ်ယောက်နဲ့ Miss Universe Kyaukse 2023 အလှမယ်တစ်ယောက် စုစုပေါင်းနှစ်ယောက် ရွေးချယ်မှာပါ။ သူတို့နှစ်ယောက်ဟာ Miss Universe Myanmar 2023 ပြိုင်ပွဲမှာ ဆက်လက်ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်"ဟု Miss Universe Kyaukse 2023 City Director ဦးစိုးသူအောင်က ပြောပြသည်။

Miss Universe Amarapura & Kyaukse 2023 Grand Final ပြိုင်ပွဲမှ ရွေးချယ်ခံရသည့် အလှမယ်နှစ်ဦးသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ရွေးချယ်ထားသည့် ကိုယ်စားပြုအလှမယ်များနှင့်အတူ မကြာမီကျင်းပမည့် ၁၀ ကြိမ်မြောက် Miss Universe Myanmar 2023 ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။ ASH

# Community ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဒေါ်နယ်ဂလိုဗား ပါဝင်မည်


**နယူးယောက် ဇူလိုင် ၁**

Community ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဒေါ်နယ်ဂလိုဗား ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Movie Web သတင်းဝက်ဘ်ဆိုက်က ဇွန် ၃၀ ရက်တွင် ရေးသားတင်ပြထားသည်။

Community ဇာတ်ကားသည် NBC ရုပ်သံဌာန၏ Community ရုပ်သံဇာတ်လမ်းတွဲကို အခြေပြုရိုက်ကူးမည့်ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်လမ်းတွဲ၌ ထရိုင်းဘားနက်အဖြစ် သရုပ်ဆောင်ခဲ့သော ဒေါ်နယ်ဂလိုဗားသည် Community ရုပ်ရှင်ဇာတ်ကားတွင်လည်း ထရိုင်းဘားနက်အဖြစ်ပင် ပါဝင်မည်ဖြစ်သည်။

Community ရုပ်ရှင်ဇာတ်ကားတွင် ဒေါ်နယ်ဂလိုဗားအပြင် မူလဇာတ်လမ်းတွဲမှ သရုပ်ဆောင်အများအပြား ပြန်လည်ပါဝင်မည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို Community ဇာတ်လမ်းတွဲဖန်တီးရှင် ဒန်းဟာမွန်က အင်ဒရူးဂတ်နှင့်ပူးတွဲရေးသားထားကြောင်း၊ Community ရုပ်ရှင်ဇာတ်ကားကို ၂၀၂၄ ခုနှစ်အတွင်း ရုံတင်ပြသရန် ထုတ်လုပ်သူများက ရည်ရွယ်ထားကြောင်း သိရသည်။ KKO



# အောင်မြတ်သာနှင့်အိမ့်တစ်လိမ့်စုန်း ရုပ်သံဇာတ်လမ်းကို Channel K ရုပ်သံလိုင်းနှင့် Shwe Stream မှ ထုတ်လွှင့်ပြသသွားမည်ဟုဆို

**ရန်ကုန် ဇူလိုင် ၁**

အောင်မြတ်သာနှင့် အိမ့်တစ်လိမ့်စုန်း ရုပ်သံဇာတ်လမ်းကို Channel K ရုပ်သံလိုင်းနှင့် Shwe Stream မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ သီဟမင်းညီက ပြောပြ၍ သိရသည်။

အဆိုပါ အောင်မြတ်သာနှင့် အိမ့်တစ်လိမ့်စုန်းရုပ်သံဇာတ်လမ်းကို ထက်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် စာရေးဆရာ ဇေယန(ရာမည)၏ ဝတ္ထုကို ဖိုးကျော်(သန်လျင်)က ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ သီဟမင်းညီက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းကလဲ အောင်မြတ်သာစီးရီးထဲက ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ သည်းထိတ်ရင်ဖိုလျှို့ဝှက်ဆန်းကြယ် ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ ဖျော်ဖြေရေးဖြစ်တဲ့အတွက် ဖျော်ဖြေရေးလိုပဲ နားလည်ခံစားစေလိုပါတယ်။ အောင်မြတ်သာ ရုပ်သံဇာတ်လမ်းတွေကတော့ မေ ၃၁ ရက်ကတည်းက Shwe Stream You Tube Channel နဲ့ Channel K ရုပ်သံလိုင်းကနေ တစ်ပိုင်းချင်း ထုတ်လွှင့်နေပါတယ်။ ပရိသတ်အားပေးကြတဲ့အတွက် ဇာတ်လမ်းတွဲလို ကြည့်နိုင်အောင် ဆက်တိုက်ထုတ်လွှင့်ပေးနေတာဖြစ်ပါတယ်။ ဒီဇာတ်လမ်းကိုတော့ ဇူလိုင် ၇ ရက်မှာ Shwe Stream You Tube Channel နဲ့ Channel K မှာပြသပေးမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ သီဟမင်းညီက ပြောပြသည်။




အဆိုပါ အောင်မြတ်သာနှင့် အိမ့်တစ်လိမ့်စုန်း ရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင် စစ်နိုင်၊ လင်းအောင်၊ မျိုးကို၊ အိမြတ်၊ ထက်နဒီ၊ ကိုဘုဏ်း၊ ဒေါ်သန်းသန်းဆင့် စသည့်သရုပ်ဆောင်များ ပါဝင်ထားကြောင်း သိရသည်။ ASH

# How She Caught a Killer ၌ မင်းသမီး ဆာရာအင်ဒရူး ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဇူလိုင် ၁**

Lifetime ရုပ်သံဌာန၏ How She Caught a Killer အမည်ရှိ လျှို့ဝှက်သည်းဖို မှုခင်းဇာတ်ကားတွင် မင်းသမီး ဆာရာအင်ဒရူး ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇွန် ၃၀ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး ဆာရာအင်ဒရူးသည် လိင်ဖျော်ဖြေရေးလုပ်သားများကို ပစ်မှတ်ထား သတ်ဖြတ်နေသည့် လူသတ်သမားတစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရန် ကြိုးစားနေသောရဲစုံထောက်တစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

How She Caught a Killer ဇာတ်ကား၌ မင်းသမီး ဆာရာအင်ဒရူးသည် မင်းသား အားရစ်ကင်နလေဆိုက်၊ ဂျမောဂျွန်ဆင်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

ဆာရာအင်ဒရူးသည် အထက်ပါဇာတ်ကား၌ ကိုယ်တိုင်ပါဝင်သရုပ်ဆောင်မည့်အပြင် ထုတ်လုပ်သူတာဝန်ကိုလည်း ရယူထားသည်။

ဆာရာအင်ဒရူးသည် Lifetime ရုပ်သံဌာနအတွက် ရုပ်ရှင်ဇာတ်ကား နှစ်ကား၌ ပါဝင်သရုပ်ဆောင်ရန် သဘောတူထားသည်။

How She Caught a Killer ဇာတ်ကားရိုက်ကူးမည့် ဒါရိုက်တာကို Lifetime ရုပ်သံဌာနက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။ KKO



# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးအနုပညာရှင်များကို ဇွန်လအတွက် လစဉ်ပံ့ပိုးကြေးများ ထုတ်ပေးမည်

**ရန်ကုန် ဇူလိုင် ၁**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးအနုပညာရှင်ဦးရေ ၅၀ ကို ဇွန်လအတွက် လစဉ် ပံ့ပိုးကြေးများကို ဇူလိုင် ၃ ရက်မှစတင်ကာ ထုတ်ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် သက်ကြီးအနုပညာရှင်များကို လစဉ်ပံ့ပိုးကြေးအဖြစ် သက်ကြီးအနုပညာရှင်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ကို မပျက်မကွက် လစဉ် ထုတ်ပေးလျက်ရှိသကဲ့သို့ ရုပ်ရှင်အစည်းအရုံးဝင် အလွှာအသီးသီးမှ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကို အခါအားလျော်စွာ ပံ့ပိုးကြေးများ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

"သက်ကြီး အနုပညာရှင်၊ အတတ်ပညာရှင်အယောက် ၅၀ ကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ်ပံ့ပိုးလျက်ရှိပါတယ်။ ဇူလိုင် ၃ ရက်က စတင်ပြီးတော့ ဇွန်လအတွက် ပံ့ပိုးကြေးကို ထုတ်ပေးမှာဖြစ်ပါတယ်။ အလားတူ အရင်အစဉ်အလာအတိုင်းပဲ ကျောင်းနေအရွယ်ကလေးတွေရှိနေတဲ့ ရုပ်ရှင်လောကသား ကျောင်းသားမိဘတွေကို ကျောင်းဝတ်စုံနဲ့ စာရေးကိရိယာတွေ ကူညီပံ့ပိုးပေးဖို့ အစီအစဉ်တွေ လုပ်ဆောင်နေပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

ထို့ပြင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အစည်းအရုံးဝင်များကို ဆန်၊ ဆီ၊ ပဲ၊ ဆား ငါးသေတ္တာ စသည့်စားသောက်ကုန်များ ပံ့ပိုးလျက်ရှိရာ ပြီးခဲ့သည့်ဧပြီလအတွင်းက ရုပ်ရှင်အစည်းအရုံးအလွှာအသီးသီးမှ ရုပ်ရှင်လောကသားများကို ဆန်၊ ဆီအပါအဝင် စားသောက်ကုန်နှင့် လူသုံးကုန်များကို ဒုဒိယအကြိမ်အဖြစ် ပံ့ပိုး ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ASH

# MAI introduces more direct flights from Yangon and Mandalay to Don Mueang Airport from July 14



A plane from MAI.

**Yangon July 1**

Myanmar Airways International (MAI) will arrange more direct flights to Thailand's Don Mueang Airport from Yangon and Mandalay starting from July 14, according to the news released by the airline on June 28.

The airline started direct flights to Don Mueang Airport on June 15, 2015.

It is operating Yangon-Don Mueang-Mandalay-Don Mueang-Yangon direct flights every Monday, Tuesday, Wednesday, Thursday and Saturday.

The airline is operating direct flights on Mondays, Tuesday sand Thursdays with Embraer E190s plane and on Wednesdays and Saturdays with Airbus A319s plane.

The flight will be extended on Fridays and Sundays starting from July 14.

Therefore, the airline will operate a daily flight between Yangon-Don Mueang-Mandalay-Don Mueang-Yangon direct flights starting July 14.

It is currently planning to expand its flights to Kuala Lumpur and Singapore.

It is currently based in Yangon and Mandalay, and has ten planes flying to 27 cities in the country and Thailand, Singapore, Malaysia, China, India, UAE, Cambodia, Vietnam and South Korea.

336

# Some 15 Irrawaddy dolphins move to Indaung Village of protection area

**Mandalay July 1**

Some 15 Irrawaddy dolphins moved to surrounding area of Indaung Village which is one of the dolphin protection area, said U Maung Maung Kay, leader of Irrawaddy dolphin protection team.

The team set records on situation of the dolphins between Mandalay and Kyaukmyaung three times a month. In the second week of June, those dolphins inhabit near Mingun.

"We check situation of the dolphins in the protection area on the morning of 27 June. Currently, some 15 dolphins have moved to Indaung Village of Wetlet Township," he explained.

The fishermen residing in the village between Mandalay and Kyaukmyaung area need to inform the protection team about their findings of dolphins.

According to the records, there are 28 dolphins between Mandalay and Kyaukmyaung, 37 between Malei of Kanbalu Township and Shwegu Township and 14 in Bhamo Township, totalling 79 from 10 to 20 February 2023.

184



Irrawaddy dolphins roaming in the river.

# Hainggyikyun to grow over 47,000 acres of monsoon paddy this year

**Hainggyikyun July 1**

It has been targeted to grow 47,076 acres of monsoon paddy in the current monsoon paddy cultivation season in Hainggyikyun, Ngapudaw Township, Ayeyawady Region, said U Tun Myo Thant, head of the Township Agriculture Department.

The cultivation will start in July with technical methods to ensure systematic cultivation and prevent pests by conducting field trips.

"Hainggyikyun has set a target to grow 47,076 acres of monsoon paddy this year. We will be providing field training for systematic cultivation and pest prevention. Of the monsoon and summer paddy, we mainly focus on monsoon paddy cultivation," said U Tun Myo Thant.

Now, the Township Agriculture Department, Administration Council, Mechanization Department and Irrigation and Water Utilization Management Department are cooperating in the effort to achieve success in cultivation.

Pale fertilizers produced by State-owned factories are being distributed at a fair price and in installments for the convenience of local farmers.

Kyaw Kyaw Lin

# France shooting: Macron accuses rioters of exploiting teen killed by police

**Paris July 1**

Emmanuel Macron has accused protesters of exploiting the death of a teenager shot by police at point-blank range.

At a crisis meeting, France's president said more officers would be deployed to contain the violence, but stopped short of declaring a state of emergency.

He urged parents to keep rioting children at home and social media platforms to remove certain content.

France has been rocked by three nights of unrest after Nahel M, 17, was killed as he drove away from a traffic stop.

More than 915 arrests were made on Thursday night alone, officials said, and the government announced it would deploy 45,000 police officers in a bid to contain further violence.

Mr Macron said that about a third of those arrested for rioting were "young, or very young", with Interior Minister Gérald Darmanin later clarifying that some were as young as 13.

Imploring parents to take action, he said it was their "responsibility" to keep any child intending to protest "at home".

Mr Macron condemned the violence of the last three days "with the greatest firmness" and said Nahel's death had been used to justify acts of violence - calling it an "unacceptable exploitation of the adolescent's death". BBC

# Moldova attack: Two dead as man opens fire inside Chisinau airport

**Chisinău July 1**

Two people have been killed after a man opened fire at Chisinau International Airport, the Moldovan Interior Ministry has said.

The gunman was wounded and has been detained, said police.

Officials said the shooting had taken place after a foreign citizen was denied entry to the country.

President Maia Sandu said the two dead were a border guard and an airport security official; a third person was wounded.

Moldovan Prime Minister Dorin Recean said the suspect was a 43-year-old Tajikistan national.

He had arrived from Turkey and was then refused entry, government press secretary Daniel Voda told Moldovan TV.

While being taken to a special area at the airport, the man seized a gun from a border police officer and killed two people, Mr Voda explained.

Videos from the scene showed passengers outside the airport on the grass, as the building was evacuated.

Flights in and out of Chisinau airport, which is the country's largest, have been grounded.

BBC



# Myanmar imports industrial raw materials mostly between 2020-2021 FY and 2023-2024 FY



Yangon International Port handling cargo containers.

**Nay Pyi Taw July 1**

Myanmar imported industrial raw materials mostly from 2020-2021 till May 2023-2024 FY, according to reports from the Ministry of Commerce.

In Myanmar's foreign customer market, the import sector is divided into investment goods group, industrial raw materials group and consumer goods group.

In the 2020-2021 FY, Myanmar imported US$5,443.823 million worth of industrial raw materials: US$4,904.367 million from the maritime trade route and US$539.456 million from the border trade route.

In 2021-2022 mini-budget period, Myanmar imported US$3,881.731 million worth of industrial raw materials: US$3,532.119 million from the sea trade route and US$349.612 million from the border trade route.

In the 2022-2023 FY, Myanmar imported US$8,953.114 million worth of industrial raw materials: US$8,123.460 million through sea trade, and US$829.654 million through border trade.

In the 2023-2024 FY, Myanmar imported US$1,668.046 million worth of industrial raw materials: US$1,479.604 million via sea trade route, and US$188.442 million via border trade route.

Industrial raw materials include raw materials needed for the products of domestic industries and garment industries, and cement used in construction sector. 336

# Yinkwe mangoes receive good demand from China fetching good price this year

**Mandalay July 1**

The price of the Yinkwe mangoes produced this year for export to the Chinese market is better than last year, said U Kyaw Soe Naing, secretary of the Myanmar Mango Market and Technology Development Association (Mandalay).

At the moment, the season of Sein Ta Lone and Shwe Hintha mangoes in the plains is almost over, and the Yinkwe mangoes are being exported to the Chinese market. Last year's mango season, a 16-kg basket of Yinkwe mangoes fetched more than 70 yuan but it is 80 to 90 yuan per 16-kg basket, fetching good prices.

Myanmar is exporting mangoes to the Chinese market this year due to the demand from China. Myanmar exports Sein Ta Lone, Shwe Hintha, Yinkwe, Padamya Nga Mauk and Methi mangoes to the Chinese market in the mango season. This year's yield is low due to the weather, but it is fetching a good price in the market. 185



Yinkwe mangoes in packages for sale at a market.

# Over 40,000 acres of other crops grown in Sagaing Township this monsoon cultivation season

**Sagaing July 1**

More than 40,000 acres of other crops have been grown in Sagaing Township of Sagiang Region in the current monsoon cultivation season, according to the Sagaing Township Agriculture Department.

It has been targeted to grow 103,876 acres of other crops in the monsoon cultivation season of the current 2023-2024 fiscal year. Cultivation started in May and 40,933 acres of crops have been grown so far.

We have put over 40,000 acres under cultivation of other crops this monsoon against the target of over 100,000 acres. We will try to meet the target," said U Zaw Oo, head of the Sagaing Township Agriculture Department.

Of the total acres of crops grown, maize is on 412 acres, toddy palm on 2,080 acres, betel leaf on 27 acres, white jute on 579 acres, banana on 263 acres, coconut on 144 acres, vegetables on 6,123 acres, fruit trees on 2,890 acres, crops for feeding cattle on 25,953 acres and others.

In the previous 2022-2023 monsoon cultivation season, 111,622 acres of other crops were grown in the township, according to the township department's data.

The department is conducting field trips to provide cultivation methods and ways to prevent pests. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Ancient monastery with 99 windows needs maintenance

**Minbu July 1**

It is necessary to maintain more than 100 years old ancient monastery built with 99 windows located near the precinct of Thamuddagiri Mya Ceti near Kyakan Village of Minbu Township, said current abbot of the monastery U Candavara.

"Such a monastery is more than 100 years old. It has been closed for damage. I reside at the monastery near the old monastery. Such an ancient monastery is architectural works of mason Gu Gu Sami of India. But, it does not face collapse till today. But, such more than 100 years old building is dangerous for all," the Sayadaw remarked.

The ancient monastery was resided by Sayadaw U Teja, Sayadaw U Kodanna and Sayadaw U Kosalla. Interior of the monastery is in very ruins. It needs emergency maintenance for ancient architectural works, said the Sayadaw.

Such a monastery did not collapse in the British and Japanese era. During the 100 years period, the monastery defied impacts of earthquakes and climatic conditions.

"The monastery was contributed by well-wisher U Myat Kyaw-Daw Baing Bon. We were worried about collapse of the monastery in bombing of Japanese era but it was free from dangers, U San Mya, 94 years old, from Kyakan Village of Minbu Township, recounted.

The monastery was decorated with Indian and Mon architectural works. It is very wonderful works, said historical researcher U Kyaw Sein Win of Minbu Township.

Po Htet (Minbu)



The 100-year-old monastery building in Minbu.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## Bradley ခြေလျင်တိုက်ခိုက်ရေးယာဉ်များ ယူကရိန်းသို့ထပ်မံပေးပို့သွားမည်ဖြစ်ကြောင်း အမေရိကန်ပြောကြား



ပင်တဂွန်စစ်ဌာနချုပ်သည် Bradley ခြေလျင်တိုက်ခိုက်ရေးယာဉ် အစီး ၃၀ အပါအဝင် စစ်လက်နက်အကူအညီပေးရေး ပက်ကေ့ချ်သစ်တစ်ရပ်ကို ယူကရိန်းသို့ ထပ်မံပေးပို့သွားမည်ဟု အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက မတ် ၂၇ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

ယခုလအစောပိုင်းတွင် ရုရှားတပ်များကို ယူကရိန်းတို့၏ တန်ပြန်ထိုးစစ်ဆင်လာချိန်မှစ၍ သံချပ်ကာယာဉ် ၁၂ စီးကျော် ပျက်စီးသွားခဲ့ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ သန်း ၅၀၀ တန်ဖိုးရှိသော အဆိုပါစစ်လက်နက်အကူအညီသည် ရုရှား၏အထူးစစ်ဆင်ရေး စတင်ချိန်မှစ၍ ယူကရိန်းသို့ထောက်ပံ့ပို့ဆောင်ပေးခဲ့သည့် ၄၁ ကြိမ်မြောက် စစ်ဘက်ဆိုင်ရာ အကူအညီများလည်းဖြစ်သည်။

၎င်းတွင် Bradley ခြေလျင်တိုက်ခိုက်ရေးယာဉ်အစီး ၃၀၊ Stryker သံချပ်ကာယာဉ် ၂၅ စီး၊ ၁၅၅ မီလီမီတာအမြောက်ကျည်များ၊ Patriot လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်အတွက် ဒုံးကျည်များ၊ မိုင်းနှင့်အတားအဆီးရှင်းလင်းရေး ပစ္စည်းကိရိယာများပါဝင်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါကြေညာချက်သည် ရုရှားတပ်များ၏ တုံ့ပြန်တွန်းလှန်ချေမှုန်းနိုင်ခဲ့သည့် ခံစစ်ကြောင်းများကို ထိုးဖောက်နိုင်ခဲ့ခြင်း မရှိသည့် ယူကရိန်းတို့၏ တစ်လကြာမျှသာရှိသေးသောတန်ပြန် ထိုးစစ်အချိန်တွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားလုံခြုံရေးကောင်စီမှ တရားဝင်ထုတ်ပြန်ထားသော ကိန်းဂဏန်းများအရ ဇွန် ၄ ရက်မှ ၂၁ ရက်ထိ မိုင်းကွင်းများကိုဖြတ်ကျော်၍ အကြိမ်ကြိမ်ထိုးစစ်ဆင်တိုက်ခိုက်မှုများအတွင်း ယူကရိန်းတပ်ဖွဲ့ဝင် ၁၃၀၀၀ ကျော်၊ တင့်ကား ၂၄၆ စီးနှင့် ခြေလျင်တိုက်ခိုက်ရေးယာဉ် ၁၅၂ စီးတို့ ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ပျက်စီးနေသော Bradley နှင့်ဂျာမနီက ပံ့ပိုးပေးသော Leopard 2 တင့်ကားများပြသထားသည့် ဗီဒီယိုများသည် အွန်လိုင်းတွင်ပျံ့နှံ့သွားခဲ့ပြီး အမေရိကန်တာဝန်ရှိသူများက ယူကရိန်းသို့ပေးပို့ထားခဲ့သော Bradley ခြေလျင်တိုက်ခိုက်ရေးယာဉ် ၁၁၃ စီးအနက် ၁၇ စီးမှာပျက်စီးခဲ့ကြောင်း ယခုသီတင်းပတ်အတွင်း၌ ဝန်ခံပြောကြားသွားခဲ့သည်။

၎င်း၏ဆုံးရှုံးမှုများအတွက် သိသာထင်ရှားသော စစ်မြေပြင်အကျိုးအမြတ်ရရှိမှုအနေဖြင့်လည်းမရှိသဖြင့် အမည်မဖော်လိုသည့် အမေရိကန်အရာရှိတစ်ဦးက တန်ပြန်ထိုးစစ်ကို နောက်ထပ်လာလိမ့်ဦးမည်ဟု ပြောကြားခဲ့သည်။

ယခုနောက်ဆုံး ပံ့ပိုးပေးအပ်မှုသည် သီတင်းပတ်နှစ်ပတ်အတွင်း ဒုတိယအကြိမ်မြောက် ပေးအပ်ခဲ့ခြင်းလည်းဖြစ်သည်။ ဇွန် ၁၃ ရက်က ကြေညာခဲ့သော စစ်လက်နက်အကူအညီများတွင် Bradley တိုက်ခိုက်ရေးယာဉ် ၁၅ စီးပါဝင်ပြီး ပုံမှန်အတိုင်း ဝေဟင်ပစ်ဒုံးကျည်များနှင့်အမြောက်ကျည်များပါဝင်သည်။

ရုရှားတပ်ဖွဲ့များသည် အမေရိကန်နှင့် NATO အဖွဲ့တို့၏ စွမ်းဆောင်ရည်မြင့်မားသော ဒက္ကာရီလာစစ်လက်နက်ကြီးများကို နေ့စဉ်နှင့်အမျှ ချေမှုန်းနေရသည်ဟု အမေရိကန်ရှိ ရုရှားသံရုံးက ဇွန် ၂၇ ရက်တွင် ထုတ်ပြန်ချက်တစ်ခု၌ ရေးသားဖော်ပြထားပြီး Donbass ရှေ့တန်းစစ်မျက်နှာရှိ လယ်ကွင်းများတွင် မီးခိုးထွက်နေသည့် စစ်လက်နက်ပစ္စည်းများကို ညွှန်ပြပြောဆိုခဲ့ခြင်းလည်းဖြစ်သည်။

စစ်လက်နက်ပစ္စည်းကိရိယာများ ထပ်မံပေးပို့နေခြင်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံအား မဟာဗျူဟာမြောက်ရှုံးနိမ့်မှုဖြစ်စေရန် စိတ်ကူးကို အမေရိကန်အနေဖြင့် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်ဟု ရုရှားသံရုံးက ထုတ်ပြန်ခဲ့သည်။

"ဒီလိုလုပ်နေတာဟာ အမေရိကန်နိုင်ငံဟာ သူ့ရဲ့ဖောက်သည်နိုင်ငံတွေကို ပိုပိုပြီး စိတ်ပျက်လက်ပျက် စွန့်စားခန်းတွေဆီကို တွန်းပို့နေသလိုမျိုးပါပဲ။ နောက်တစ်ဖက်မှာလဲ ယူကရိန်းနိုင်ငံသားတွေရဲ့ ဘဝတွေဟာ အမေရိကန်အာဏာပိုင်တွေအတွက် ဘာမှတန်ဖိုးမရှိ၊ အဓိပ္ပာယ်မရှိပါဘူး"ဟု အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားသံရုံး၏ ထုတ်ပြန်ချက်တွင် ပြောကြားထားသည်။

၂၀၂၃ ခုနှစ် ဇွန် ၂၇ ရက်ထိ အမေရိကန်နိုင်ငံသည် ယူကရိန်းကို တိုက်ရိုက်ပေးအပ်မည့် စစ်ရေးအကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ ဘီလီယံကျော်ကို ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလကတည်းက ကတိကဝတ်ပြုထားသည်။

အမေရိကန် တာဝန်ရှိသူများက ယူကရိန်းသို့ လက်နက်ဆက်လက်ပံ့ပိုးမှုကိုအကြောင်းပြပြီး အောင်မြင်သော တန်ပြန်ထိုးစစ်ကို ဆင်နွှဲသွားနိုင်ရေး တောင်းဆိုနေသည်ဟု သတင်းများထွက်ပေါ်နေသော်လည်း သမ္မတ Joe Biden သည် ယူကရိန်းနိုင်ငံအတွက် ပံ့ပိုးမှုကို ဆက်လက်ပြုလုပ်သွားမည်ဟု ကတိပြုထားသည်။

**Pentagon to send more Bradleys to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## ပိုလန်နိုင်ငံက အမေရိကန်ထုတ် Abrams တင့်ကားများ ပထမအသုတ်လက်ခံရရှိခဲ့



ယူကရိန်းတွင် ဖြစ်ပွားလျက်ရှိသော စစ်ရေးပဋိပက္ခများကြောင့် နိုင်ငံ၏စစ်ရေးစွမ်းအားကို အဆင့်မြှင့်တင်ရန်ကြိုးပမ်းနေသည့် ပိုလန်နိုင်ငံသည် အမေရိကန်ထုတ် အဆင့်မြင့် Abrams တင့်ကားများဝယ်ယူမှုအတွက် ပထမဆုံးအသုတ် လက်ခံရရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီး Mariusz Blaszczak က ဇွန် ၂၈ ရက်က ပြောကြားခဲ့သည်။

ပိုလန်နိုင်ငံ ဝါဆောမြို့ရှိ အာဏာပိုင်များသည် အမေရိကန်မှအဆင့်မြင့် Abrams တင့်ကား စုစုပေါင်း ၃၆၆ စီးကို မှာယူထားပြီး ပထမအသုတ်အနေဖြင့် တင့်ကား ၁၄ စီး Szczecin ဆိပ်ကမ်းမြို့သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

"ပထမဆုံးအဆင့်မြင့် Abrams တင့်ကားတွေဟာ ပိုလန်မြေပေါ်မှာရောက်ရှိနေပြီ။ ဒီနေ့ဟာ ပိုလန်စစ်ဘက်အတွက် အရေးကြီးတဲ့နေ့ပါပဲ။ ဒီနှစ်ကျွန်တော်တို့မှာ တင့်ကားတွေ ပိုများလာမှာဖြစ်ပြီး အဆင့်မြင့် Abrams တင့်ကားတွေနဲ့ တပ်ရင်းတစ်ခုကို ဖွဲ့စည်းသွားမှာပါ။ အမေရိကန်ထုတ်အဆင့်မြင့် Abrams တင့်ကားတွေက ကမ္ဘာ့အကောင်းဆုံး တင့်ကားတွေအဖြစ် ချီးကျူးပြောဆိုခဲ့ပါတယ်"ဟု ပိုလန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Mariusz Blaszczak က သတင်းထောက်များကို ပြောကြားခဲ့သည်။

အဆိုပါတင်ပို့မှုသည် ယခင်က အမေရိကန် မရိန်းတပ်ဖွဲ့က အသုံးပြုခဲ့သည့် M1A1 Abrams တင့်ကား ၁၁၆ စီးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ သဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်က ပိုလန်နိုင်ငံသည် နောက်ထပ်အဆင့်မြင့် M1A2 အမျိုးအစား Abrams တင့်ကားအစီး ၂၅၀ ဝယ်ယူခဲ့ပြီး ၂၀၂၄ ခုနှစ် နှောင်းပိုင်းတွင် လွှဲပြောင်းပို့ဆောင်ပေးနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

နိုင်ငံတိုင်းတွင် အဆင့်မြင့် Abrams တင့်ကားများ မရရှိနိုင်ကြောင်း၊ ပိုလန်နိုင်ငံသည် အဆင့်မြင့် Abrams တင့်ကားများတွင် ခေတ်အမီဆုံးဗားရှင်းကို အမေရိကန်ပြီးလျှင် ပထမဆုံးပိုင်ဆိုင်သည့်နိုင်ငံဖြစ်ကြောင်း Blaszczak က ပြောကြားခဲ့သည်။

NATO နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သော ပိုလန်နိုင်ငံသည် ယူကရိန်း၏ ခိုင်မာသောမဟာမိတ်အဖြစ် ရပ်တည်ပံ့ပိုးနေသည့်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။

ယခုနှစ်တွင် ၎င်း၏ပြည်တွင်းထုတ်ကုန်စုစုပေါင်း၏ လေးရာခိုင်နှုန်းကို ကာကွယ်ရေးအတွက်သုံးစွဲရန် စီစဉ်ထားကြောင်း ဇန်နဝါရီလတွင် ကြေညာခဲ့သည်။

ပိုလန်နိုင်ငံသည် အမေရိကန်နှင့် တောင်ကိုရီးယားတို့အပါအဝင် လက်နက်အများအပြားဝယ်ယူဖြည့်တင်းရန် သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး K2 Black Panther တင့်ကားများနှင့် K9 ဟောင်ဝစ်ဇာ အမြောက်များကို တောင်ကိုရီးယားနိုင်ငံမှ မှာယူခဲ့ပြီးဖြစ်သည်။

**Poland Gets First Batch of US-Made Abrams Tanks ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးမျိုးကောင်းမျိုးသန့်စိုက်ကွက်ဧက ၁၂၆၂၀ စိုက်ပျိုးမည်



ယခုနှစ် နွေစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးမျိုးကောင်းမျိုးသန့် စိုက်ကွက်ဧက ၁၂၆၂၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးမျိုးကောင်းမျိုးသန့် စိုက်ကွက်ဧက ၁၂၆၂၀ ကို ဇူလိုင်လအတွင်း စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးမျိုးကောင်းမျိုးသန့် စိုက်ကွက်များ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့် ဌာနများက ပူးပေါင်းဆောင်ရွက် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ယခုနှစ် မြို့နယ်အတွင်းမှာ မိုးစပါးမျိုးကောင်းမျိုးသန့်စိုက်ကွက်ဧက ၁၂၆၂၀ ကို လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ အခုမျိုးကောင်းမျိုးသန့်စိုက်ကွက်တွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တာတွေ ဆောင်ရွက်နေပါတယ်။ မျိုးကောင်းမျိုးသန့်စိုက်ကွက်တွေ ဆောလျင်စွာပြီးစီးရေး၊ လျာထားချက်ပြည့်မီစေရေး၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် လုပ်ငန်းတွေကိုကြိုတင်ဆောင်ရွက်ပေးထားတယ်။ ဒါ့အပြင် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးနဲ့ စပါးအထွက်နှုန်း မှန်ကန်စေရေး လုပ်ငန်းတွေကိုလဲ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိုးစပါးတွေကို အခက်အခဲမရှိစိုက်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေအတွက် အဓိကလိုအပ်ချက်ဖြစ်တဲ့ နည်းပညာတွေကို မြေပြင်ထိ ကွင်းဆင်းပြီးဆောင်ရွက်ထားပါတယ်။ တောင်သူတွေ စပါးစိုက်ရာမှာ အဓိကလိုအပ်ချက်ဖြစ်တဲ့ ကွန်ပေါင်းမြေဩဇာတွေကိုလဲ အခက်အခဲမရှိစေဖို့ ချိတ်ဆက်ကူညီ ဆောင်ရွက်ပေးနေပါတယ်"ဟု ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

အဆိုပါ မိုးစပါး မျိုးကောင်းမျိုးသန့်စိုက်ကွက်များ အများအပြားတိုးချဲ့ စိုက်ပျိုးထုတ်လုပ်နိုင်လျှင် ဘေးအန္တရာယ် ကင်းရှင်းသည့် ကျန်းမာရေးနှင့် ညီညွတ်သောသီးနှံများ စားသုံးလာနိုင်မည်ဖြစ်ပြီး အရည်အသွေးနှင့် အထွက်နှုန်းများ တိုးလာမည့်အပြင် စပါးဈေးကွက်ဈေးကောင်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကော့မှူးမြို့နယ်တွင် ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းပို့ချ

**ကော့မှူး ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းပို့ချခြင်းကို ဇွန် ၃၀ ရက် နံနက်ပိုင်းက အဆိုပါဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်ပို့ချပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၏ လုပ်ငန်းများ၊ သင်တန်းတွင် သင်ကြားပို့ချမှုများကို စိတ်ပါဝင်စားစွာ မှတ်သားလိုက်နာရန်နှင့် မိမိတို့ကျေးရွာ ဖွံ့ဖြိုးရေးအတွက် စီမံကိန်းလုပ်ငန်းများတွင် လက်တွေ့ကျကျ ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ အကြီးတန်းစာရေး ဦးသူရအောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုက်နာရမည့်ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာစည်းကမ်းချက်များ၊ ကျေးရွာတွင်ထားရှိရမည့် ငွေစာရင်းပုံစံ ၁၀ မျိုးကို အမျိုးအစားအလိုက် ဖြည့်သွင်းနည်း၊ ချေးငွေလျှောက်လွှာ အတည်ပြုလွှာနှင့် စာချုပ်ဖြည့်သွင်းနည်း၊ အစည်းအဝေး မှတ်တမ်းရေးသားနည်းတို့ကို သင်ကြားပို့ချသည်။

အဆိုပါသင်တန်းသို့ စီမံကိန်းကျေးရွာဖြစ်သည့် ထန်းတပင်ကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ခုနစ်ဦး တက်ရောက်ကြပြီး သင်တန်းတွင် စီမံကိန်းဆိုင်ရာ ဘာသာရပ်များကို ကျွမ်းကျင်နည်းပြက တစ်ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ဂွမြို့နယ် ရဟိုင်းကွင်းကျေးရွာ၌ RBF စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဂွ ဇူလိုင် ၁**

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ရဟိုင်းကုတိုးကျေးရွာအုပ်စု ရဟိုင်းကွင်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၃၀ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဂွမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်က ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာက အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းကော်မတီဝင်များကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း(RBF)ကို ရဟိုင်းကွင်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးလာပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်ချက်များဖြင့် အကောင်ထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသန်း**

# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁-၇-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၅၀၀/၈၆၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၀၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၀၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၃၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော တပ်မတော်(လေ)ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ



**နေပြည်တော် ဇူလိုင် ၁**

ထိုင်းဘုရင့် လေတပ်ဦးစီးချုပ်ဖြစ်သူ Air Chief Marshal Alongkom ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော တပ်မတော်(လေ) ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် လေကြောင်းခရီးဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

**ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အဖွဲ့ဝင်များက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။**

ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အဖွဲ့ဝင်များက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ဂန့်ကော်ကျွန်းကျေးရွာရှိ မုန်တိုင်းသင့်ပြည်သူများကို အိမ်မိုးသွပ်၊ ခေါင်အုပ်သွပ်နှင့် သွပ်မိုးသံမှိုများ ထောက်ပံ့လှူဒါန်း၊ ကျေးရွာဘုန်းတော်ကြီးကျောင်းသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေး၍ ထမင်း၊ ဟင်းလျာဘူးများ ပေးဝေလှူဒါန်း

**နေပြည်တော် ဇူလိုင် ၁**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဂန့်ကော်ကျွန်းကျေးရွာရှိ မိုခါ(MOCHA) မုန်တိုင်းသင့်ဒေသခံပြည်သူများ၏ နေအိမ်များအတွက် ရန်ကုန်မြို့ရှိ သုဇာတာ အလှူရှင်အဖွဲ့က ပေးပို့လှူဒါန်းသည့် အိမ်မိုးသွပ်၊ ခေါင်အုပ်သွပ်၊ သွပ်မိုးသံမှိုများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း တိုက်ဓမ္မာရုံ၌ပြုလုပ်ရာ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ရန်ကုန်မြို့မှ သုဇာတာအလှူရှင်အဖွဲ့က ပေးပို့လှူဒါန်းသည့် ဂန့်ကော်ကျွန်းကျေးရွာရှိ လူနေအိမ်အလုံး ၂၃၀ အတွက် အိမ်မိုးသွပ်ချပ် ၆၀၀၀၊ အိမ်ခေါင်သွပ် ချပ် ၈၀၀ နှင့် သွပ်မိုးသံ ဖာ ၂၀ တို့ကို ကျေးရွာမှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂန့်ကော်ကျွန်းကျေးရွာ ဘုန်းတော်ကြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မပီယထံ သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ် ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် မုန်တိုင်းတိုက်ခတ်မှုကြောင့် အမိုးလန် ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းနှင့် ကျေးရွာရှိ လိုတရလျောင်းတော်မူဘုရားဝင်း အတွင်းရှိ အာရုံခံတန်ဆောင်းတို့အား ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ အာရုံခံတန်ဆောင်းအတွင်း၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အထူးဆေးကုသရေးအဖွဲ့မှ သမားတော်များ၊ အထူးကုများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော အထူးဆေးကုသရေးအဖွဲ့သည် ဂန့်ကော်ကျွန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ မုန်တိုင်းသင့် ဒေသခံပြည်သူများကို သွေးတိုးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အရိုးအကြော ရောဂါများ၊ အထွေထွေရောဂါများနှင့် ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လူနာတစ်ဦးချင်းစီ၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ SKY NET မိသားစု၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများ အသင်းချုပ် MLCA၊ MLCP အများပိုင်ကုမ္ပဏီလီမိတက်၊ မြန်မာ-အိန္ဒိယ-တရုတ် ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (MICA)နှင့် ဘာသာစုံမိတ်ဆွေများက စေတနာ အလှူတော်အစီအစဉ်ဖြင့် ချက်ပြုတ်လှူဒါန်းသော ထမင်း၊ ဟင်းလျာဘူးများ ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



**အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး စစ်တွေမြို့နယ် ဂန့်ကော်ကျွန်းကျေးရွာရှိ ဒေသခံပြည်သူများကို အိမ်ဆောက်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။**

# သန့်ရှင်းသာယာသော မြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်



**မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းအတွင်း စုပေါင်းသန့်ရှင်းရေးမဆောင်ရွက်မီ (ဝဲပုံ)နှင့် သန့်ရှင်းရေးဆောင်ရွက်ပြီး(ယာပုံ)ကို တွေ့ရစဉ်။**

**နေပြည်တော် ဇူလိုင် ၁**

မိမိတို့၏ နေ့စဉ်လူမှုဘဝ နေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်အရေးကြီးလှသည်။ မိမိတို့ တစ်ဦးချင်းနေထိုင်ကြသည့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များ ဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင်တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မပြတ်မနေ ဆောင်ရွက်ကြရမည် ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီးအပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိသည့်အပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နှင့် မိုင်းရယ်မြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌ လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာ ကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနိုင်ရန်အတွက် စာသင်ကျောင်းများအတွင်း ခြင်ဆေးဖျန်းခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များစုစည်း၍ "မြို့ရွာသန့်ရှင်းရောဂါကင်း စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများ ဝတ်ဆင်ပြီး မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မန္တလာတက္ကသိုလ်ဝင်းအတွင်း၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများတစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ ဖြင့် ဝယ်ယူ၍ စနစ်တကျအမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူ များက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်စဉ်။

**နေပြည်တော် ဇူလိုင် ၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဒေသ အလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်း များဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန် ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးနှင့် တာဝန် ရှိသူများသည် မြို့သန့်ရှင်းသာယာလှပရေး အတွက် အစိုးရရပ်ကွက် ပင်လယ်ကမ်းခြေ အနီးရှိ ဦးဥတ္တမပန်းခြံဝင်းအတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းနေအိမ်လိုင်းခန်း ခြံဝင်းတို့ကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက် နေပြည်သူများက စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့ပြင် ငလပွေ့ရပ်ကွက်နှင့် ကုလာ ဘာတောင်ရပ်ကွက်တို့ရှိ စာသင်ကျောင်း များ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ရပ်ကွက်နေပြည်သူများ၏ နေအိမ်များ၌ မြို့ပေါ် ပရဟိတအဖွဲ့များက သွေးလွန် တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အတွက် မြို့လုံးကျွတ်ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှု ၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း နှင့် တာဝန်ရှိသူများသည် ဘူးသီးတောင်- မောင်တောသွားလမ်းဘေးဝဲယာရှိ အမှိုက် များ၊ ချုံနွယ်များ၊ ပေါင်းပင်ခုတ်ထွင်ရှင်းလင်း ခြင်း၊ အနောက်ရပ်ကွက် မေယုလမ်း တစ်လျှောက်နှင့် ရွာမကျေးရွာအုပ်စု အိုး အိမ် ဝန်ထမ်းအိမ်ရာတို့၌ မြို့နယ်၊ ကျေးရွာ သန့်ရှင်း သာယာလှပစေရေး သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းများဆောင်ရွက်နေသော ကူညီ ကယ်ဆယ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူ များကို အားပေးစကားများ ပြောကြားသည်။

ထို့ပြင် တောင်ရပ်ကွက်ရှိ ဝေနေယျသုခ ပရဟိတစာသင်ကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်ကြီးအား ဖူးမြော်ပြီး အဆိုပါကျောင်းတိုက်၌ ဆေးကုသမှုခံယူနေ သော ဒေသခံပြည်သူများကို ကြည့်ရှု အားပေးကာ ဆရာတော်ကြီးအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများကို အာဟာရ ပြည့်နေ့လယ်စာ ကျွေးမွေးနေမှုတို့ကို ကြည့်ရှုပြီး လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့မည့်ပစ္စည်းများကို မီးရထား ဆိပ်ရပ်ကွက် စားသုံးသူရေးရာ ဂိုဒေါင်သို့ သယ်ယူပို့ဆောင်နေသော တပ်မတော်သား များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့အတူ မြောက်ဦးမြို့သို့ ရောက်ရှိနေ သော ဗိုလ်ချုပ်သောင်းထိုက်ရွှေနှင့် တာဝန်ရှိသူများသည် ကျောင်းဝင်းအတွင်း၌ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း ခြင်း၊ ကျောင်းသန့်ရှင်းသာယာလှပရေး အတွက် ကျောင်းသန့်ရှင်းရေးပြုလုပ်နေ သော တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကို အားပေးစကားပြော ကြားသည်။

အလားတူ ရသေ့တောင်မြို့သို့ရောက်ရှိ နေသော ဗိုလ်ချုပ်အောင်မျိုးထွန်းနှင့် တာဝန်ရှိသူများသည် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရ သော လေဘေးသင့်တောင်သူများ၏ စပါး စိုက်ပျိုးရေးကဏ္ဍ ပြန်လည်ထူထောင်ရေး အတွက် နိုင်ငံတော်က ထောက်ပံ့သော မျိုးစပါးများကို ရသေ့တောင်ဆိပ်ကမ်း၌ စိစစ်လက်ခံခဲ့ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်များက ကျေးရွာများသို့ ဖြန့်ဝေပေး နိုင်ရေး လုပ်အားပေးဆောင်ရွက်နေမှုများ ကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ကျောက်တော်မြို့သို့ ရောက်ရှိ နေသော ဗိုလ်မှူးချုပ်အောင်သူဦးနှင့် တာဝန်ရှိသူများသည် ကျောက်တော် ရပ်ကွက်ရှိ မြို့နယ်လူမှုဝန်ထမ်းရုံး(လျာထား) မြေနေရာ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက် နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ မောင်တောမြို့သို့ ရောက်ရှိ နေသည့် ဗိုလ်မှူးချုပ်တင်ဆွေနှင့် တာဝန် ရှိသူများသည် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကညင်တန်း ဗိုလ်မှူးရွာအဝင်လမ်း အရှည် ပေ ၁၅၀၀ ရှိ ရေမြောင်းကို ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်နေမှု၊ မြို့မတောင်ရပ်ကွက်ရှိ အမှတ်(၂)အခြေခံ ပညာအထက်တန်းကျောင်း သန့်ရှင်း သာယာလှပရေး ကျောင်းဝင်းအတွင်းရှိ မြက်ပင်၊ ပေါင်းပင်များ၊ ချုံနွယ်များ၊ အမှိုက်သရိုက်များ ရှင်းလင်းဆောင်ရွက် နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့ပြင် မုန်တိုင်းဘေးကြောင့် လေဘေးသင့် ပြီး မြို့တွင်းသို့ သွယ်တန်းထားသော ၁၁ ကေဗွီ ဓာတ်အားလိုင်းကြိုးများကို ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

# မင်္ဂလာဒုံမြို့နယ်ရှိ လှော်ကားရေဝေရေလဲဒေသ၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်

**နေပြည်တော် ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီး ရေးရာကော်မတီကကြီးမှူး၍ ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်း အမှတ် မိုးရာသီ သစ်ပင်စုပေါင်းစိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ လှော်ကား ရေဝေရေလဲဒေသ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန် ရှိသူများ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ ကော်မတီဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့များ၊ ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနတို့မှ ဝန်ထမ်းများ တက်ရောက် ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အမျိုးသမီး ရေးရာကော်မတီဝင်များသို့ စိုက်ပျိုးမည့် ပျိုးပင်များ အသီးသီးပေးအပ်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရတနာတန်းဝင်ပင်ဖြစ်သည့် မဟော်ဂနီပင်ကို ဦးဆောင်စိုက်ပျိုးပြီး တက်ရောက်လာကြသူများ၏ ပျိုးပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှု အားပေးသည်။

ယနေ့ပြုလုပ်သည့် ရန်ကုန်တိုင်း ဒေသကြီး အမျိုးသမီးရေးရာကော်မတီက ကြီးမှူးကျင်းပသော ၂၀၂၃ ခုနှစ် မြန်မာ အမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ ရတနာ တန်းဝင် ပင် ၆၄၈၀ တို့ကို စုပေါင်းစိုက်ပျိုး ခဲ့ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း တို့က မဟော်ဂနီပင်ကို ဦးဆောင်စိုက်ပျိုးကြစဉ်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း နယ်မြေခံတပ်ရင်း၌ ဝက်များမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၁**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့ များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၃၀ ရက် မွန်းလွဲပိုင်းက တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများက တောင်ငူတပ်နယ် နယ်မြေခံတပ်ရင်းရှိ စံပြဘက်စုံစိုက်ပျိုးရေး နှင့် မွေးမြူရေးခြံတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

# ရှင်မဟာရဋ္ဌသာရ နှစ် ၅၅၅ နှစ်ပြည့်

မောင်လူမွှေး(မြန်မာမှု)

မြန်မာစာပေလောကတွင် ဂုဏ်ဝင်မြောက်ထင်ရှားခဲ့ကြသည့် ရှေးစာဆိုကြီးများအနက် အင်းဝခေတ်တွင် ပေါ်ပေါက်ခဲ့သော ရှင်မဟာရဋ္ဌသာရ ဆရာတော်သည်လည်း တစ်ပါးအပါအဝင်ဖြစ်ပေသည်။

ထိုခေတ်ကပေါ်ပေါက်ခဲ့ကြသော ကန်တော်မင်းကျောင်းဆရာတော် ရှင်ဥတ္တမကျော်၊ ရှင်အုန်းညို၊ ရှင်မဟာသီလဝံသ၊ ရှင်ခေမာ၊ ဝံတောင်လယ်ဆရာတော်၊ ရှင်အဂ္ဂသမာဓိ၊ ရှင်တေဇောသာရ၊ ရှင်ကုန္ဒဂူတ္တ စသည့်စာဆိုရှင်များ၏ ပျို့စာပေများသည် တစ်တောတစ်ကြက်ဖ ဆိုသလို အကြောင်းအရာအလိုက်ထင်ရှားပါကုန်၏။ ထူးရှားကောင်းမွန်လှကြပါပေ၏။

ထိုစာပေပညာရှင်များထဲမှ လူသိများကြသည့် ပုဂ္ဂိုလ်မှာမူ ရှင်မဟာရဋ္ဌသာရ အကျော်ဆရာတော်ပင်ဖြစ်သည်ဟု ဆိုရပေမည်။

ဆရာတော်နှင့်ခေတ်ပြိုင်ပေလေးပင် ရှင်လေးပါးအပါအဝင် ထင်ရှားတော်မူသည့် ဆရာတော် ရှင်မဟာသီလဝံသ၏ ထေရုပ္ပတ္တိကို ရေးသောအခါ မွေးသက္ကရာဇ်ကို "သက္ကရာဇ် ၈၁၅ နှစ်ဖွား"ဟုပင် သာမန်ဖော်ပြရလေသည်။

"ဆုတောင်းခန်းပျို့ကို မည်သည့်သက္ကရာဇ်၊ မည်သည့်နှစ်တွင် ရေးသားပြီးစီးကြောင်းနှင့် အမှတ်အသား ထိုပျို့နိဂုံး၌လည်း မပါ။ မရှိ။ သို့ရာတွင် ဒုတိယမင်းခေါင်လက်ထက်ဟုဆိုသောကြောင့် သက္ကရာဇ် ၈၅၈ ခုနှစ်တွင် တံတားဦးတည် မင်္ဂလာစေတီတော် မော်ကွန်း ၁၂ ပိုဒ်ကို ရေးသားစီရင်ပြီးသည့်နောက် သက္ကရာဇ် ၈၆၀ ပြည့်နှစ်ခန့်လောက်တွင် ဖြစ်ရာသည်. . . ဟု" ဆရာကြီးမောင်သုတက စာဆိုတော်များအတ္ထုပ္ပတ္တိတွင် သုံးသပ်ဖော်ပြထားလေသည်။ ဆိုလိုသည်မှာ အချို့စာဆိုပုဂ္ဂိုလ်များ၏ မွေးသက္ကရာဇ်ကို တိတိကျကျ မသိရဟု တင်ပြလိုရင်းဖြစ်သည်။ သို့သော် ဆရာတော် ရှင်မဟာရဋ္ဌသာရ၏ မွေးနေ့သက္ကရာဇ် ကျမ်းပြီးနှစ်များနှင့် ပျံလွန်တော်မူသောကာလကိုမူ မှတ်တမ်းစာပေအထောက်အထားများကြောင့် အလွယ်တကူ သိနိုင်သည်ဟု ဆိုရပါမည်။

ထို့ကြောင့် ၅၅၅ နှစ်ပြည့်ကို မည်သည့်အထောက်အထားနှင့်ယူသည်ကို တင်ပြလိုခြင်းဖြစ်ပါသည်။

**ကိုးခန်းပျို့အပိုဒ်-၂၃၌ "...တောင်ကပင်းယ၊ မြောက်မှစစ်ကိုင်း၊ ရံဆိုင်းသာလှ၊ ရွှေအင်းဝ၌ နန်းကမြင်တင်၊ မြို့လယ်ခွင်ဝယ်၊ သခင်ဘုရား၊ တည်ထားသာသနာ၊ သဏ္ဍာအမှန်၊ နှစ်တောင်လွန်၍၊ အစွန်မြတ်မူ ဆယ့်နှစ်ခုဝယ်၊ ဥတုဝဿ၊ မိုးလရှေးဖျား၊ နေသွားကရကဋ်၊ ခေါ်မှတ်ဝေါဟာ၊ အာသဠ္ဍာ၌၊ ပညာပွားဖို့၊ ကုသိုလ်ပို့သား၊ ငါတို့ဖွားရာ၊ ချက်မြှုပ်ရွာသည်၊ အောင်ချာပြည်ကြီး၊ နားဧရာင်းတည်း(ကိုးခန်းပျို့နိဂုံး). . ."**ဟု ရေးဖွဲ့ထားသည်ကို သုံးသပ်၍ သာသနာတော်နှစ် ၂၀၁၂- ဥတုဝဿမိုးကာလရှေးဖျား၊ နေသွားကရကဋ်ရာသီဆို၍ ဝါဆိုလ အာသဠ္ဍာ၌(အသလိသနက္ခတ်)နှင့်ယှဉ်၍ မွေးဖွားသည်ဟု သိရပေသည်။

သာသနာတော်နှစ်ကိုသာဖော်ပြပြီး ကောဇာသက္ကရာဇ်ကိုမူ မဖော်ပြပေ။ ကရကဋ်ရာသီ အာသဠ္ဍိနက္ခတ်ဟုဆိုထား၍ အသလိသနက္ခတ်နှင့် စန်းယှဉ်သော ဝါဆိုလပြည့်ကို ရပေသည်။ ကောဇာသက္ကရာဇ်နှင့်သာသနာတော်နှစ်ကိုတွက်လိုသော် **"ဒွေအဋ္ဌနှင့်ဧက ဧကာ"**ဆိုသည့်အတိုင်း **(၂၈၁၁ ကို ပဋိလောမ= ပြောင်းပြန်၊ ၁၁၈၂ ပေါင်းရ၊ နုတ်ရလေသည်။ ၂၀၁၂-၁၁၈၂=၈၃၀)**

ထို့ကြောင့် ကောဇာသက္ကရာဇ် ၈၃၀ ဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့ဟု အဖြေရရှိလေသည်။

ဆရာကြီး မြကေတုက-ပိဋကတော် ဦးယံစီရင်သော မဟာရဋ္ဌသာရ ထေရုပ္ပတ္တိကထာကိုမှီး၍ ဆရာတော်၏ မွေးနေ့သက္ကရာဇ်များနှင့်စာပြီးနှစ်များကို ခွဲခြားပြသထားလေသည်။

"ရှင်မဟာရဋ္ဌသာရအလောင်း မောင်မောက်ကို သက္ကရာဇ် ၈၃၀- ဝါဆိုလပြည့်နေ့ ကရကဋ်ရာသီအာသဠ္ဍိကြိုက် ဗုဒ္ဓဟူးနေ့နံနက်အရုဏ်တက်တွင် အင်းဝရွှေမြို့တော်အလယ်တွင် ဖွားမြင်တော်မူခဲ့လေသည်" ဟု မွေးဖွားသက္ကရာဇ်လို ဖော်ပြထားလေသည်။

**"သို့ဆိုပါက ယခုနှစ် ၁၃၈၅ ခု၊ (၁-၈-၂၀၂၃) ဒုတိယဝါဆိုလပြည့်နေ့သည် ရှင်မဟာရဋ္ဌသာရမွေးနေ့ နှစ်ပေါင်း ၅၅၅ နှစ်ပြည့်ပြီးဖြစ်သည်။"**

ဆရာတော်၏ ငယ်မည်မှာ မောင်မောက်ဖြစ်သည်။ ဖခင်မှာ ဟံသာဝတီ ရာဇဓိရာဇ်မင်း၏ သမီးတော် ရှင်စောပု၏မြေး ဓမ္မပါလဖြစ်သည်။ အမိမှာ အင်းဝမြို့တော် အဦးအစတည်သော သတိုးမင်းဖျား၏ အနွယ်တော်(မြစ်တော်)စောနန်းဖြစ်သည်။

မောင်မောက်သည် ငါးနှစ်အရွယ်ကပင် မဟာဆွေတော်မျိုးတော် မင်းသား၊ မင်းသမီးတို့နှင့် နန်းတော်ထဲတွင် စာပေသင်ကြားရလေသည်။

မောင်မောက် ၁၀ နှစ် အရွယ်ရှိသောအခါ အဘဖြစ်သူ ဓမ္မပါလအမတ်နှင့် နန်းတော်သို့ခေါ်၍ဝင်ရာ ဒုတိယမင်းခေါင်၏ သမီးတော်သုံးပါးကို နားထွင်းမင်္ဂလာသဘင် ဆင်ယင်ကျင်းပသောအခါနှင့် ကြုံကြိုက်သဖြင့် ဒုတိယမင်းခေါင်က ဓမ္မပါလအမတ်(မောင်မောက်ဖခင်)ကို စာဆိုစေရာ သားဖြစ်သူက ခွင့်တောင်း၍-

**အိုဘဲ့ဘယ်၊ အိုဘဲ့ သမီးတော်**
**နတ်သော်ပုံမယွင်း၊**
**အိုဘဲ့ဘယ်၊ အိုဘဲ့ သမီးတော်**
**ရွှေလျော်သွန်းပုံဆင်း၊**
**အိုဘဲ့ဘယ်၊ အိုဘဲ့ သမီးတော်**
**စန္ဒော်လနှယ်ဝင်း၊** ဟု ရတ်ခြည်းစပ်ဆိုတော်မူလေသည်။

ထိုးထွင်းဉာဏ်နှင့်ပဋိဘာန်ရှိသော ထူးသောပါရမီကို လူငယ်ဘဝကပင် ပြလေတော့သည်။ ရှင်သာမဏေပြုသည့်နှစ်ကိုမူ အသက်ကာလ အတိအကျမသိရသော်လည်း နောင်တော်ရင်း ရှင်ဝရစက္ကပါလထံတွင် အခြေခံသင်ရိုးကို သင်ယူခဲ့ပြီး ၁၉ နှစ် အရွယ်ရောက်သောအခါ စစ်ကိုင်းသီဟိုပြန်ဆရာတော်(သီဟိုရောက်ကြီး)ထံတွင် ပိဋကသုံးပုံနိကာယ်ငါးရပ်၊ ဝေဒပညာရပ်များ သင်ကြားခဲ့ကြောင်း ရေးဖွဲ့ခဲ့သောပျို့စာပေများမှ သိရလေသည်။

> ⏭ ဆရာတော်ရေးဖွဲ့တော်မူသော စာပေများသည် ဘူရိဒတ်လင်္ကာကြီး၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့၊ စတုဓမ္မသာရ ကိုးခန်းပျို့ကဲ့သို့ ပိဋကစာပေလာ လောကုတ္တရာအကြောင်းချည်းမဟုတ်ဘဲ လောကီအကြောင်းအရာများရော မင်းရေးမင်းရာရော ပါဝင်မှုများကို ရေးဖွဲ့သောကြောင့် ရှေးစာပေသုတေသီများက ဆရာတော်၏စာသည် လောကီပါလိုက်၊ လောကုတ္တရာပါလိုက်ဖြစ်နေ၍ ထန်းတက်သမားသည် ထန်းပင်တက်သောအခါ ထန်းပင်နှင့် ရင်ဘတ်ပူးတုံ ခွာတုံဖြစ်နေသကဲ့သို့ ထန်းတက်သမား၏ရင်ဘတ်နှင့်တူသည်ဟု တင်စားကြလေသည်။

ဆရာတော်သည် နုပျိုစဉ်ရှင်ဘဝဦးပဉ္စင်းငယ်ဘဝတွင် လောကီနှင့် လောကုတ္တရာကြား လွန်ဆွဲအားကြောင့်- **"ပုရေနိသင်၊ ဆက်တိုင်းကြင်၍၊ အိမ်ရှင်အစစ်၊ ငယ်ကျွမ်းချစ်နှင့်. . . "အစချီ၍၊ ". . . မျှော်လင့်ခိုးရှာလေတော့သည် (နှမလက်လျှော့နေလေတော့)"**ဟူသော ရတု၊ ရွှေစက်တော်ဘုရားဖူးသွားစဉ် ချိုးမောင်နှံသီကျူးမှုက ချစ်သူဘဝအစဉ်ကို ထင်ဟပ်မူစသည့်စာပေစုများမှာ လောကီရေးရာရသစာပေစုများဖြစ်ပေသည်။

ထိုခေတ် ထိုအခါကလည်း ဇာတ်တော်နိပါတ်တော်တို့ကို ရေးသားဟောကြားကြရာ၌ စကားပြေစုဏ္ဏိယ ဟောစဉ်များဖြင့် ရေးသားဟောကြားကြသောခေတ်ဖြစ်လေရာ ပျို့၊ ကဗျာ၊ လင်္ကာရေးသားကြသော ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရဆရာတော်တို့ကို သဘင်သည်များနှင့် ကံကြီးကံငယ် အတူမဆောင်ဟုဆိုကာ ကန့်ကွက်ကြဉ်ဖယ်ကြသည်လည်း ကြုံတွေ့ရလေသည်။

ဆရာတော်သက်တမ်းတစ်လျှောက်တွင် တိုင်းရေးပြည်ရာနှင့်ဆက်စပ်သော မင်းများမှာ ဒုတိယဘုရင်မင်းခေါင် ရွှေနန်းကျော့ရှင် ဘုရင်နရပတိ၊ ဆင်ဖြူရှင် သတိုးမင်းစော၊ ဘုရင်မင်းထွေး(ဆင်ဖြူရှင်သား)တို့နှင့် ထိတွေ့ဆက်ဆံခဲ့ရလေသည်။

နရပတိဘုရင်၏ နန်းတော်သစ်ဆောက်တော်မူရာ ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရကိုပင့်၍ နန်းဘွဲ့မော်ကွန်း ရေးသားသီကုံးပါရန် လျှောက်ထားရာ ရှင်မဟာရဋ္ဌသာရက ရေးမည်ဟု ဝန်မခံဘဲ ကျောင်းသို့ ပြန်ကြွသွားလေသဖြင့် ဘုရင်နရပတိ စိတ်ခုသည်ကိုသိ၍- **". . . ပီတိပြောဟုံ၊ ထိုသို့ကုံလျက်-ရွှေဘုံပွင့်နန်း. . . " အစချီ မျက်ဖြေလင်္ကာသုံးပုဒ်ရေးဖွဲ့တော် မူခဲ့၏။**


သက္ကရာဇ် ၈၆၇-နှစ် ဆရာတော်သက်တော် ၃၇ နှစ်အရွယ် ယင်းတော်မြို့စားငတုံးတာ၊ ရှီးရှားမြို့စား ငပြည့်ဝတို့နှင့် တောင်ငူမင်း၊ ပြည်မင်းတို့ပူးပေါင်း၍ စလေမြို့၊ ပုံတောင်မှ ပုန်ကန်သည်ကို အောင်နိုင်၍ ပုံတောင်နိုင် မော်ကွန်းကို စပ်ဆိုတော်မူခဲ့လေသည်။

ဤသို့အကြောင်းအရာများကို ထုံ့ပိုင်းထုံ့ပိုင်းဖြင့် ဖော်ပြရခြင်းမှာ ဆရာတော်ရေးဖွဲ့တော်မူသော စာပေများသည် ဘူရိဒတ်လင်္ကာကြီး၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့၊ စတုဓမ္မသာရ ကိုးခန်းပျို့ကဲ့သို့ ပိဋကစာပေလာ လောကုတ္တရာအကြောင်းချည်း မဟုတ်ဘဲ လောကီအကြောင်းအရာများရော မင်းရေးမင်းရာရော ပါဝင်မှုများကို ရေးဖွဲ့သောကြောင့် ရှေးစာပေ သုတေသီများက ဆရာတော်၏စာသည် လောကီပါလိုက်၊ လောကုတ္တရာပါလိုက်ဖြစ်နေ၍ ထန်းတက်သမားသည် ထန်းပင်တက်သောအခါ ထန်းပင်နှင့်ရင်ဘတ်ပူးတုံခွာတုံဖြစ်နေသကဲ့သို့ ထန်းတက်သမား၏ရင်ဘတ်နှင့်တူသည်ဟု တင်စားကြလေသည်။

ဆရာတော်နှင့်ခေတ်ပြိုင် ရှင်မဟာသီလဝံသ၏ ပါရာယဏဝတ္ထု၊ ဆုတောင်းခန်းပျို့၊ ပါရမီတော်ခန်းပျို့၊ သံဝေဂခန်းပျို့စသည့် စာပေများမှာမူ လောကုတ္တရာ စာပေသာများ၍ မြေကြီးနှင့်တစ်သမတ်တည်းကပ်နေသော လိပ်ရင်ဘတ်ကဲ့သို့ဟု တင်စားကြလေသည်။

ထိုထန်းတက်သမားရင်ဘတ်ကဲ့သို့ပင် ဆရာတော်သည် လောကုတ္တရာကို ရှေးရှုသလို လောကီရေးရာများကိုလည်း မျက်ခြည်မပြတ်ခဲ့ပေ။ ထို့ကြောင့် သက်တော် ၅၆ နှစ်အရွယ်တွင် စတုဓမ္မသာရ ကိုးခန်းပျို့ကို ရေးပြီး နိဂုံးချုပ်ခါနီးတွင် တိုင်းရေးပြည်ရာများ စိတ်မအေးဖွယ်ရာ ကြုံတွေ့လာရပုံကို လောကီရေးရာ မျက်ကွယ်မပြုခဲ့သောကြောင့် ပျို့လင်္ကာထဲတွင် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ပေသည်။

ဤသို့နှင့် သက္ကရာဇ် ၈၈၆ ခုနှစ်တွင် မိုးညှင်းစလုံနှင့်ပြည်ဘုရင် ဆင်ဖြူရှင်သတိုးမင်းစောတို့ အင်းဝကိုတိုက်ကြရာ အင်းဝခေတ်ပျက်သုဉ်းမှုအစဖြစ်လေတော့သည်။























စာမျက်နှာ ၂၁ သို့

# အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူတစ်ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ မဟာစိတြာရာမ ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၈၀၊ သာသနာ့နွယ်ဝင်သီလရှင် အပါး ၂၀ နှင့် ဒေသခံပြည်သူဦးရေ ၁၁၀ တို့ကိုသွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်း ရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန်လိုအပ်သည့် သံဃာတော် ၁၂၆ ပါးနှင့် ဒေသခံပြည်သူ ၅၂ ဦး တို့ကို ဆေးကုသရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

---

**စာမျက်နှာ ၂၀ မှအဆက်**

စစ်နိုင်ပြည်ဘုရင် ဆင်ဖြူရှင်က ဆရာတော်ကို ပြည်သို့ပင့်ဆောင်၍ သာသနာ့အဆောင်အယောင်နှင့် သာသနာပိုင်ခန့်ပြီး ကိုးကွယ်တော်မူလေသည်။

အင်းဝတွင် မိုးညှင်းစော်ဘွား စလုံ၏သား သိုဟန်ဘွား နန်းတက်သောအခါပြည်ဘုရင် ဆင်ဖြူရှင်လည်း နတ်ရွာစံတော်မူလေပြီး သားတော် ဘုရင်ထွေးက ဆက်လက်ကိုးကွယ်တော်မူ၏။

ဆရာတော်သည် ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ဖူးပြီ၊ ရှင်ငယ်ဝမ်းလည်းဝင်ခဲ့ဖူးပြီဆိုစကားသို့ ဘဝပတ်ဝန်းကျင်အတွေ့အကြုံများစွာကြွယ်ဝခဲ့ပြီး ခေတ်စနစ်အမျိုးမျိုးကို ဖြတ်သန်းခဲ့ဖူးပြီ။ တိုင်းပြည်အနာဂတ်အရေး ရင်မအေးဖွယ်ရာကို ကြိုတင်မြင်ခဲ့ပေလိမ့်မည်။ ထင်သည့်အတိုင်းပင် “ဂ”ငယ် သုံးခု ဥသျှစ်ထု ဆိုသကဲ့သို့ သက္ကရာဇ် ၈၈၈ ခုနှစ်တွင် သိုဟန်ဘွား အုပ်ချုပ်သောအခါ အနော်ရထာ စုစည်းတည်ထောင်ခဲ့သော ပထမမြန်မာနိုင်ငံတော်ကြီးသည် အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားလေတော့သည်။ ထိုအကြောင်းအရာကို ကိုးခန်းပျို့ နိဂုံးပိုဒ်ရေ-၈- တွင်-

**“. . . အစွန်းငါးခု ပဉ္စအဌ၊ ဒီယသက္ကရာဇ်၊ ရောက်လစ်သောအခါ၊ တစ်ရာသီတည်း၊ ကုမ်တွင်ချည်းလျှင်၊ ဝေးစည်းကြိုဟ်စု၊ ပေါင်းလုနီးနီး. . .”**

အစချီကာ ပေဒင်ကိန်းခန်းအရ ဘာတွေဖြစ်တော့မည်ဟု ကြိုတင်၍ရေးခဲ့လေသည်။ တိုင်းပြည်သာယာဝပြောတည်ငြိမ်မှုပြည်သူအပေါင်း အေးငြိမ်းကြောင်းဖြစ်သည်ကို လူတိုင်းလူတိုင်း(ပြည်သူများ)သိစေလိုသည်။ သို့နှင့် ပြည်မြို့သို့ကြွရောက်သီတင်းသုံးနေစဉ် ဆင်ဖြူရှင်သားဘုရင်ထွေးကို ဆုံးမသည့်အနေနှင့်သံဝရပျို့ကို ရေးဖွဲ့ခဲ့လေသည်။ သံဝရပျို့နိဂုံးပိုဒ်တွင်-

**“. . . တစ်ယောက်ကိုချည်း၊ တမတ်တည်းဖြင့်၊ ထုံးနည်းကြံရေး၊ ပေးအံ့မရည်၊ အပြည်ပြည်၌၊ မကြည်ညီနောင်၊ မင်းကုန်းအောင်ကို၊ မြဲနှောင်မေတ္တာ၊ တည်စိမ့်ငှာလျှင်၊ ဤစာချစ်ကြော စပ်သတည်း. . .”**

ဟု ရေးဖွဲ့ထားလေသည်။ ထိုသံဝရ ပျို့ကို-

**“. . . သက္ကရာဇ်သချ၊ ရှစ်ရာအစ၊ နဝအလယ်၊ နောင်ဆွယ်ကေ၊ လကားအောင်၊ နေ့မှန်ဗုဒ္ဓဝါ၊ ပုဏ္ဏပြည့်ညီ၊ တီထိဆန်းတက်၊ ဆယ့်ငါးရက်ဝယ်. . .”**

ဟု နိဂုံးတွင် ရေးသားထားရာ သက္ကရာဇ်- ၈၉၁ ခု၊ ဝါဆိုလဆန်း- ၁၅ (ဝါဆိုလပြည့်) ဗုဒ္ဓဟူးနေ့တွင် သံဝရပျို့ပြီးတော်မူလေသည်။

ပြည်မြို့တွင် ဘုရင်မင်းထွေးနန်းစံ ၄-နှစ်မြောက်၊ ၈၉၂ သီတင်းကျွတ်လဆန်း ၁၅ (လပြည့်နေ့)၊ သက်တော် ၆၂-နှစ် ရောင်နီလာချိန်တွင် ပျံလွန်တော်မူလေသည်။

ရှင်မဟာရဋ္ဌသာရနှစ် ၅၀၀- ပြည့်ကို မြန်မာနိုင်ငံ သုတေသနအသင်းကရော မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းကပါ ၁၃၃၀ ပြည့်၊ ဝါဆိုလဆန်း-၁၅ (ဝါဆိုလပြည့်နေ့)၊ ၉-၇-၁၉၆၈ စာပေါင်းစုထုတ်ဝေခဲ့လေသည်။

**ဆရာတော်ရေးသားပြုစုခဲ့သောစာပေစုများမှာ-**

(၁) ဘူရိဒတ်လင်္ကာကြီး
(၂) ဘူရိဒတ်ဇာတ်ပေါင်းပျို့
(၃) တံတားဦးတည် မင်္ဂလာစေတီတော်မော်ကွန်း
(၄) ပုံတောင်နိုင်မော်ကွန်း
(၅) စတုဓမ္မသာရ ကိုးခန်းပျို့
(၆) ဂမ္ဘီသာရပျို့
(၇) ဝတ်ရုံကျောင်းဘွဲ့မော်ကွန်း
(၈) ရွှေစက်တော်သွား တောလားလင်္ကာ
(၉) အတိုင်းမသိ အစချီ-စက်တော်ရာလင်္ကာ
(၁၀) မင်္ဂလာအောင်ပွဲတော် ရဲရည်တက်မော်ကွန်း
(၁၁) ရတာပူရမြို့တည်မော်ကွန်း
(၁၂) မိတ္ထီလာကန်တော်ဘွဲ့ မော်ကွန်း
(၁၃) ဘုရင်မင်းခေါင်ထံသွင်း လင်္ကာများ
(၁၄) ရှင်မဟာသီလဝံသသို့ပေးလင်္ကာများ
(၁၅) ပြည်မြို့ဝံတောင်လယ်ဘုန်းကြီးနှင့် အပြန်အလှန်ရေးကြသောရတုများ
(၁၆) ဆုံးမစာများ(လက်သစ်တောင်တာ. . . အစချီ. . . ဆုံးမစာ၊ သုစိပုဘာ. . အစချီဆုံးမစာ)
(၁၇) သံဝရပျို့

ဆရာကြီး ဦးမောင်မောင်ညွန့်၏ပကိဏ္ဏကစာစုစာရင်းတွင် ကုက္ကုရွှေဂီ(ကြက်ကျမ်း) အရည်ဝါသီတောမှီအကြောင်းအရာ၊ ပုရေနိသင်ချီ အချစ်ဖွဲ့ စသည်ဖြင့်စာအမျိုးအစား-၄၅ မျိုးတွေ့ရပေသည်။

အသက် ၁၆ နှစ်အရွယ်တွင် ဘူရိဒတ်လင်္ကာကြီးကို စတင်ရေးသားပြီး သက်တော် ၆၁ နှစ်တွင် သံဝရပျို့ကို နောက်ဆုံးရေးသားတော်မူခဲ့လေသည်။ ။

---

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက် နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၈၇၄၀၁၆၀ | |
| ဒေါ်မြူမြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

---

## ဇူလိုင် ၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၀၄၇၄ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၄၀၀ ဦး |

**နေပြည်တော် ဇူလိုင် ၁**

ဇွန် ၃၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၅၄၀၆ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၁ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ



နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇူလိုင် ၁**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ အုန်းတောကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မြောက်ဦးမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြောက်ဦးမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းဝင်းအတွင်း၊ အပြင်၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ပုဏ္ဏားကျွန်းမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အခြေခံပညာအထက်တန်းကျောင်းရှေ့၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မောတောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် ပူးပေါင်း၍ မောင်နီရပ်ကွက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ မြို့မတောင်ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ဗိုလ်မှူးရုံလမ်းအတွင်းရှိ လမ်းဘေး ဝဲယာနှင့် ပိတ်ဆို့နေသောရေမြောင်းအတွင်းရှိ အမှိုက်အညစ်အကြေးများကို သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျောက်ဖြူမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်း၍ အစိုးရရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းနေအိမ်လိုင်းခန်းခြံဝင်းအတွင်းရှိ သစ်ပင်ချိုးနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့်ပူးပေါင်း၍ ဘူးသီးတောင်မြို့အတွင်း၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးပြီး နယ်လှည့်ဆေးကုသရေးအဖွဲ့က ဝေနေယျသုခပရဟိတစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၁**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့်ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ရသေ့တောင်မြို့ မေယုခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါးကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့်မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့်စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။



မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့်ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ



**နေပြည်တော် ဇူလိုင် ၁**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် ဘူးသီးတောင်တပ်နယ်ရှိ နယ်မြေခံတပ်ခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊စစ်သမီးများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊စစ်သမီးများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်၊ စစ်သမီးများက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းအဆို၊ အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ရိုးရာယဉ်ကျေးမှု အကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာသီဆိုကပြဖျော်ဖြေကြရာ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာကြည့်ရှုအားပေးကြသည်။ ထိုသို့ သီဆိုကပြဖျော်ဖြေသော စစ်သည်၊ စစ်သမီးများကို နယ်မြေခံတပ်နယ်မှတာဝန်ရှိသူတို့က ဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

## လားရှိုးမြို့၌ ၂၀၂၃ ခုနှစ် မုတ်သုံဦးအထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲနှင့် ဆုပေးပွဲပြုလုပ်



အရှေ့မြောက်တိုင်းစခန်းမှူး တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ၂၀၂၃ ခုနှစ် မုတ်သုံဦးအထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမြို့ရှိ လွတ်လပ်ရေးပန်းခြံ၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ စက်ဘီးစီးပြိုင်ပွဲဝင် အားကစားသမားများ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး ဆုရအားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ စက်ဘီးစီးပြိုင်ပွဲကို အသက် ၂၅ နှစ်အထက်နှင့် အသက် ၂၅ နှစ်အောက် ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၇၈ ဦးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

## ဟိုပန်မြို့နယ်နှင့် မိုးမိတ်မြို့နယ်တို့တွင် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ



**ဟိုပန် ဇူလိုင် ၁**

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်တွင် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၃၀ ရက် နံနက်ပိုင်းက နယ်မြေခံတပ်ဝင်းအတွင်း ပြုလုပ်သည်။

ရှေးဦးစွာ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသူများကို ပျိုးပင်များပေးအပ်ကြသည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာသည့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ စုစုပေါင်း ဦးရေ ၃၅၀ တို့က ဒေသနှင့်ကိုက်ညီသည့် ကျွန်း၊ ပိတောက်၊ ယမနေ၊ ရေသင်းဝင်၊ မဲဇလီစသည့် ပျိုးပင် ၃၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ်တွင် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက် နံနက်ပိုင်းက မြို့သစ်သီလရှင်ကျောင်းဝင်းအတွင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ မိုးမိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများကို ပျိုးပင်များပေးအပ်ကာ သတ်မှတ်နေရာအသီးသီးတွင် ပျိုးပင်များ စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ဒေသနှင့်ကိုက်ညီသော ကုံးကော်ပင် ၁၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း မိုးမိတ်မြို့နယ် သစ်တောဦးစီးဌာနမှ သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

## မြစ်ကြီးနားမြို့နှင့် မိုးကောင်းမြို့ထိ မြန်မာ့မီးရထား ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ရထားသံလမ်းများရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်း

**နေပြည်တော် ဇူလိုင် ၁**

ဒေသခံပြည်သူများ ကုန်စည်ပို့ဆောင်မှုနှင့် သွားလာမှုများအဆင်ပြေချောမွေ့စေရေးအတွက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် မိုးကောင်းမြို့ထိ မြန်မာ့မီးရထား ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ရထားသံလမ်းများရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းကို ဇွန် ၂၉ ရက်မှ ယနေ့ထိ မြစ်ကြီးနားမြို့ ဘူတာကြီးမှ မိုးကောင်းမြို့သို့သွားရောက်သည့် ရထားသံလမ်း ဝဲယာရှိ ချုံနွယ်ပေါင်းမြက်များကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ရထားသံလမ်းသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ မန္တလေးမြို့၊ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ယခင်ပြေးဆွဲလျက်ရှိသည်။ ထို့ကြောင့် ရထားပြေးဆွဲမှုမရှိသည်မှာ နှစ်အနည်းငယ်ကြာမြင့်ခဲ့



မြစ်ကြီးနားမြို့နှင့် မိုးကောင်းမြို့ထိ မြန်မာ့မီးရထား ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ရထားသံလမ်းများရှိ ချုံနွယ်ပေါင်းမြက်များကို နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ခုတ်ထွင်ရှင်းလင်းကြစဉ်။

သဖြင့် ရထားသံလမ်းများတွင် ချုံနွယ်ပေါင်းမြက်များနှင့် သံလမ်းပျက်စီးမှုများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ပြီး ပြန်လည်ပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

☆ ကျောဖုံးမှအဆက်

ကျောင်းသူများက Fitness Dance ဖြင့် သရုပ်ပြခြင်း၊ မြန်မာသိုင်းအားကစားအဖွဲ့ သရုပ်ပြခြင်း၊ တိုက်ကွမ်ဒိုအားကစားအဖွဲ့ သရုပ်ပြခြင်း၊ ဝူရှူးအားကစားအဖွဲ့သရုပ်ပြခြင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ အားကစား ၁၁ မျိုးဖြင့် သရုပ်ပြခြင်းများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာသူများက မန္တလေးတပ်နယ်အသင်းနှင့် ပြင်ဦးလွင်တပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။ အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းဖြင့် အုပ်စုလေးစုခွဲကာ ဇူလိုင် ၁၇ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ မင်းမန္တလာ(တပ်နယ်ဘောလုံးကွင်း)အားကစားကွင်းသည် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းကြီးဖြစ်ပြီး ပရိသတ် ၂၇၅၆ ဦး ကြည့်ရှုအားပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ် အမှတ်(၂) ရပ်ကွက်နေ ကျော်ကျော်လွင်သည် ၎င်းအသုံးပြုသည့် "Kyaw Kyaw Lwin" Facebook အကောင့်ဖြင့် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အင်ဒိုနီးရှားနိုင်ငံတွင် ငလျင်လှုပ်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးပြီး ၁၀ ဦးကျော် ဒဏ်ရာရရှိ



**ဂျကာတာ ဇူလိုင် ၁**

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် ဇွန် ၃၀ ရက် ညနေပိုင်းက ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူတစ်ဦးသေဆုံးပြီး ၁၀ ဦးကျော် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း အင်ဒိုနီးရှားသဘာဝဘေးအန္တရာယ် လျော့ပါးရေး အေဂျင်စီက ဇွန် ၃၀ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု ရိုက်တာသတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ငလျင်သည် ဂျာဗားကျွန်းအရှေ့ဘက် အနက် ၁၅ မိုင်ခန့်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် ခရီးသွားလုပ်ငန်းဖြင့် ကျော်ကြားသောယိုဂျာကာတာမြို့နှင့် အနီးပတ်ဝန်းကျင်မြို့များတွင် ငလျင်လှုပ်ခတ်မှုကို ပြင်းထန်စွာ ခံစားခဲ့ရပြီး အဆောက်အအုံတချို့ ပျက်စီးခဲ့ကာ လူ ၁၀ ဦးကျော် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ လူတစ်ဦးမှာ နှလုံးဖောက်၍သေဆုံးခဲ့ကြောင်း သိရသည်။

"ငလျင်လှုပ်ခတ်တာကြောင့် ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်တော့ မရှိပါဘူး။ သေဆုံးသူတစ်ယောက်က ငလျင်လှုပ်ခတ်တဲ့အချိန် နှလုံးရောဂါအခံကြောင့် အလွန်အမင်းကြောက်လန့်ပြီး နှလုံးဖောက်သေဆုံးခဲ့တာဖြစ်ပါတယ်"ဟု အင်ဒိုနီးရှား သဘာဝဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူမူဟာရီက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းအနီးတွင် ယခုနှစ် ဧပြီလအတွင်းကလည်း ၇ ဒသမ ၁ မဂ္ဂနီကျူရှိ အင်အားပြင်း ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ ဆူနာမီသတိပေးချက်ထုတ်ပြန်ခဲ့သဖြင့် ဒေသခံအများအပြားဘေးလွတ်ရာသို့ တိမ်းရှောင်ခဲ့ကြရကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် မတူညီသောကျောက်ချပ်လွှာများဖြင့် ဖွဲ့စည်းထားသော ပစိဖိတ်ဒေသမီးကွင်းဧရိယာပေါ်၌ တည်ရှိပြီး ကမ္ဘာပေါ်တွင် အတက်ကြွဆုံးမီးတောင် အမြောက်အမြားရှိရာ ဒေသတွင် တည်ရှိနေကြောင်း သိရသည်။

AZH

# အမေရိကန်နိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတွင် ပြင်းထန်သောအပူလှိုင်းများကြောင့် သေဆုံးသူ များပြားလျက်ရှိ

**ဝါရှင်တန် ဇူလိုင် ၁**

ကနေဒါနိုင်ငံဘက်မှ တောမီးများကြောင့် လေထုညစ်ညမ်းမှုဖြစ်ပွားမှုနှင့်အတူ ပြင်းထန်သောအပူလှိုင်းများကြောင့် အမေရိကန်နိုင်ငံတောင်ပိုင်းဒေသများနှင့် မက္ကဆီကိုနိုင်ငံနယ်စပ်ဒေသများတွင် သေဆုံးသူ များပြားလျက်ရှိကြောင်း သက်ဆိုင်ရာနိုင်ငံများ၏ အာဏာပိုင်များက ဇွန် ၃၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု WION သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဝက်ဘ်ကောင်တီတွင် ဇွန် ၂၈ ရက်ထိ သေဆုံးသူ စုစုပေါင်း ၁၁ ဦးဖြင့် အများဆုံးဖြစ်ကာ ကျန်သေဆုံးသူများမှာ အခြားပြည်နယ်များမှဖြစ်ပြီး ယခုလအတွင်း သေဆုံးသူ စုစုပေါင်း ၁၃ ဦး ရှိပြီဖြစ်ကြောင်း အာဏာပိုင်များက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံတွင် အပူချိန်မြင့်တက်မှု ဆိုးရွားလျက်ရှိပြီး တက္ကဆက်ပြည်နယ်၌ ယခုသီတင်းပတ်အတွင်း အပူချိန် ၄၈ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ နယ်စပ် မက္ကဆီကိုနိုင်ငံဘက်ခြမ်းတွင်လည်း အပူချိန်ဆက်တိုက်မြင့်တက်လျက်ရှိရာ ဇွန်လအတွင်း လူဦးရေ ၁၀၀ ကျော်သေဆုံးခဲ့ပြီး အပူနှင့်ဆက်စပ်သောရောဂါများကြောင့် လူဦးရေ ၁၀၀၀ ခန့်ကို အရေးပေါ်ကုသခဲ့ရကြောင်း၊ ၎င်းတို့ထဲမှ လူ ၁၀၄ ဦး သေဆုံးခဲ့ကြောင်း ဇွန် ၂၈ ရက်ထိ ထုတ်ပြန်ခဲ့သော ကိန်းဂဏန်းများအရ သိရသည်။

အပူချိန်မြင့်တက်မှုသည် မက္ကဆီကိုနိုင်ငံ အနောက်မြောက်ပိုင်းဒေသတွင် အခြေအနေပိုမိုဆိုးရွားလျက်ရှိပြီး ဆိုနိုရာပြည်နယ်တွင် ယခုသီတင်းပတ်အတွင်း အပူချိန် ၄၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုများနှင့်အတူ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဆိုးရွားသောရာသီဥတုအခြေအနေများဖြစ်ပေါ်ကာ အပူချိန်မြင့်တက်ရခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

AZH

# တောင်ကိုရီးယားနိုင်ငံတွင် ရေကြီးရေလျှံပြီး မြေပြိုကျမှုဖြစ်ပွားသဖြင့် ကလေးငယ်တစ်ဦးသေဆုံး

**ဆိုးလ် ဇူလိုင် ၁**

တောင်ကိုရီးယားနိုင်ငံ ယောင်ဂျူးဒေသ အရှေ့တောင်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံပြီး မြေပြိုကျမှုဖြစ်ပွားသဖြင့် အသက်တစ်နှစ်အရွယ် ကလေးငယ်တစ်ဦးသေဆုံးကာ ဒေသခံအမြောက်အမြားဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း ST သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မြေပြိုကျမှုကြောင့် ဒေသခံတချို့ နေအိမ်အတွင်းပိတ်မိနေခဲ့ပြီး ဒေသခံလူကိုးဦးကို အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရကြောင်း၊ တောင်ကိုရီးယားမီးသတ်တပ်ဖွဲ့က ဒေသခံများကို အရေးပေါ် ဘေးလွတ်ရာရွှေ့ပြောင်းပေးရေးအတွက် မော်တော်ယာဉ်အစီး ၄၀ ထိ အသင့်ပြင်ဆင်ထားပြီး မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၁၁၀ က ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြေပြိုကျမှုကြောင့် သေဆုံးခဲ့သောကလေးငယ်ကို အရေးပေါ်အခြေအနေဖြင့် ဆေးရုံသို့ပို့ဆောင်ပေးခဲ့သော်လည်း ဆေးရုံတွင် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ကယ်ဆယ်ရေးအဖွဲ့အစည်းက အတည်ပြုခဲ့သည်။

"ယောင်ဂျူးဒေသမှာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မြေပြိုကျမှုတွေလဲဖြစ်ပေါ်ခဲ့ပါတယ်။ ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုတွေကြောင့် ဒေသခံ အယောက် ၃၅၀ ထက်မနည်း ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပါတယ်။ မြေပြိုကျမှုကြောင့် နေအိမ်အတွင်းပိတ်မိနေတဲ့ဒေသခံကိုးယောက်ကို အန္တရာယ်ကင်းစွာနဲ့ ကယ်ထုတ်ပေးနိုင်ခဲ့ပါတယ်။ မြေပြိုကျမှုကြောင့် အသက်တစ်နှစ်အရွယ် ကလေးငယ်တစ်ယောက် သေဆုံးသွားပါတယ်။ အချိန်မီ ဆေးရုံကို ပို့ဆောင်ပေးနိုင်ခဲ့ပေမဲ့ ဒဏ်ရာပြင်းထန်တဲ့အတွက် ဆေးရုံမှာပဲ သေဆုံးသွားခဲ့ပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နေဆဲဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းအတွက် ကယ်ဆယ်ရေးဝန်ထမ်း အယောက် ၁၁၀ ထိ အသုံးပြုထားပါတယ်"ဟု ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ခိုင်းဆက်**



# ကနေဒါနိုင်ငံ ကယ်ဂါရီမြို့တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွား

**အော့တဝါ ဇူလိုင် ၁**

ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ် ကယ်ဂါရီမြို့တွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားနေသဖြင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း အယ်ဘတ်တာပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CTV News သတင်းဌာနက ဇွန် ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းအားကောင်းသည့်အတွက်ကြောင့် သစ်ပင်ကြီးတချို့လဲကျကာ လမ်းပိတ်ဆို့မှုများလည်း ဖြစ်ပေါ်နေပြီး ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးတချို့ရေလွှမ်းမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ မိုးသည်းထန်စွာရွာသွန်းပြီး မိုးသီးများကျရောက်မှုကြောင့် နေအိမ်တချို့ပျက်စီးခဲ့ကာ ရေလွှမ်းနေသော လမ်းမကြီးတချို့ကိုလည်း ယာယီပိတ်ထားကြောင်း အယ်ဘတ်တာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ကယ်ဂါရီမြို့မှာ မုန်တိုင်းတိုက်ခတ်တာကြောင့် ဒေသခံတချို့ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်။ ရေဘေးအန္တရာယ်ကြောင့် လမ်းမကြီးတချို့ ပိတ်ဆို့မှုတွေဖြစ်ပေါ်နေသလို မုန်တိုင်းအားကောင်းတဲ့အတွက် သစ်ပင်ကြီးတချို့ လဲကျမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ သစ်ပင်ကြီးတွေလဲကျတာကြောင့်လဲ လျှပ်စစ်မီးပြတ်တောက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ လမ်းမကြီးတချို့ကိုလဲ ယာယီပိတ်ထားရတယ်။ မိုးရွာသွန်းမှုအပြင် မိုးသီးတွေလဲကျရောက်ခဲ့တဲ့အတွက် ပျက်စီးဆုံးရှုံးမှုတွေရှိခဲ့ပါတယ်။ လမ်းမကြီးတော်တော်များများရေလွှမ်းနေပြီးတော့ မော်တော်ကားတွေ သွားလာဖို့ခက်ခဲတဲ့အခြေအနေဖြစ်ပါတယ်။ ကယ်ဂါရီမြို့အပြင် အိမ်နီးချင်းမြို့တွေဖြစ်တဲ့ မောင့်ဂိုမာရီမြို့၊ ဟဲဟက်မြို့၊ ကာပီတိုဟီမြို့တွေမှာလဲ ရေကြီးရေလျှံမှုဖြစ်ပေါ်နေပါတယ်"ဟု အယ်ဘတ်တာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **ခိုင်းဆက်**

# အီကွေဒေါနိုင်ငံတွင် အယ်လ်နီညိုရာသီဥတုကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အခက်တွေ့နေ

**ကွီတို ဇူလိုင် ၁**

အီကွေဒေါနိုင်ငံတွင် အယ်လ်နီညိုရာသီဥတုကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အခက်တွေ့နေကြောင်း အီကွေဒေါ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ITV သတင်းဌာနက ဇွန် ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများအခက်တွေ့နေသဖြင့် တောင်သူများအတွက် အစိုးရက ငွေကြေးပံ့ပိုးမှုများပြုလုပ်ပေးသွားရန်စီစဉ်လျက်ရှိကြောင်း၊ သို့သော်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် အခက်အခဲရှိလာခြင်းမှာ နိုင်ငံ၏ဝင်ငွေကိုလည်း ထိခိုက်စေလာသည့်အတွက် အစိုးရအနေဖြင့် တောင်သူများအား လုံလောက်သည့်ပံ့ပိုးမှုများ ပြုလုပ်ပေးရန်မှာ ခက်ခဲနေပြီး နိုင်ငံတကာ၏အကူအညီကို ရယူသွားရန် ပြင်ဆင်နေကြောင်း အီကွေဒေါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

အီကွေဒေါ အာဏာပိုင်အဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ အယ်လ်နီညို ရာသီဥတုကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများထိခိုက်လာခြင်းမှာ အစိုးရထံမှ ချေးငွေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသူများအတွက် ကြွေးမြီ ပြန်လည်ပေးဆပ်ရန် အခက်အခဲများလည်းရှိနေကြောင်း သိရသည်။

အီကွေဒေါအစိုးရက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ကနဦးငွေကြေးပံ့ပိုးပေးမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၂၆၆ သန်းထိ သုံးစွဲသွားမည်ဖြစ်ပြီး နိုင်ငံတကာ၏ အကူအညီကို ရရှိလာပါက ငွေကြေးပံ့ပိုးမှုများကို တိုးမြှင့်ပေးနိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ဘဏ္ဍာရေး ဝန်ကြီးဌာနက အယ်လ်နီညိုရာသီဥတုနှောင့်ယှက်မှုများကြောင့် ဘဏ္ဍာရေးကျပ်တည်းလာသဖြင့် သဘာဝဘေးဒဏ်သင့်ပြည်သူများကို ပံ့ပိုးပေးနိုင်ရေးအတွက် International Monetary Fund(IMF) အဖွဲ့အစည်းထံ အကူအညီတောင်းခံသွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ခင်ဦးမြို့နယ်တွင် ယခုနှစ်၌ ဆီထွက်သီးနှံ ၄၆၅၁၉ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၆၅၁၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၁၀၃၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြေပဲ ၄၆၄၄၃ ဧက၊ နေကြာ ၇၆ ဧက စုစုပေါင်း ၄၆၅၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“မနှစ်ကတော့ ခင်ဦးမြို့နယ်မှာ ဆီထွက်သီးနှံစိုက်ပျိုးမှုက ရာသီဥတုကောင်းမွန်တဲ့အတွက် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာလဲ ဆီထွက်သီးနှံ ၄၁၀၃၄ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ၄၆၅၁၉ ဧက စိုက်ပျိုးပြီးပြီ။ ဆီထွက်သီးနှံ စိုက်ပျိုးမှုကတော့ တိုးတက်မှုရှိပါတယ်။ စားသုံးဆီဖူလုံဖို့နဲ့ ဆီထွက်သီးနှံတိုးတက်ဖို့အတွက် ဆောင်ရွက်နေပါတယ်”ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မြေပဲ ၄၀၂၄၄ ဧက၊ နေကြာဧက ၇၉၀ စုစုပေါင်း ၄၁၀၃၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခင်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ဆီထွက်သီးနှံ ၄၁၀၃၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် ဧပြီလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဆီထွက်သီးနှံ ၄၈၀၀၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆီထွက်သီးနှံများစိုက်ပျိုးမည့်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ၂၀၂၂ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ဆီထွက်သီးနှံ ၅၀၈၇၉ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဆီထွက်သီးနှံ ၄၇၂၄၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# သာပေါင်းမြို့နယ် အောင်တပ်ကျေးရွာတွင် စံပြလယ်ယာကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**သာပေါင်း ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေဖြင့် အောင်တပ်ကျေးရွာတွင် စံပြလယ်ယာကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇွန် ၃၀ ရက်က မြို့နယ်တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးနိုင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်နွယ်၊ တာဝန်ခံအင်ဂျင်နီယာတို့က အောင်တပ်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အောင်တပ်ကျေးရွာတွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၃၅ ဒသမ ၉၃၆ သန်းဖြင့် စံပြလယ်ယာကုန်ထုတ်လမ်း အရှည် ခြောက်ဖာလုံ၊ အကျယ် ၁၅ ပေ၊ အမြင့်နှစ်ပေ မြေသားခင်းခြင်းနှင့်အမြင့်ကိုးလက်မ ဂဝံခင်းခြင်းလုပ်ငန်း၊ အရှည် ငါးပေ၊ အကျယ် ၁၅ ပေနှင့် အမြင့် ငါးပေရှိ Box Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် Nine Elephant Group ကုမ္ပဏီက မေလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး၏ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။ **ချစ်ဦးကို**



# ထားဝယ်မြို့၌ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်းဆင်း

**ထားဝယ် ဇူလိုင် ၁**

တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်းဆင်းပွဲကို ဇွန် ၃၀ ရက် ညနေ ၄ နာရီက ထားဝယ်မြို့ အဆိုပါ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲခေါင်က ဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ခု၊ ကုမ္ပဏီတစ်ခု စသည်တို့၏ချမှတ်ထားသော မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်အတွက် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအားလုံးက Human Resource Management သင်တန်းခေါင်းစဉ်များကို သိရှိနားလည်လိုက်နာကျင့်ကြံဆောင်ရွက်ရမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်ခြင်းဖြင့် Productive Workplace ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် သင်ကြားပို့ချသည့် သင်ခန်းစာများအပေါ် သိရှိရုံမဟုတ်ဘဲ လိုက်နာကျင့်ကြံဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းယုက လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု သင်ခန်းစာ၊ ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ဖြင့် ဇွန် ၂၈ ရက်မှ ၃၀ ရက်ထိ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ တနင်္သာရီတိုင်းဒေသကြီး၊ ခရိုင်လေးခရိုင်၊ မြို့နယ် ၁၀ မြို့နယ်တို့မှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၃ ဦး တက်ရောက်ကြကြောင်း တိုင်းဒေသကြီး ဦးစီးမှူး ဦးရဲခေါင်ထံမှ သိရသည်။ **မင်းမြင့်မိုရ်**

## အမျိုးသမီးဂုဏ်ရည် စာပန်းချီ

\- ရွှေမြန်ပြည် အတိတ်သမိုင်းက
နိုင်းတုမဲ့ ကေရီ၊
ရာမည‌နယ် အပိုင်စား
ထင်ရှားဂုဏ်ရည်၊
သာသနာ့အရှည်တည်
ဝေစည်အောင် ဆောင်ရွက်ပေး၊
“ရှင်စောပု” ခေါ် သူ့နာမ
ထူးလှတယ်လေး။

\- “ရှင်ငြိမ်းမယ်” သူ့သတင်း
အိုင်ချင်းက သက်သေတည်၊
အမျိုးသမီးတွေ “စိတ်နေမြင့်”ဖို့
စာဆင့်မှာသည်၊
ကျေးလက်ဘဝ သိရန်ရည်
အပီအပြင် ကဗျာဖွဲ့၊
စာဆိုဂုဏ် သူ့အလှ
အံ့ရပါရဲ့။

\- အိုပယ်တွေ ဒုက္ခမရောက်ဖို့
စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်ကျော်၊
ရိပ်သာတွေ တည်ဆောက်ပေးလို့
ကျွေးမွေးသူပျော်၊
ကိုယ်ကျိုးအတွက် တွေးမမျှော်
ထင်ပေါ်လို့ ဂုဏ်ရည်ရွှန်း၊
လူအိုရုံ မိခင်မြတ်လို့
ဂုဏ်ဒြပ်မယွင်း သတင်းဝေ
မြန်ပြည်နေ သည်မိန်းမသားက
ဘွား “ဒေါ်ဦးဇွန်း”။

\- အမျိုးသမီးရယ် အမျိုးသားလို့
မခွဲခြားဘဲ ဖွဲ့စိတ်တည်၊
တို့နိုင်ငံ ပြည်အကျိုး
သယ်ပိုးခဲ့သည်၊
အမျိုးသမီးတို့ ဂုဏ်ရည်
စာပန်းချီ ခြယ်သရေး၊
ကမ္ဘာတစ်ခွင်
မာတာသခင် ဂုဏ်အလှ
သင်းမြမြမွှေး။ ။

**စိုင်းနေဝန်း(ဟုမ္မလင်း)**


**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ပြည်ထောင်စုသားတို့၏ နှလုံးသားပုံရိပ် အမျိုးသားပြတိုက်

**ဘုန်းရဲနိုင်(ဂန့်ဂေါ်)**



အမျိုးသားပြတိုက်အတွင်းရှိ ဒွါရပါလနတ်ရုပ်များကို တွေ့ရစဉ်။

မိမိတို့အမျိုးအနွယ်၏သမိုင်းစဉ်ကို ပညာရေးဌာနက ပြဋ္ဌာန်းထားသော သမိုင်းစာပေများ သင်ကြားခြင်းနှင့် ကိုယ်တိုင်လေ့လာခြင်းတို့ဖြင့် သိရှိနိုင်သည်။ ကိုယ်တိုင်လေ့လာရာ၌ အချိန်တိုတို၊ တစ်နေရာတည်း၊ ပြည့်ပြည့်စုံစုံသိရှိရန် လေ့လာလိုသူများအတွက်မူ အမျိုးသားပြတိုက်(နေပြည်တော်)ကို ညွှန်ပြလိုသည်။ ပုဂံခေတ်ဝတ်စားဆင်ယင်မှုအကြောင်း လေ့လာရန် အမျိုးသားပြတိုက်(နေပြည်တော်)သို့ ရောက်ရှိလေ့လာခဲ့သည်မှ မိမိတို့နိုင်ငံသားတိုင်း မရောက်မဖြစ် လေ့လာသင့်သည့် နေရာတစ်ခုဖြစ်ကြောင်း သိရှိခဲ့ရသည်။

အမျိုးသားပြတိုက်(နေပြည်တော်)သို့ ရောက်ရှိစဉ်အခိုက်အတန့်တွင် စာရေးသူလေ့လာဖြစ်ခဲ့သည်များကို ကိုယ်တိုင်လာရောက်နိုင်ခြင်းမရှိသေးသော စာဖတ်သူတို့ သိရှိနိုင်ရန်အတွက် ဝေမျှလိုသည်။ အမျိုးသားပြတိုက် (နေပြည်တော်)၏ တစ်ဖက်တစ်ချက်စီတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)နှင့် အမျိုးသားမော်ကွန်းတိုက်(နေပြည်တော်)တို့ ဆက်စပ်တည်ရှိနေသည်။ ကုမုဒြာကြာပန်းအဝိုင်းမှ အင်ကြင်းပန်းအဝိုင်းကိုဖြတ်လျက် ဗုဒ္ဓဂယာ (နေပြည်တော်) သို့ သွားရောက်နိုင်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိရာ ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်းကြီးပေါ်တွင် တည်ရှိနေသဖြင့်လည်း လွယ်လင့်တကူသွားရောက်နိုင်သည့်နေရာပင်ဖြစ်သည်။

သပြေကုန်းအဝိုင်းဘက်မှလာလျှင်မူ ကုမုဒြာကြာပန်းအဝိုင်းသို့ အလွယ်တကူသွားရောက်နိုင်ပြီး ကုမုဒြာကြာပန်းအဝိုင်းမှ အရှေ့ဘက်၊ လက်ယာဘက်လမ်းကိုလိုက်မည်ဆိုပါက မြန်မာနိုင်ငံနှင့် ရွှေရောင်တဝင်းဝင်းတောက်ပနေသည့် မြို့တော်နေပြည်တော်၏ ဂုဏ်ကျက်သရေဆောင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ခြေတော်ရင်းသို့ ရောက်ရှိဖူးမြော်နိုင်ကြမည်ဖြစ်သည်။ ဘယ်ဘက်လမ်းသို့လိုက်မည်ဆိုပါက အဝိုင်းငယ်တစ်ခုကိုဖြတ်ပြီး ဗိုလ်ရှုသဘင်ကွင်းပရာလမ်းကျယ်ကြီးနှင့် ၎င်းအလွန် လမ်းဘယ်ဘက်တွင် ပြည်ထောင်စုအဆင့် လွှတ်တော်အစည်းအဝေးများကျင်းပရာ လွှတ်တော်အဆောက်အအုံများကို ဂုဏ်ကျက်သရေရှိစွာ တွေ့မြင်ခွင့်ရကြမည်ဖြစ်သည်။ ကြာပန်းအဝိုင်းမှ အတည့်ဖြတ်ပြီး မြောက်ဘက်ရာဇသင်္ဂဟလမ်းအတိုင်း လိုက်လာမည်ဆိုပါက လမ်းဘယ်ဘက် မီတာနှစ်ထောင်ခန့်အကွာ၌ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)နှင့် ဆက်စပ်တည်ရှိနေသည့် အမျိုးသားပြတိုက် (နေပြည်တော်)သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိကြမည်ဖြစ်သည်။

အမျိုးသားပြတိုက်(နေပြည်တော်)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ဖွင့်လှစ်ထားရှိခြင်းဖြစ်သည်။ ပထမဆုံး စာရေးသူလေ့လာခဲ့သည့်ပြခန်းမှာ **ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း**ဖြစ်သည်။ ၎င်းပြခန်းတွင် ပုံတောင်ကျောက်လွှာစုနှင့် ဧရာဝတီကျောက်လွှာစုတို့မှတွေ့ရှိရသည့် တိရစ္ဆာန်တို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ အပင်ဆိုင်ရာ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ မြန်မာနိုင်ငံ၌ တွေ့ရှိရသည့် ကျောက်ဖြစ်ရုပ်ကြွင်းပြကွက်တို့ကို ပြသထားသည်။ နိုင်ငံတကာမှ မနုဿဗေဒပညာရှင်များက မြန်မာနိုင်ငံ၌ တွေ့ရှိရသည့် လူတူပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများသည် ကမ္ဘာတွင်အစောဆုံးဖြစ်ကြောင်း၊ လက်ခံသဘောတူထားကြောင်း သိရသည်။

ဒုတိယအဖြစ် **သမိုင်းမတင်မီခေတ်ပြခန်း**ကို လေ့လာခဲ့သည်။ သမိုင်းမတင်မီခေတ်ပြခန်းတွင် ပြဒါးလင်းဂူပုံစံတူ၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်လက်နက်များ၊ မြေအိုး၊ မြေခွက်များ၊ အဆင်တန်ဆာများအပြင် ကြေးခေတ်ယဉ်ကျေးမှုထွန်းကားခဲ့သည့် ပျော်ဘွယ်မြို့နယ် ကြို့ကုန်းတူးဖော်မှု ပုံစံတူပြကွက်များကို ခင်းကျင်းပြသထားသည်။

တတိယအဖြစ် **သမိုင်းတင်ခေတ်ဦးပြခန်း(ဘီစီ ၂ ရာစုမှ အေဒီ ၉ ရာစုထိ)** ကို လေ့လာခဲ့သည်။ ၎င်းပြခန်းတွင် ပျူခေတ်မြို့ပြနိုင်ငံငယ်များ၏ မြို့ဟောင်းပုံစံငယ်များအပါအဝင် မြန်မာနိုင်ငံရှိ ရှေးဦးမြို့ပြနိုင်ငံများ၏ ပုံစံငယ်များ၊ ထေရဝါဒဗုဒ္ဓဘာသာနှင့် ဖြုဟ္မဏအယူဝါဒဆိုင်ရာ ဆင်းတု၊ ရုပ်တုများ၊ အရိုးအိုးများ၊ အိုးခွက်အသုံးအဆောင်များ၊ ရွှေ၊ ငွေအဆင်တန်ဆာများ၊ ကျောက်နှင့်မြေပုတီးများ၊ ဒင်္ဂါးများ၊ အုပ်ချပ်များ၊ ကျောက်စာများကို ခင်းကျင်းပြသထားသည်။

စတုတ္ထအဖြစ် **သမိုင်းတင်ခေတ်ဦးပြခန်း(အေဒီ ၁၁ ရာစုမှ အေဒီ ၁၄ ရာစုထိ)** ကို လေ့လာခဲ့သည်။ ၎င်းပြခန်းတွင် ပုဂံခေတ်အထင်ကရ ဘုရား၊ စေတီ၊ ပုထိုးများဖြစ်သည့် အာနန္ဒာ၊ သဗ္ဗညု၊ ဓမ္မရံကြီးတို့၏ စကေးကိုက်ပုံစံငယ်များ၊ ဆင်းတုတော်များ၊ စဉ့်ပန်းများ၊ အင်္ဂတေပန်းများ၊ အုတ်ခွက်များ၊ ပုဂံခေတ်လက်မှုအနုပညာလက်ရာများ၊ ဗိသုကာဆိုင်ရာလက်ရာများနှင့် နံရံဆေးရေးပန်းချီပုံများပါရှိသည့် ပုံစံတူလက်ရာများကို ခင်းကျင်းပြသထားသည်။

ပဉ္စမအဖြစ် **သီဟာသနပလ္လင်ပြခန်း**ကို လေ့လာခဲ့သည်။ ၎င်းပြခန်းတွင် မြန်မာဘုရင်များအသုံးပြုခဲ့သည့် ပလ္လင်အမျိုးအစားများစွာအနက် အကြီးဆုံးနှင့် အမြင့်မြတ်ဆုံး ပလ္လင်အမျိုးအစားဖြစ်သည့် သီဟာသနပလ္လင်ကြီးကို မူရင်းပုံစံအတိုင်း ခင်းကျင်းပြသထားသည်။ ထို့ပြင် လက်ဝဲမင်းခမ်းတော်ပစ္စည်း ၁၈ ခု၊ လက်ယာမင်းခမ်းတော်ပစ္စည်း ၁၇ ခုနှင့် မင်းခမ်းတော်မဟုတ်သောပစ္စည်းများ ၂၁ ခု စုစုပေါင်း ၅၆ ခုကို ပုံစံပြုလုပ်၍ မြန်မာမင်းများလက်ထက် နန်းတွင်းအသုံးအဆောင်များကို လေ့လာသိရှိနိုင်ကြစေရန် ပြသထားခြင်းဖြစ်ကြောင်း သိရသည်။

ဆဋ္ဌမအဖြစ် **မြန်မာ့ပန်းချီပြခန်း** ကို လေ့လာခဲ့သည်။ ၎င်းပြခန်းတွင် မြန်မာ့ပန်းချီ ဆင့်ကဲဖြစ်ပေါ်လာပုံ၊ ပြဒါးလင်းဂူအတွင်းရှိ ကျောက်ခေတ်နံရံပန်းချီပုံစံတူများ၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ် နံရံပန်းချီများ၊ ပုရပိုက်ပန်းချီများ၊ ရှေးခေတ်ပန်းချီဆရာကြီးများ၏ ပန်းချီလက်ရာများနှင့် ခေတ်ပြိုင်ပန်းချီကားများကို ခင်းကျင်းပြသထားသည်။

သတ္တမအဖြစ် **မြန်မာ့အနုသုခုမပြခန်း**ကို လေ့လာခဲ့သည်။ ၎င်းပြခန်းတွင် ခေတ်အဆက်ဆက် တူရိယာပုံများ၊ မြန်မာ့ဆိုင်းဝိုင်း၊ "ကြေး၊ ကြိုး၊ သရေ၊ လေ၊ လက်ခုပ်" အစရှိသည့် တူရိယာပစ္စည်းများ၊ တိုင်းရင်းသားများ၏ အမှတ်တံဆိပ်သင်္ကေတများ၊ တူရိယာပစ္စည်းများ၊ ရုပ်သေးရုပ်များ၊ မြန်မာ့ဇာတ်သဘင်ရှင်းလင်းချက်များ၊ ဇာတ်စင်များ၊ ရာမယနခေါင်းဆောင်းများကို ခင်းကျင်းပြသထားသည်။

အဋ္ဌမအဖြစ် **မြန်မာ့လက်မှုအနုပညာပြခန်း** ကို လေ့လာခဲ့သည်။ ၎င်းပြခန်းတွင် မြန်မာတို့၏ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားလှသည်ကို မျက်ဝါးထင်ထင် တွေ့ရှိခွင့်ရခဲ့သဖြင့် ဂုဏ်ယူမဆုံးဖြစ်ခဲ့ရသည်။ "ပန်းပဲ၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းရန်၊ ပန်းပု၊ ပန်းတမော့၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းယွန်း"လက်ရာမွန်များကို မြန်မာ့ရိုးရာပန်းဆယ်မျိုးပညာရပ်ဖွင့်ဆိုချက်များနှင့်အတူ ခင်းကျင်းပြသထားသည်။ ထို့ပြင် ရိုးရာချည်ထည်နှင့် အချိတ်ဒီဇိုင်းများ၊ ရွှေဆိုင်းနှင့်ရွှေချည်ထိုးပြုလုပ်ပုံအဆင့်ဆင့်၊ အင်းလေးကြာချည်ရက်လုပ်ငန်းမှ ရက်လုပ်သည့် ကြာချည်သင်္ကန်းနှင့် ကြာချည်ပုဝါ၊ မှန်စီရွှေချ ယွန်းဆွမ်းအုပ်များ၊ စဉ့်ထည်လုပ်ငန်းနှင့် ရိုးရာရက်ကန်းရက်လုပ်ပုံတို့ကို ပြသထားသည်။

**❖ မိမိအမျိုးအနွယ်နှင့် အမိနိုင်ငံတော်၏ သမိုင်းဖြစ်စဉ်မှန်၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် စိတ်နေစိတ်ထားတို့ကို ပြီးပြည့်စုံစွာသိရှိထားမှသာလျှင် မိမိအမျိုးအနွယ်နှင့် အမိနိုင်ငံတော်အပေါ်၊ မိမိတို့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအပေါ် တန်ဖိုးထားမြတ်နိုးစိတ်၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုစိတ်များ တစ်နည်းအားဖြင့် အတူနေ မိမိတို့တိုင်းရင်းသားမျိုးနွယ်စုများကို ကာကွယ်စောင့်ရှောက်လိုစိတ်များ တိုးပွားရှင်သန်လာကြမည်ဖြစ်သည်။ ❖**

နဝမအဖြစ် **အာဆီယံပြခန်း**ကိုလေ့လာခဲ့သည်။ ၎င်းပြခန်းတွင် အာဆီယံနိုင်ငံများအကြောင်း လေ့လာသိရှိနိုင်စေရန်၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို သိရှိလေ့လာထားခြင်းဖြင့် ဒေသတွင်းနိုင်ငံများ၏ လူမှုအသိုက်အဝန်းကြား ချစ်ကြည်ရင်းနှီးမှုရရှိစေရန် ရည်ရွယ်ချက်ဖြင့် ခင်းကျင်းပြသထားခြင်းဖြစ်ကြောင်း သိရသည်။ အာဆီယံနိုင်ငံများ၏ ရိုးရာဝတ်စုံနှင့် တူရိယာများ၊ အာဆီယံအမှတ်တံဆိပ်၊ အာဆီယံ Landmark များ၊ အာဆီယံနိုင်ငံများ၏ အမျိုးသားပန်းများနှင့် ရိုးရာအစားအစာများကို ရုပ်လုံးရုပ်ကြွများ၊ ရှင်းလင်းချက်များဖြင့် ပြသထားသည်။

ဒသမအဖြစ် **ကလေးသူငယ်ပြခန်း**ကို လေ့လာခဲ့သည်။ ၎င်းပြခန်းတွင် ကလေးသူငယ်ပညာပေးထားသည့် သဘာဝသမိုင်း၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုတို့ကို ကလေးသူငယ်များ လွယ်ကူစွာနားလည်သိရှိနိုင်စေရန်နှင့် ကလေးတို့၏ စူးစမ်းလေ့လာလိုစိတ်ကို မြှင့်တင်ပေးရန်ရည်ရွယ်လျက် စကြာဝဠာနှင့် တိုက်ကြီးများကိုလေ့လာခြင်း၊ ကမ္ဘာဦးတိရစ္ဆာန်များနှင့် အပင်များကိုလေ့လာခြင်း၊ ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင်များ၊ ရှေးခေတ် လက်နက်ကိရိယာများ၊ ရှေးခေတ်လူနေမှုဘဝ၊ မြန်မာ့ရိုးရာလက်မှုပညာများ၊ မြန်မာ့ရိုးရာအားကစားနည်းများ၊ မြန်မာ့ရိုးရာပွဲတော်များ ဆင်နွှဲကျင်းပကြပုံကို ရုပ်လုံးရုပ်ကြွများဖြင့် ပြသထားသည့်အပြင် လက်တွေ့ဆောင်ရွက်ပြသနိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိခဲ့ရသည်။

ဥတ္တရသီရိမြို့နယ် ကုမုဒြာကြာပန်းအဝိုင်းအနီး ရာဇသင်္ဂဟလမ်းမကြီးပေါ်တွင် တည်ရှိသော အမျိုးသားပြတိုက်(နေပြည်တော်)သည် ၃၅ ဒသမ ၁၉ ဧက ကျယ်ဝန်းသည့် ခေတ်မီ ကွန်ကရစ်တစ်ထပ်အဆောက်အအုံဖြစ်သည်။ ၂၀၁၀ ပြည့်နှစ် ဇွန် ၃ ရက်တွင် ပန္နက်ချစတင်တည်ဆောက်ပြီး အဆောင် A,B,C,D နှင့် E ဟူ၍ စုစုပေါင်းအဆောင် ငါးဆောင်တွင် အခန်းပေါင်း ၁၁ ခန်းဖြင့် ဖွဲ့စည်းပြသထားသည်။ ဆက်လက်တိုးချဲ့ပြသမည့် အစီအစဉ်သစ်များ လုပ်ဆောင်လျက်ရှိကြောင်းလည်းသိရှိခဲ့ရသည်။ တနင်္လာနေ့နှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီ မိနစ် ၃၀ မှ ညနေ ၄ နာရီ မိနစ် ၃၀ ထိ ပြတိုက်ဖွင့်လှစ်လျက်ရှိသည်။ ပြတိုက်ဝင်ကြေးကို "သံဃာ၊ သီလရှင်၊ ကျောင်းသား"များကို အခမဲ့၊ လူကြီးတစ်ဦးလျှင် ငွေကျပ် ၅၀၀၊ နိုင်ငံခြားသားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။ အဖွဲ့လိုက်လေ့လာလိုသူများအနေဖြင့် ပြတိုက်တာဝန်ခံ ဖုန်း ၀၆၇၄၁၈၄၃၂ သို့ ကြိုတင်ညှိနှိုင်းစုံစမ်းနိုင်ကြောင်း သိရှိခဲ့ရသည်။

မိမိအမျိုးအနွယ်နှင့် အမိနိုင်ငံတော်၏ သမိုင်းဖြစ်စဉ်မှန်၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် စိတ်နေစိတ်ထားတို့ကို ပြီးပြည့်စုံစွာသိရှိထားမှသာလျှင် မိမိအမျိုးအနွယ်နှင့် အမိနိုင်ငံတော်အပေါ်၊ မိမိတို့ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအပေါ် တန်ဖိုးထားမြတ်နိုးစိတ်၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုစိတ်များ တစ်နည်းအားဖြင့် အတူနေ မိမိတို့တိုင်းရင်းသားမျိုးနွယ်စုများကို ကာကွယ်စောင့်ရှောက်လိုစိတ်များ တိုးပွားရှင်သန်လာကြမည်ဖြစ်သည်။ သို့ပါ၍ အမျိုးသားပြတိုက်(နေပြည်တော်)သည် အနာဂတ်နိုင်ငံတော်၏ စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ နှလုံးအိမ်၌ ဝံသာနုရက္ခိတ အမျိုးစောင့်တရားများ တိုးပွားရှင်သန်နေကြစေရန်အတွက် လူတိုင်းကိုယ်စီ မရောက်မဖြစ်သွားရောက်လေ့လာကြရမည့် နေရာတစ်ခုပင်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်ရေးသားလိုက်ရပါသည်။

**ကိုးကား**

**– အမျိုးသားပြတိုက်(နေပြည်တော်)၏လက်ကမ်းစာစောင်နှင့် ကိုယ်တိုင်တွေ့ဆုံမေးမြန်းချက်**

# ယခုဘဏ္ဍာနှစ်တွင် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော်ရရှိအောင် ဆောင်ရွက်နေ



**နေပြည်တော် ဇူလိုင် ၁**

ယခုဘဏ္ဍာနှစ်တွင် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၂၀ ကျော်ရရှိအောင် လျာထားဆောင်ရွက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသတင်းများအရ သိရသည်။

တမူးနယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်သွယ်ရေးပိုင်ငွေရရှိအောင်ဆောင်ရွက်နိုင်သည့် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်ပြီး တမူးနယ်စပ်ကုန်သွယ်ရေးစခန်းသည် ၂၀၂၁-၂၀၂၂ မိနီဘတ်ဂျက်ကာလတွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၉၉ သန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပို့ကုန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၈၆ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၁၃ ရရှိခဲ့သဖြင့် ကုန်သွယ်ရေးပိုင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၇၃ သန်း ရရှိခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၃၉၁ သန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ရာ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၀၁၈ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၇၃ သန်း ရရှိခဲ့သဖြင့် ကုန်သွယ်ရေးပိုင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၄၅ သန်းရရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ယခုဘဏ္ဍာနှစ်တွင် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၄ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၂၀ ဒသမ ၅ သန်းရရှိအောင် လျာထားဆောင်ရွက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# လင်းခေးမြို့နယ် ပန်ကျိုင်းကျေးရွာ၌ အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**လင်းခေး ဇူလိုင် ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်ကျိုင်းကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးတွင် အထောက်အကူပြုနိုင်ရန်၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မျိုးထောင်ပေးရန် ရည်ရွယ်ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲကို ဇွန် ၃၀ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က သင်တန်းတွင် သင်ကြားပို့ချခဲ့သည့် ဘာသာရပ်များအပေါ် သိရှိရုံမဟုတ်ဘဲ လက်တွေ့နယ်ပယ်တွင် မိသားစုဝင်ငွေတိုးပွားအောင် လုပ်ကိုင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်က သင်တန်းနှင့်စပ်လျဉ်း၍ သင်တန်းသူများအနေဖြင့် အလုပ်အကိုင်ဆောင်ရွက်ရန် အရင်းအနှီးလိုအပ်ပါက တင်ပြတောင်းခံနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ စက်ချုပ်သင်တန်းကို လင်းခေးမြို့နယ် ပန်ကျိုင်းကျေးရွာမှ သင်တန်းသူစုစုပေါင်းဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက အင်္ကျီချုပ်နည်းအမျိုးမျိုးနှင့် လုံချည်ချုပ်နည်းအမျိုးမျိုးကို ဇွန် ၁ ရက်မှ ၃၀ ရက်ထိ တစ်လကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်က ပြောပြ၍ သိရသည်။

**အေးသူ**

# ကောလင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ဧက ၄၂၄၀ ရိတ်သိမ်းပြီးစီး

**ကောလင်း ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ဧက ၄၂၄၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ဧက ၄၂၄၀ ကို ယခုနှစ် မေလကစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ နွေစပါး ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါနွေစပါးများ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှ ၈၄ ဒသမ ၇၃ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် ကောလင်းခရိုင်မှာ နွေစပါးဧက ၆၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့တာ ဧက ၄၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိတွင် စိုက်ပျိုးထားတဲ့ နွေစပါးတွေ ရိတ်သိမ်းပြီးစီးပြီ။ နွေစပါးစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး အထွက်နှုန်းကောင်းဖို့ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။



ကောလင်းခရိုင်တွင် နွေစပါးရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၃၈၁၅ ဧက၊ ဝန်းသိုမြို့နယ်တွင် ၄၂၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် နွေစပါးစိုက်တောင်သူများအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲရန်၊ စီးပွားမျိုးများစိုက်ပျိုးကြရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သရက်မြို့နယ်၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သရက် ဇူလိုင် ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကွမ်းအုံကျေးရွာအုပ်စု ကွမ်းအုံကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၃၀ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ပြောကြားသည်။

ထို့နောက် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကွမ်းအုံကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် အုတ်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က ပြောပြ၍ သိရသည်။

**ခင်မာ**

# ရမည်းသင်းမြို့နယ် ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရမည်းသင်း ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးပြည့်စုံဦးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ပြောကြားသည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ခင်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၃၄ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၇ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၁ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၆၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ပလတ်စတစ်များ တွင်ကျယ်စွာအသုံးပြုလာမှုအကြောင်း တစေ့တစောင်း

ပလတ်စတစ်များသည် ပိုလီမာကို အဓိကပါဝင်ပစ္စည်းအဖြစ် အသုံးပြုသည့် အလုံးစုံဓာတု သို့မဟုတ် တစ်စိတ်တစ်ပိုင်း ဓာတုပစ္စည်းများဖြစ်သည်။ ပလတ်စတစ်သည် ၎င်းတို့ကို လိုသလိုပုံသွင်းခြင်း၊ ထုခွဲခြင်း သို့မဟုတ် ပုံသဏ္ဌာန်အမျိုးမျိုးရှိသော အစိုင်အခဲအရာဝတ္ထုများအတွင်းသို့ ဖိခြင်းဖြင့် ပလတ်စတစ်ပစ္စည်းများဖြစ်လာစေသည်။ ပလတ်စတစ်ထုတ်ကုန်များသည် လိုက်လျောညီထွေရှိမှု၊ ပေါ့ပါးမှု၊ တာရှည်ခံမှု၊ လိုက်လျောညီထွေဖြစ်စေရန်နှင့် ထုတ်လုပ်ရန်ဈေးမကြီးသောကြောင့် ၎င်းတို့ကို ကျယ်ပြန့်စွာအသုံးပြုကြခြင်းဖြစ်သည်။ ပလတ်စတစ်များကို ပုံမှန်အားဖြင့် စက်မှုစနစ်များဖြင့် ပြုလုပ်ကြသည်။ ခေတ်မီပလတ်စတစ်အများစုသည် သဘာဝဓာတ်ငွေ့ သို့မဟုတ် ရေနံကဲ့သို့ ရုပ်ကြွင်းလောင်စာကိုအခြေခံသော ဓာတုပစ္စည်းများမှ ထုတ်လုပ်ကြသည်။

ပလတ်စတစ်အမျိုးအစား အမျိုးမျိုးဖြင့်ပြုလုပ်ထားသော အိမ်သုံးပစ္စည်းများကို ၁၉၅၀ ပြည့်နှစ်ကတည်းက သုံးလာကြခြင်းဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ပလတ်စတစ်တန်ချိန် ၉ ဒသမ ၂ ဘီလီယံကို ထုတ်လုပ်ခဲ့သည်ဟု ခန့်မှန်းရသည်။ အထက်တွင်ဖော်ပြခဲ့သော ပလတ်စတစ်တန်ချိန်များထဲမှ ထက်ဝက်ကျော်ကို ၂၀၀၄ ခုနှစ်မှ စတင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင်မူ ပလတ်စတစ်တန်ချိန် သန်း ၄၀၀ ထိ ထုတ်လုပ်ခဲ့သည်။ ပလတ်စတစ်ဝယ်ယူမှုများတိုးလာပါက ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့ပလတ်စတစ်ထုတ်လုပ်မှုသည် တန်ချိန် သန်း ၁၁၀၀ ကျော်ရှိလာမည်ဟု ခန့်မှန်းရသည်။

၂၀ ရာစုအစောပိုင်းတွင် စတင်ခဲ့သော ပလတ်စတစ်များ၏ အောင်မြင်မှုနှင့် ကြီးစိုးမှုသည် သဘာဝဂေဟစနစ်များ၌ ၎င်းတို့၏ ဆွေးမြည့်မှုနှုန်းနှေးကွေးခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများစွာကို ဖြစ်စေခဲ့သည်။ စွန့်ပစ်ပလတ်စတစ်အများစုကို ပြန်လည်အသုံးမပြုဘဲ အမှိုက်ပုံများတွင် စွန့်ပစ်ခြင်းများသည် ပလတ်စတစ်ညစ်ညမ်းမှုများအဖြစ် ပတ်ဝန်းကျင်၌ ဆက်လက်တည်ရှိနေစေသည်။ ပလတ်စတစ်ညစ်ညမ်းမှုကို ကမ္ဘာ့ရေထုအားလုံးတွင် အဓိကအားဖြင့် တွေ့ရှိနိုင်သည်။ ဥပမာအားဖြင့် ကမ္ဘာ့သမုဒ္ဒရာများအားလုံးတွင် အမှိုက်များဖြစ်ပေါ်ပါက ကုန်းနေ၊ ရေနေ ဂေဟစနစ်များကို ညစ်ညမ်းစေပါသည်။ ယခုအချိန်ထိ စွန့်ပစ်လိုက်သော ပလတ်စတစ်များအနက် ၁၄ ရာခိုင်နှုန်းခန့်ကိုသာ ဖျက်ဆီးနိုင်ခဲ့ပြီး ၁၀ ရာခိုင်နှုန်းအောက်ကိုသာ ပြန်လည်အသုံးပြုနိုင်သဖြင့် ကျန်ပလတ်စတစ်များသည် ညစ်ညမ်းမှုများအဖြစ် ဆက်လက်ရှိနေသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ထုတ်လုပ်ထားသော ပလတ်စတစ်၏ သုံးပုံတစ်ပုံခန့်ကို ထုပ်ပိုးရာတွင် အသုံးပြုကြသည်။ အခြားအသုံးပြုမှုများအနေဖြင့် မော်တော်ယာဉ်များ၊ ပလတ်စတစ်ထုတ်ကုန်များ၊ ပရိဘောဂနှင့် အရုပ်များပါဝင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပလတ်စတစ်အသုံးပြုမှုသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားနိုင်သည်။ အိန္ဒိယနိုင်ငံသည် ၄၂ ရာခိုင်နှုန်းကို အစားအစာထုပ်ပိုးမှုတွင် အသုံးပြု



သည်။ ကမ္ဘာတစ်ဝန်းတွင် လူတစ်ဦးလျှင် ပလတ်စတစ် အသုံးပြုမှုသည် တစ်နှစ်လျှင် ၅၀ ကီလိုဂရမ်ခန့် ထုတ်လုပ်နေရပြီး ၁၀ နှစ်ကြာတိုင်း ထုတ်လုပ်မှုနှစ်ဆတိုးလာသည်။

ကမ္ဘာပေါ်တွင် ပလတ်စတစ်များကို ထုတ်ကုန်ထုပ်ပိုးရာနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ၌လည်းကောင်း၊ ပိုက်များတွင်သုံးသည့် Polyvinyl Chloride (PVC) ကဲ့သို့ အမျိုးမျိုးသော ပလတ်စတစ်အမျိုးအစားများတွင်လည်းကောင်း အသုံးပြုလျက်ရှိသည်။

**ပလတ်စတစ်လုပ်ငန်း**

ပလတ်စတစ်လုပ်ငန်းတွင် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှု၊ ပေါင်းစည်းမှုနှင့် ပလတ်စတစ်ထုတ်ကုန်များ ရောင်းချခြင်းတို့ပါဝင်သည်။ အရှေ့အလယ်ပိုင်းဒေသများနှင့် ရုရှားနိုင်ငံတို့သည် ပလတ်စတစ်ထုတ်လုပ်ရန် လိုအပ်သော ရေနံဓာတုကုန်ကြမ်းအများစုကို ထုတ်လုပ်သော်လည်း ပလတ်စတစ်ထုတ်လုပ်မှုသည် ကမ္ဘာ့အရှေ့နှင့် အနောက်နိုင်ငံတို့တွင် ပိုမိုများပြားသည်။ ပလတ်စတစ်လုပ်ငန်းတွင် ကဏ္ဍများစွာပါသည်။

**ထုတ်လုပ်မှု**

ပလတ်စတစ်လုပ်ငန်းသည် ၁၉၅၀ ပြည့်နှစ်ကျော်ကစပြီး ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုအနေဖြင့် တစ်နှစ်လျှင် တန်ချိန် သန်း ၄၀၀ ထိ တိုးမြင့်လာခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် မက်ထရစ်တန် ၃၈၁ သန်းထိ တစ်ဟုန်ထိုးမြင့်တက်လာခဲ့သည်။ ၁၉၅၀ ပြည့်နှစ်မှစ၍ ထုပ်ပိုးရေး၊ အဆောက်အအုံဆောက်လုပ်ရေးနှင့် အခြားကဏ္ဍများတွင် ပလတ်စတစ်အသုံးပြုမှု အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့သည်။

ပလတ်စတစ်များကို ရေနံဓာတုပစ္စည်းများဖြင့် အခြေခံထုတ်လုပ်သည်။ ထိုကဲ့သို့ ပလတ်စတစ်ထုတ်သောစက်ရုံများသည် ပုံမှန်အားဖြင့် ကြီးမားပြီး ကျယ်ပြန့်သော ပိုက်လိုင်းများ လည်ပတ်နေသည့်အတွက် ရေနံချက်စက်ရုံများနှင့် အလားသဏ္ဌာန်တူသည်။ သို့သော် ပလတ်စတစ်ထုတ်လုပ်မှုကို အထူးလက်ဝါးကြီးအုပ်ထားခြင်းမရှိသေးဘဲ ကုမ္ပဏီပေါင်း ၁၀၀ ခန့်သည် ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။ ၎င်းတွင် ပုဂ္ဂလိကနှင့် အစိုးရပိုင်လုပ်ငန်းများ ရောနှောပါဝင်ပါသည်။ ထုတ်လုပ်မှုအားလုံး၏ ထက်ဝက်ခန့်သည် အရှေ့အာရှတွင်ရှိပြီး တရုတ်သည် အကြီးဆုံးသော တစ်ခုတည်းသော ထုတ်လုပ်သူဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ကမ္ဘာလုံးဆိုင်ရာ ပလတ်စတစ်ထုတ်လုပ်မှုစစ်တမ်းများကို ရာခိုင်နှုန်းဖြင့် ဖော်ပြရလျှင်-

- တရုတ် ၃၁ ရာခိုင်နှုန်း၊
- ဂျပန် သုံးရာခိုင်နှုန်း၊
- ကျန်အာရှ ၁၇ ရာခိုင်နှုန်း၊
- North American Free Trade Agreement (NAFTA ) မှ ၁၉ ရာခိုင်နှုန်း၊
- လက်တင်အမေရိက လေးရာခိုင်နှုန်း၊
- ဥရောပ ၁၆ ရာခိုင်နှုန်း၊
- Commonwealth of Independent States (CIS)မှ သုံးရာခိုင်နှုန်း၊
- အရှေ့အလယ်ပိုင်းနှင့် အာဖရိက ခုနစ်ရာခိုင်နှုန်း စသည်ဖြင့်အသီးသီးဖြစ်ကြသည်။

သမိုင်းကြောင်းအရ ဥရောပနှင့် မြောက်အမေရိကတို့သည် ကမ္ဘာလုံးဆိုင်ရာ ပလတ်စတစ်ထုတ်လုပ်မှုကို လွှမ်းမိုးထားသည်။ သို့သော်လည်း ၂၀၁၀ ပြည့်နှစ်မှစ၍ အာရှသည် အရေးပါသော ထုတ်လုပ်သူဖြစ်လာခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံသည် ပလတ်စတစ်ထုတ်လုပ်မှုစုစုပေါင်း၏ ၃၁ ရာခိုင်နှုန်းရှိလာသည်။ ပလတ်စတစ်ထုတ်လုပ်မှုပမာဏ၏ ဒေသဆိုင်ရာ ကွာခြားချက်များသည် သုံးစွဲသူများ၏ ဝယ်လိုအား၊ ရုပ်ကြွင်းလောင်စာသိုလှောင်မှုဈေးနှုန်းနှင့် ရေနံဓာတုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် အမေရိကန်တွင် ၂၀၁၀ ပြည့်နှစ်မှစတင်၍ ကုန်ကြမ်းစရိတ်သက်သာစွာဖြင့် သုံးနိုင်သော ပလတ်စတစ်နှင့် ဓာတုစက်ရုံအသစ်များတွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ကျော် ရင်းနှီးမြှုပ်နှံခဲ့သည်။

ဥရောပသမဂ္ဂ (EU) တွင်လည်း တစ်နှစ်လျှင် ယူရို ဘီလီယံ ၃၆၀ ကျော်ဖြင့် လူပေါင်း ၁ ဒသမ ၆ သန်းခန့်ကို အလုပ်ခန့်ထားသည့် ပလတ်စတစ်လုပ်ငန်းတွင် ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့သည်။ တရုတ်နိုင်ငံတွင် ၂၀၁၆ ခုနှစ်က ပလတ်စတစ်ထုတ်လုပ်သည့် ကုမ္ပဏီပေါင်း ၁၅၀၀၀ ကျော်ရှိပြီး ဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ ၃၆၆ ဘီလီယံကျော်ရရှိခဲ့သည်။ ဤသို့ဖြင့် ပလတ်စတစ်များသည် ကမ္ဘာ့နေရာ အတော်များများတွင် တစ်စတစ်စ နေရာဝင်ယူလာပြီး ပလတ်စတစ်ညစ်ညမ်းမှုများ ပေါ်ကြွယ်လာရခြင်းဖြစ်ကြောင်း ဗဟုသုတအနေဖြင့် ရေးသားအပ်ပါသည်။

**ကိုးကား**

- **Plastics by Wikipedia**

မေဇင်ထွန်း

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၄၀၉၃၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၄၀၉၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၀၃၈၇၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ဇွန် ၂၉ ရက်ထိ ၄၀၉၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ် ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ သီးနှံစုံ ဧက ၁၀၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၄၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်စိုက်ပျိုးနေကြပါတယ်။ ဒီနှစ်မှာ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးသွားမှာပါ"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်အတွင်း ယခုနှစ် သီးနှံစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ဖူးစားပြောင်း ၄၁၂ ဧက၊ ထန်းဧက ၂၀၈၀၊ ကွမ်းသီး ၁၀ ဧက၊ ကွမ်းရွက် ၂၇ ဧက၊ ပရဆေး (လျှော်ဖြူ) ၅၇၉ ဧက၊ ငှက်ပျော ၂၆၃ ဧက၊ အုန်း ၁၄၄ ဧက၊ ဟင်းသီးဟင်းရွက် ၆၁၂၃ ဧက၊ သစ်သီးပင်ဧက ၂၈၉၀၊ နဂါးမောက် လေးဧက၊ ကြံ၊ နွားစာ ၂၅၉၅၃ ဧက၊ အခြားသီးနှံ ၂၄၀၁ ဧက၊ နှာနတ်လျှော် ၁၄ ဧက၊ ချဉ်ပေါင်လျှော် ၃၃ ဧက စုစုပေါင်း ၄၀၉၃၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခင်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက စစ်ကိုင်းမြို့နယ်တွင် သီးနှံစုံ ၁၁၀၆၂၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ ဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်များ လက်တွေ့ပြသ ဆောင်ရွက်ပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲရေး၊ ပိုးမွှားရောဂါမကျရောက်အောင် ကာကွယ်ရေးနည်းလမ်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

# သူငယ်ချင်းသုံးယောက်

မင်္ဂလာပါ သားသားမီးမီးတို့ရေ။ ဦးဦး ဒီတစ်ပတ်ပြောပြမဲ့ပုံပြင်လေးကတော့ သူငယ်ချင်းသုံးယောက်လို့ အမည်ရတယ်ကွယ်။ ဟိုးရှေးရှေးတုန်းက တောအုပ်ကြီးအတွင်းမှာ ပညာရှိဇီးကွက်တစ်ကောင်နေသတဲ့ကွယ်။ တစ်နေ့မှာတော့ ပညာရှိဇီးကွက်ကြီးထံ ဒေါင်းငှက်ကလေးရောက်လာပြီး ပညာရှိဇီးကွက်ကြီးကို ပညာတွေသင်ပေးဖို့၊ တပည့်ခံခွင့်ပြုဖို့ တောင်းဆိုသတဲ့။ သိပ်မကြာပါဘူး။ ကျီးငှက်ကလေးနဲ့ သိန်းငှက်ကလေးကလဲ ပညာရှိဇီးကွက်ကြီးထံမှာ ပညာတွေသင်ပြီး တပည့်ခံခွင့်ပြုဖို့ တောင်းဆိုသတဲ့။ ပညာရှိဇီးကွက်ကြီးကလဲ ဒေါင်းငှက်၊ ကျီးငှက်၊ သိန်းငှက်ကလေးတွေကို တပည့်အဖြစ်လက်ခံလိုက်တယ်ကွယ်။ ပညာရှိဇီးကွက်ကြီးဟာ တပည့်သုံးယောက်စလုံးကို ဆရာစားမချန်ဘဲ အားလုံးညီတူ ပညာတွေကို သင်ကြားပေးတယ်ကွယ်။ တပည့်သုံးယောက်ဟာလဲ ပညာရှိဇီးကွက်ကြီးသင်ပေးသမျှကို လိုက်နာပြီး သင်ယူသတဲ့။ ဒါ့ပြင် ပညာရှိဇီးကွက်ကြီးစားဖို့၊ သောက်ဖို့အပြင် နေရာထိုင်ခင်းကအစ ပြုစုလုပ်ကျွေးသတဲ့။ တစ်နေ့မှာတော့ ပညာရှိဇီးကွက်ကြီး မရှိတဲ့အချိန်မှာ ဒေါင်းငှက်၊ ကျီးငှက်နဲ့ သိန်းငှက်တို့ဟာ ပျော်ရွှင်စွာကစားနေတာပေါ့။ အဲဒီအချိန်မှာ ဒေါင်းငှက်က "ဟော့ကောင်တွေ ငှက်တွေထဲမှာ ငါတို့ဒေါင်းငှက်တွေက အလှဆုံးကွ။ ကခုန်တဲ့နေရာမှာလဲ သူများနဲ့မတူ တစ်မူထူးပြီး လှတာနော်။ လူတွေကတောင် ငါတို့အလှကို သဘောကျတာကွ ဟဲဟဲ"

ဒေါင်းငှက်လေးဟာ မိမိလှပကြောင်းကို ပြောပြီး ရယ်နေသတဲ့ကွယ်။ ထိုအခါ ကျီးငှက်က-

"ဟားဟား မင်းအဲဒီလိုပြောကြေးဆိုရင် ငါတို့ကျီးငှက်တွေကလဲ ကိုယ့်အမျိုးကို ချစ်တဲ့အရာမှာ စံတင်ထားတာကွ။ ဘာအလုပ်ပဲလုပ်လုပ် ညီညွတ်တယ်၊ သွေးစည်းတယ်၊ စည်းလုံးတယ်ကွ ဟဲဟဲ"

ကျီးငှက်လေးကလဲ ရယ်မောပျော်ရွှင်စွာ ပြောလိုက်သတဲ့ကွယ်။ ထိုအခါ သိန်းငှက်က-

"အေး မင်းတို့ကတောင် မင်းတို့ရဲ့ဂုဏ်ကို ထုတ်ဖော်ပြောသေးတာ ငါလဲပြောရမှာပေါ့ကွ။ ငါတို့သိန်းငှက်တွေက အစာရှာရာမှာ လုံ့လရှိတယ်။ အားကြီးတယ်။ ငါ့ကိုကြည့်လေကွာ သန်မာတဲ့အတောင်၊ ကြီးမားလှတဲ့ ငါ့ရဲ့ခြေသည်းတွေက



သားကောင်ကို ရအောင်ဖမ်းနိုင်တယ်။ မယုံရင် ငါ့ကိုကြည့်ကွာ ဟားဟား"

ဒေါင်းငှက်၊ ကျီးငှက်နဲ့ သိန်းငှက်တို့စကားပြောနေချိန်မှာ သစ်ပင်ကိုကွယ်ပြီးကြည့်နေတဲ့ မြေခွေးတစ်ကောင်ရှိသတဲ့ကွယ်။ သူတို့ပြောနေကြတာကိုလဲ အကုန်ကြားသတဲ့။ ဒေါင်းငှက်၊ ကျီးငှက်နဲ့ သိန်းငှက်တို့ ကစားပြီး ကိုယ့်နေရာနဲ့ကိုယ် နားနေတဲ့အချိန် မြေခွေးက ဒေါင်းငှက်လေး နားတဲ့နေရာကိုသွားပြီး ဒေါင်းကလေးကို "အဆွေဒေါင်းငှက်သင်ဟာ ကမ္ဘာပေါ်မှာ အလှဆုံးလို့ကြားဖူးတယ်။ ကတဲ့နေရာမှာလဲ တော်တယ်နော်။ ငါမြင်ဖူးချင်လိုက်တာ"လို့ ပြောသတဲ့။ အဲဒီအခါ ဒေါင်းငှက်လေးက သစ်ပင်ပေါ်မှာ အမြီးလေးကိုဖြန့်ပြီး ကပြတယ်ကွယ်။ ထိုအခါ မြေခွေးက "ငါသေချာမမြင်ရလို့ မြေပေါ်ကိုဆင်းပြီး ကပြပါလား ဒေါင်းလေးရယ်"လို့ ပြောပြန်တယ်။ အဲဒီအချိန် ဒေါင်းငှက်လေးဟာ မြေပေါ်ကိုဆင်းပြီး ကပြသတဲ့။ ဒေါင်းငှက်လေးကနေချိန် ကောက်ကျစ်တဲ့မြေခွေးက ဒေါင်းငှက်လေးရဲ့လည်မျိုကို ကိုက်ချီပြီး တောအုပ်ထဲကို ပြေးတယ်ကွယ်။ မြေခွေးက ဒေါင်းငှက်ကိုကိုက်ချီပြီးပြေးတာ ကျီးငှက်ကလေး မြင်သွားသတဲ့။ အဲဒီအခါ ကျီးငှက်လေးဟာ သိန်းငှက်ရှိရာကို အလျင်အမြန်သွားပြီး ပြောတာပေါ့။ အဲဒီလိုပြောနေချိန် မြေခွေး ဘယ်နေရာရောက်နေမှန်း ကျီးငှက်လေးလဲ မသိတော့ဘူးပေါ့။ ဒါနဲ့ ကျီးငှက်လေးက "အာ အာ"လို့အော်လိုက်တော့ အခြားကျီးတွေရောက်လာတယ်။ အဲဒီအချိန် ကျီးငှက်လေးက မြေခွေး ဒေါင်းငှက်လေးကို ဘယ်နေရာချီသွားကြောင်း မေးမြန်းတယ်ကွယ်။ မြင်တဲ့ကျီးငှက်က ပြောပြလို့ နောက်ကလိုက်ကြသတဲ့။ သိန်းငှက်လဲ အနားမှာပါတာပေါ့။ လိုက်ရင်းလိုက်ရင်း မျက်ခြည်ပြတ်သွားချိန် ကျီးကလေးက အော်ပြန်သတဲ့။ အခြားကျီးတွေရောက်လာပြီး မြေခွေးသွားရာကို ပြောပြတာပေါ့။ အဲဒီလိုနဲ့ နောက်ဆုံး မြေခွေးကိုတွေ့သွားတာပေါ့။ မြေခွေးဟာ ဒေါင်းငှက်လေးကို အသေသတ်ဖို့ဟန်ပြင်လိုက်စဉ်မှာပဲ သိန်းငှက်ဟာ ဘာကိုမှမစဉ်းစားဘဲ အတောင်ကို အားကုန်ခတ်ပြီး မြေခွေးရဲ့မျက်နှာကို ခြေသည်းတွေနဲ့ကုတ်၊ အတောင်တွေနဲ့ရိုက်သတဲ့။ မြေခွေးဟာ သိန်းငှက်ရဲ့ခြေသည်းတွေကြောင့် မျက်လုံးနှစ်ဖက်စလုံးကန်းပြီး တောထဲကို ထွက်ပြေးသွားတယ်ကွယ်။ ဒေါင်းငှက်လေးဟာ မိတ်ဆွေသူငယ်ချင်းတွေဖြစ်တဲ့ ကျီးငှက်နဲ့ သိန်းငှက်ရဲ့အကူအညီကြောင့် အသက်ဘေးကနေ လွတ်လာခဲ့တယ်ကွယ်။ သူငယ်ချင်းသုံးယောက်ဟာ မိမိရဲ့မျိုးရိုးဂုဏ်ကို ထုတ်မကြွားတော့ဘဲ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်နဲ့ ပညာရှိဇီးကွက်ကြီးထံမှာ ပညာတွေကို ဆက်လက်သင်ကြားသတဲ့ကွယ်။ ပုံပြင်လေးကတော့ ပြီးပါပြီ။ သားသားမီးမီးတို့ရေ။ သားသားမီးမီးတို့လဲ သူငယ်ချင်းသုံးယောက်ပုံပြင်ထဲကလို ပညာသင်ယူနေချိန်မှာ ဆင်းရဲ၊ ချမ်းသာမခွဲခြားဘဲ သူငယ်ချင်းတွေနဲ့အတူ ပညာကို ကြိုးကြိုးစားစား ပျော်ပျော်ရွှင်ရွှင် သင်ယူကြပါလို့ တိုက်တွန်းလိုက်ပါတယ်ကွယ်။

**မောင်ပုည(ဟသ်ာတမြေ)**

## စိုက်ခင်းငယ်လေး

◆ အိမ်နောက်ဖေးက စိုက်ခင်းငယ်
ဟင်းရွက်စုံလင်တယ်၊
ဖရုံ၊ ပဲနွယ်၊ ခဝဲများ
စုပေါင်းစိုက်လို့ထား။

◆ ငရုတ်၊ သခွား၊ ရုံးပတီ
စားလို့မကုန်ပြီ၊
အိမ်နောက်ဖေးဆီ စျေးတည်ထား
စိုက်ခင်းငယ်လေးများ။ ။

**မယ်မင်း၈(စေရာ)**



## မိုးဦးညှိုသည်

◆ မိုးဦးကျတော့ ရေတွေလျှံ
အိုးအွမ်အိုးအွမ်ညံ၊
သူ့ရဲ့အသံ ကြားလေရ
မိုးဦးရဲ့အစ။

◆ အချိန်တန်က ပြန်ကြတယ်
မိုးရာသီညှို့သည်၊
ဖားလေးတွေရယ် မိုးရွာထဲ
တေးဆိုနေကြဆဲ
အိုးအွမ်အိုးအွမ်ပဲ။ ။

**မောင်မောင်လှရွှေ(ကန့်ဘလူ)**






အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက်
Customs Duty များပေးဆောင်ရာတွင်
MMM Service အသုံးပြု၍
လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

Myanmar Mobile Money (MMM) ကိုအသုံးပြု၍
အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။






ဝန်ထမ်းလစာ/ပင်စာ လစာထုတ်ပေးခြင်း ၊ ငွေသွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card ပေးခြင်း ၊ Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း ၊ လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း ၊ ပြည်ပငွေလွှဲ (ထိုင်း) ၊ ဈေးဝယ်ခြင်း

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


## ဝန်ထမ်းအလိုရှိသည်

- **အရောင်းစာရေးမ (5) ဦး**
  အခြေခံပညာအထက်တန်းအဆင့် အနည်းဆုံးရှိရမည်။
  လုပ်ငန်းအတွေ့အကြုံ (1)နှစ် ရှိရမည်။
  အသက် (18 ~ 25) ကြား
- **Driver ကျား (5) ဦး**
  အခြေခံပညာအထက်တန်းအဆင့် အနည်းဆုံးရှိရမည်။
  လုပ်ငန်းအတွေ့အကြုံ (3)နှစ် ရှိရမည်။
  အသက် (25 ~ 30) ကြား
- **ဂိုဒေါင်(ကုန်တင်/ကုန်ချ) ကျား (5) ဦး**
  အခြေခံပညာအလယ်တန်းအဆင့် အနည်းဆုံးရှိရမည်။
  အသက် (18 ~ 25) ကြား

ဆက်သွယ်ရန်- 09-795870998, 09-970970832 (Viber) သို့ CV Form ပေးပို့၍ လျှောက်ထားနိုင်ပါသည်။

## အမည်ပြောင်း

မြစ်ငယ်မြို့ ဒိုဘီကုန်း မူလတန်းလွန်ကျောင်း Grade-3 မှ မသိမ့်နဒီအောင် (ဘ) ဦးဝဏ္ဏထွန်း+ဒေါ်ဝေဝေသန်း အား မအေးသူသူ ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မအေးသူသူ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒေါက်တာကျော်ကျော်
## ညွှန်ကြားရေးမှူး(ငြိမ်း) ဆေးသုတေသနဦးစီးဌာန
## အသက်(၆၅)နှစ်

မန္တလေးမြို့နေ ဒေါ်တင်မြတ်မော် ၏ခင်ပွန်း၊ ကိုကောင်းထက်ကျော်၊ ဒေါက်တာပြည့်ဖြိုးကျော် + မအေးမြတ်သန္တာကျော် တို့၏ဖခင်ဖြစ်သူ ဒေါက်တာကျော်ကျော် အသက်(၆၅)နှစ် သည် ၃၀-၆-၂၀၂၂ ရက်တွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၁-၇-၂၀၂၂ ရက်တွင် အေးရိပ်ငြိမ် သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျွဲနဖာကျေးရွာနေ ဦးလှမျိုး-ဒေါ်ဆွေဇင်ဝင်း တို့၏ သားဖြစ်သူ **မောင်ကျော်ရမျိုး(၉/ပသက(နိုင်) ၁၁၅၁၆၄)**သည် ဖခင်အား ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း၊ ညီအစ်ကိုမောင်နှမများအား ကြိမ်းမောင်းခြင်းများ ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားနှင့် ညီအစ်ကိုမောင်နှမအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးလှမျိုး+ဒေါ်ဆွေဇင်ဝင်း**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊အမရပူရမြို့နယ်၊မြင်တော်ရွာ၊ အ. မ. က(မြင်တော်)တွင် အထွေထွေလုပ်သားတာဝန်ထမ်းဆောင်နေသော ကျွန်မ ဒေါ်ခင်စန်းတင် (ဘ)ဦးလှဒင်(၉/အမရ(နိုင်)၀၇၉၃၄၄)၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၇-၁၉၆၅ ဖြစ်ပါကြောင်း။ **၄-၇-၁၉၆၅**

## ပျောက်ဆုံးကြောင်း

တံတားဦးမြို့၊ သစ်တော်ဖျား(မ)ရွာနေ နေခြည်ဦး (ဘ) ဦးထွန်းဝင်း (၉/တတဉ(နိုင်)၁၆၅၈၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-009897) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၅၅၀၆၄၆၅၉**

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်၊ ရွာစည်(တ)ရွာနေ မောင်ခိုင်ဇော်ထူး (ဘ) ဦးစိန်မောင် (၉/မခန(နိုင်)၂၁၀၇၀၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-260503) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၈၇၅၃၁၈၀၂**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်–၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ် –၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် –၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြားငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့်အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ တပ်မတော်အနေဖြင့် မည်သည့်ခေတ်၊ မည်သည့်အစိုးရပင်ဖြစ်စေ ပြည်သူသာအမိ၊ ပြည်သူသာအဖဟုခံယူပြီး နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်နေသူ(**Guardian**) အနေဖြင့် အစဉ်အမြဲဆက်လက်တည်ရှိနေမည်ဖြစ် . . .

**(တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၃)တွင်ဆွေးနွေးမှုမှ ကောက်နုတ်ချက်)**

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မင်းမန္တလာ(တပ်နယ်ဘောလုံးကွင်း)အားကစားကွင်းဖွင့်ပွဲ၊ တိုင်းမှူးဒိုင်း(အမျိုးသား၊ အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲများပြုလုပ်



**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများက မင်းမန္တလာ(တပ်နယ်ဘောလုံးကွင်း)အားကစားကွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။**

**နေပြည်တော် ဇူလိုင် ၁**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မင်းမန္တလာ (တပ်နယ်ဘောလုံးကွင်း)အားကစားကွင်းဖွင့်ပွဲနှင့် ၂၀၂၃ ခုနှစ်တိုင်းမှူးဒိုင်း (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက မင်းမန္တလာ(တပ်နယ်ဘောလုံးကွင်း) အားကစားကွင်း၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးကအမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မင်းမန္တလာ(တပ်နယ်ဘောလုံးကွင်း)အားကစားကွင်းကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ နိုင်ငံကျော်အဆိုရှင်များက တေးဂီတများဖြင့်ဖျော်ဖြေ၍ ကျောင်းသား၊ ကျောင်းသူများက ပန်းဖွားအက၊ ဘင်ခရာတီးဝိုင်းတို့ဖြင့် သရုပ်ပြခြင်း၊ **စာမျက်နှာ ၂၃ ကော်လံ ၄** ☆

